www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com







# ဆူမြတ်မွန်မွန်




စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







The greatest humbugs of life are three.
FAME , WEALTH and POWER .

လူ့ဘဝမှာ အတုအယောင်ကြီး သုံးခုပဲ ရှိပါတယ်။
အဲဒါတွေကတော့ ကျော်ကြားမှု၊ ချမ်းသာကြွယ်ဝ
မှုနဲ့ အာဏာတို့ပါ။

www.burmeseclassic.com

www.burmeseclassic.com







အရှေ့က စကားပုံလေးကို ကျွန်တော်လည်း ကြားဖူးပါသည်။ လူ့ဘဝမှာ ကျော်ကြားမှု၊ ချမ်းသာကြွယ်ဝမှုနဲ့ အာဏာတို့က အတုအယောင်ကြီးသုံးခု ဆိုလျှင် အဲဒီအရာတွေနောက်မှာ ကျွန်တော့်ရဲ့ဘဝကိုလည်း အဆစ်ထည့်ရမည်ဟု ထင်သည်။

အခုချိန်မှာ ဘယ်ဘဝက ကျွန်တော့်အတွက် အစစ်အမှန်ဆိုတာ မခွဲခြားတတ်တော့။ သေချာတာတော့ ကျွန်တော့်ဘဝကြီးဟာ အတုအယောင်ပဲဖြစ်သည်။ တစ်ခါတလေမှာ အတုအယောင်ဆိုတာကို လက်မခံချင်ပေ။ ကျွန်တော် ကိုယ်တိုင်တောင် လက်မခံနိုင်မှတော့ တခြားဘယ်သူကမှလည်း လက်ခံနိုင်မှာမဟုတ်။ တရုတ်သုခမိန်ကြီး ပေါင်ချိန် မေးသလို "ဒီလိုကိစ္စမျိုးတွေ ရှိသလား"ဟု ကိုယ့်ကိုယ်ကိုယ်ပဲ အကြိမ်ကြိမ် ပြန်မေးနေခဲ့ရသည်။ လူက မဖြေနိုင်ပေမယ့် ခန္ဓာကိုယ်ကတော့ဖြေသည်။ သူများတွေ



www.burmeseclassic.com

www.burmeseclassic.com



အတွက်တော့မသိ။ ကျွန်တော့် အတွက်ကတော့ ဒီဇိုက်ကိုစွမျိုး တကယ်ရှိခဲ့ပါသည်။

**နေခြည်လင်းပိုင်**





## ၁

ကျွန်တော့်ဘဝအကြောင်းကို နည်းနည်းလောက် ပြောပြရမည်ဆိုလျှင် အဖေနဲ့အမေအကြောင်းက စပြောရမည်ဟု ထင်သည်။ ကျွန်တော့်မှာ ညီအစ်ကိုမောင်နှမ မရှိပါ။ အဖေနဲ့အမေ အတွက် ကျွန်တော်သည် တစ်ဦးတည်းသောသား ဖြစ်သည်။ မှတ်မှတ်ရရ ကျွန်တော် လူမှန်းသူမှန်း သိတတ်စအရွယ်တည်းက အဖေနဲ့အမေတို့ရဲ့ ပဋိပက္ခတွေ ပြင်းထန်ခဲ့ပြီဖြစ်သည်။ ကျွန်တော့်ရဲ့ ကလေးအတွေးစိတ်တွင် အဖေနဲ့အမေ ဘာကြောင့်များ ရော်ခဏခဏဖြစ်ရသလဲဆိုတာ ဘယ်လိုမှ မတွေးတတ်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခြောက်တန်းနှစ်လောက်မှာ အဖေနဲ့အမေ ကွဲသွားပါသည်။ ရုပ်ရှင်တွေ ဗီဒီယိုတွေထဲကလို အမေက ကျွန်တော့်လက်ကို ဖွတ်ဆွဲမခေါ်ပါ။ ထားခဲ့သည့်သဘောမှာတောင် ရှိပါသည်။ အဲဒီတုန်းက အမေ ပြောသွားသော စကားတစ်ခွန်းကို အခုချိန်ထိ ကျွန်တော် မှတ်မိနေတုန်းပဲဖြစ်သည်။

"မိန်းမတွေကို ညအိပ်ဖော်လောက်သာ အသုံးဝင်တယ် ထင်တဲ့ယောကျ်ား ...။ ဒီကလေးတစ်ယောက်ကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် ရှင် ဘယ်လို ပြုစုစောင့်ရှောက်မလဲ ဆိုတာ ကျွန်မ ကောင်းကောင်းကြီး စောင့်ကြည့်လိုက်ဦး မယ် ...

ငွေကြေးဥစ္စာတွေ အလျှံအပယ်ရှိရုံနဲ့ လူတစ်ယောက် ကို ပြုစုပျိုးထောင်လို့ ရ,မရ ရှင် လက်တွေ့သိရတော့မှာ။ ကျွန်မနဲ့ အတူတူနေရင် သားလေး ဆင်းရဲမှာစိုးတာရော၊ ရှင့်ပိုက်ဆံတွေ သုံးမကုန်မှာ စိုးတာရောကြောင့် ကလေးကို ထားခဲ့တယ်"





"ထားကွာ ... ထား ... ထား။ အသုံးမှမကျတာ၊ အသုံး မကျတဲ့မိန်းမ"

အမေသည် မျက်ရည်တစ်စက်မှ မကျဘဲ သူ့ကို ထားကာ ထွက်သွားခဲ့လေသည်။ သူကလည်း လူနပ်လူပါးပင်။ အမေနဲ့လိုက်လျှင် မဆင်းရဲသော်ငြား ဒီလို ပြည့်ပြည့်စုံစုံ မနေရ မှာကို စိုးသဖြင့် မေမေကြီးဟု အော်ကာ ထဘီစကိုလည်း လိုက် မဆွဲပါ။

ဝီစကီတစ်ဖန်ခွက်နှင့် ဝက်အူချောင်းကြော်ကို မြိန်နေ သော ဖခင်အနားသို့သာ ကပ်လျက် မြန်မာစာခက်ဆစ်အဓိပ္ပာယ် မှာ မသင်ရသေးသော အမေ ပြောသွားသည့် စကားလုံးတစ်လုံး ကိုသာ မေးဖို့ စိတ်ဝင်စားခဲ့သည်။

"ဖေဖေ ... မေမေ ပြောသွားတဲ့ ညအိပ်ဖော်ဆိုတာ ဘာ လဲဟင်"

ဖေဖေက ဝီစကီကို မော့ချကာ အားခနဲ ရှေ့ရွတ်ရင်း သူ့ကို မျက်မှောင်တစ်ချက်ကြုတ်ကြည့်သည်။ တစ်ခုခုကိုအလေး



www.burmeseclassic.com

www.burmeseclassic.com



အနက်စဉ်းစားလျှင် ဖေဖေက အဲဒီလိုမျိုး လုပ်တတ်ပါသည်။ ဖေဖေက တစ်ခဏစဉ်းစားပြီးနောက် တစ်ချက်ပြုံးကာ သူ့ခေါင်းကို ပုတ်သည်။

"မင်း ညအိပ်ဖော်ဆိုတာကို စိတ်ဝင်စားသလား"

"ဟုတ် ... ဖေဖေ"

ဖေဖေက ခေါင်းတဆတ်ဆတ် ညိတ်ကာ ပြုံးနေသည်။ သူက ဖေဖေ့မျက်နှာကို ငေးကြည့်နေမိသည်။ ဖေဖေသည် ရုပ်မချောသလို ရုပ်လည်းပဲမဆိုးလှပါ။ အရပ်မြင့်မြင့်မှာ ကိုယ်လုံးက ထွားသည့်ဘက်သို့ပါလျက် ဗိုက်တော့ နည်းနည်းထွက်ချင်သည်။ ပါးပြင်မှာ ပါးမြိုင်းမွေး မုတ်ဆိတ်မွေးတွေရှိလျက် နည်းနည်းတော့ခန့်သည်။ ယောကျ်ားတစ်ယောက်ဟာ သူ့အမြင်မှာတော့ ချောဖို့လိုသည်ဟု မထင်ပါ။

ဗိုက်ဆံချမ်းသာသော ယောကျ်ားတိုင်းဟာ မိန်းကလေးတွေအတွက်တော့ ချောသွားတတ်ကြသည်ဟု ဖေဖေ့ဆီက သူ ကြားဖူးထားသည်။





"အေး ... ညအိပ်ဖော်ဆိုတဲ့ စကားကို အခုနေမှာ မင်းကို ရှင်းပြလို့ သိပ်မကောင်းသေးဘူး သား။ ဒါပေမဲ့ လုံးဝကြီး မပြောရင်လည်း မင်းက ကျေနပ်မှာ မဟုတ်ဘူး ...

ဒီတော့ နည်းနည်းသဘောပေါက်အောင် ပြောပြရ လိမ့်မယ်။ သား ... မင်း အခု ညအိပ်ရင် ဘယ်သူနဲ့ အိပ် သလဲ"

"သားအခန်းမှာ သားတစ်ယောက်တည်းပဲလေ ဖေဖေ"

"အရင်တုန်းကရော"

"သား သုံးတန်းအထိ မေမေနဲ့ပဲ အိပ်တာ"

"ဟုတ်ပြီ၊ အရမ်းငယ်တုန်းက သား အမေနဲ့ အတူတူအိပ် ခဲ့ရတယ်၊ နည်းနည်းလေးကြီးသွားတော့ သားတစ်ယောက် တည်းအိပ်ရတယ် ...

အရွယ်ရောက်လာတဲ့အခါမှာ သားတစ်ယောက် တည်း ညအိပ်ရမှာပျင်းရင် အဖော်တစ်ယောက် ခေါ်လို့ ရတယ်။ အဲဒါ ညအိပ်ဖော်ပဲ ငါ့သားရ"

သူက မျက်လုံးတွေ ဝိုင်းလည်းကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မေမေ့လိုမျိုးလား"

ဖေဖေ့မျက်နှာက ခါးခါးသီးသီး ရှုံ့မဲ့သွားကာ လက်တွေ ခြေထောက်တွေပါ ခါယမ်းလျက် ...

"နိုး ... နိုး ... အဲဒီလိုမျိုး မဟုတ်ဘူး သား။ အဲဒါ အရမ်း ဖယားရှုပ်တယ်။ မဟုတ်ဘူး၊ အဲဒီလို ညအိပ်ဖော်မျိုးက စိတ်ပျက်ဖို့ ကောင်းတယ်၊ နားငြီးတယ် ...

ပျော်စရာကောင်းလား မင်း မြင်တာ ပြောစမ်း"

"ဟင့်အင်း"

ဖေဖေက လက်ဖြောက်တစ်ချက်တီးကာ ...

"အေး ... အဲဒါပဲ သား။ မိန်းမဆိုတာ အိမ်မှာ တစ်သက်လုံးကြီး အပိုင်သိမ်းထားရင် ပျင်းစရာကောင်းတယ်။ ကြာလာရင် စိတ်ပျက်စရာပါ ကောင်းသွားတယ်။ မိန်းမဆိုတာ ယောက်ျားတွေအတွက် ကိုးကွယ်ရာ မဟုတ်ဘူး။ အသုံးတော်ခံစရာပဲ။ အဖော်ဆိုရင်တောင် တစ်ဘဝအဖော် မဟုတ်ဘူး။ တစ်ခဏတာ အပျင်းပြေဖို့ အဖော်ပဲ ...





နောက်ကျရင် မင်းကို မိန်းမတွေနဲ့ ပတ်သက်ပြီး ဖေဖေ လက်ချာရိုက်စရာတွေ အများကြီးရှိသေးတယ်။ သား မှတ်ထားရမှာကတော့ မိန်းမတွေဟာ ယောက်ျားတွေလောက် မတော်ဘူးဆိုတာပဲ ငါ့သား။ ဟုတ်ပြီလား"

ဖေဖေက အဲဒီစကားကို သူ့ဦးနှောက်ထဲ ရိုက်သွင်းလိုက်သလို တစ်ချက် နှစ်ချက် ပုတ်ပေးလိုက်သည်။ ဖေဖေနဲ့ မေမေ့ရဲ့ ကွဲကွာခြင်းက အဲဒီလိုပဲ ခပ်မြန်မြန် ပြီးဆုံးသွားခဲ့ပါသည်။ သူသည် ဖေဖေ့ရဲ့ စည်းစိမ်ဥစ္စာတွေကြားမှာ မပင်မပန်း မတောင့်မကြ နေခဲ့ရသည်။ ပိုက်ဆံဘယ်ကရ ဖေဖေ့ဆီကရ၊ ထမင်းဘယ်ကရ ပေါင်းအိုးထဲကရ ဟူသော စကားမှာ သူ့ရဲ့မူပိုင်စကားဖြစ်လာခဲ့သည်။

ခပ်ငယ်ငယ်ကတော့ ဖေဖေ့ရဲ့ စိတ်နေသဘာဝကို မတီးခေါက်မိတတ်ခဲ့သော သူသည် နည်းနည်းကြီးလာတဲ့အခါမှာတော့ ဖေဖေဟာ ဘယ်လိုလူမျိုးဆိုတာကို သဘောပေါက်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေသည် မိန်းမတွေကို လုံးဝမှ လုံးလုံး အထင်မကြီးတတ်သော လူစားမျိုးဖြစ်သည်။ မိန်းမတွေဟာ ယောကျ်ားတွေလောက်မတော်၊ ယောကျ်ားတွေလောက် အသုံးမကျ၊ မိန်းမဆိုတာ ယောကျ်ားရဲ့အသုံးတော်ခံ စသဖြင့် မိန်းမတွေနဲ့ ပတ်သက်လာလျှင် တော်တော်ကြီး နှိမ့်နှိမ့်ချချ တွေးကာ သဘောထားသူ ဖြစ်သည်။

မိန်းမတွေနဲ့ ပတ်သက်သော စကားပုံခပ်ရိုင်းရိုင်းတစ်ခုကို အမြဲတစေ ပြောတတ်ကာ ဖေဖေက ယောကျ်ားဝါဒီ မဟာဖိုဝါဒကိုသာ လက်ကိုင်ထားသောသူ ဖြစ်ပါသည်။ ဖေဖေက စီးပွားရှာတာ အလွန်တော်သည်။ စီးပွားရေးတွင် ပြေးသော ဖေဖေ့ရဲ့ဦးနှောက်ကို တော်ရုံလူ လိုက်မမီနိုင်ချေ။ အထူးသဖြင့် ဖေဖေသည် စီးပွားရေးတွင် မိန်းမပြိုင်ဘက်တွေကို ပို၍ အပြတ်အသတ်ဖြစ်အောင် တုံ့ပြန်တတ်သည်။ တစ်ဖက်က စီးပွားပြိုင်ဘက် အမျိုးသမီးများ မရှုမလှ ကျဆုံးလျှင် ဝမ်းသာအားရဖြင့် လက်သီးလက်မောင်းတန်းကာ ...





"တွေ့တယ် မဟုတ်လား။ မိန်းမဆိုတာ မိန်းမဦးနှောက်ပဲရှိတယ်။ ယောကျ်ားတွေကို ဘယ်ယှဉ်လို့ မရလဲ"

စသည့်စကားမှာ ဖေဖေ့ရဲ့ လက်သုံးစကားပဲ ဖြစ်လေသည်။ သူသည် အဲဒီလိုအဖေမျိုးနှင့် ငယ်ငယ်တည်းက နေရသည့်အတွက် သူ့ခေါင်းထဲတွင်လည်း ဖေဖေ့ရဲ့ အယူဝါဒတွေသာ ကြီးစိုးပြီးလာသည်။ ဖေဖေက မေမေနဲ့ ကွာရှင်းပြီးနောက် နောက်အိမ်ထောင် ထပ်မပြုခဲ့ပါ။ သူက ကိုးတန်းလောက်ရောက်လာသောအခါ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ဖေဖေ့ကို မေးဖူးသည်။

"ဖေဖေ နောက်မိန်းမ ထပ်မယူတော့ဘူးလား"

ဖေဖေက သူ့စကားကို ရှုံ့ရှုံ့မဲ့မဲ့နှင့် အော်ရယ်ကာ ခေါင်းတခါခါနှင့် ငြင်းဆန်သည်။

"မယူပါဘူးကွာ။ မိန်းမဆိုတာ ယူတော့မှ ရတာမှ မဟုတ်တာ"

"ဟား ... ဖေဖေ့ဒိုင်တွေ မိုက်တယ်"

ကိုးတန်းကျောင်းသား သူက ဖေဖေ့ဒိုင်ယာလော့ခ်တွေကို သဘောကျသောအခါ ဖေဖေက နှစ်နှစ်ခြိုက်ခြိုက်ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ အကင်းပဲ အပျိုး ပဏ္ဏာမပဲ ရှိသေးတယ် ငါ့သား။ နောက်ထပ် မိန်းမတွေနဲ့ ပတ်သက်တဲ့ ဒဿနတွေ သားကို ပြောပြဖို့ရာ အများကြီးကျန်သေးတယ် ...

ဒါပေမဲ့ သား မှတ်ထားရမှာ တစ်ခုကတော့ မိန်းမ ဆိုတာ ယောကျ်ားတွေရဲ့ ကိုးကွယ်ရာ မဟုတ်ဘူးနော် သား။ မိန်းမတစ်ယောက်ကို အရူးအမူး ချစ်တယ်ဆိုတဲ့ ယောကျ်ားဟာ အသုံးမကျလို့ပဲ ...

ဘယ်မိန်းမကိုမှ အောက်ကျို့စရာ မလိုဘူး။ အချစ် အတွက် ဒူးထောက်တယ်ဆိုတဲ့ကောင်ဟာ ငကြောင်ပဲ"

"ဒါဖြင့် ကိုယ်ကြိုက်တဲ့ မိန်းမတစ်ယောက်ကို ရဖို့ရာ ဘယ်လိုလုပ်ရမှာလဲ ဖေဖေ"

ဖေဖေက သူ့စကားကို လှစ်ခနဲပြုံးကာ လက်ညှိုး နှင့် လက်မကို ဝိုင်းပြသည်။ ပြီးတော့ တစ်လက်စတည်း ဆက် ပြောသည်မှာ ...

"ငွေဟာ ဒုတိယဘုရားသခင် ဆိုတာကို သား ကြားဖူးတယ် မဟုတ်လား။ မိန်းမတစ်ယောက်ကို ပစ်ဖို့ အကောင်းဆုံး





မြား၊ ထိမိဖို့ အသေအချာဆုံး မြားဟာ ငွေဆိုတဲ့ မြားပဲ သား ...

မင်း ဖေဖေ့ကိုကြည့်။ ဖေဖေဟာ ဘယ်သူ့ကျေးကျွန် မှ အဖြစ်မခံဘူး။ ဖေဖေ ငွေကိုရှာတယ်။ ဒါပေမဲ့ ဖေဖေ ဟာ ငွေကြေးရဲ့ကျေးကျွန် မဟုတ်ဘူး။ သခင်ပဲ။ အဲဒီငွေ ကြေးရဲ့သခင် ဆိုတဲ့ နောက်မှာ အားလုံးပါလာတယ် ...

ငါ့သား အလှည့်မှာလည်း ဒီလိုပဲ ဖြစ်ရမယ်"

ကိုးတန်း ဆယ်တန်း အရွယ်ရောက်သောအခါ သူ က ဖေဖေနဲ့ ပတ်သက်သော သတင်းတွေကို နားနဲ့မဆံ့အောင် ကြားနေရပြီ။ ဖေဖေ ပြောသော မိန်းမဆိုတာ ယူတော့မှ ရတာမှ မဟုတ်တာ ဟူသော စကားကို သူ ကောင်းကောင်းကြီး သဘော ပေါက်ခဲ့ပြီဖြစ်သည်။

ဦးလင်းပိုင် ဟူသော ဖေဖေသည် စီးပွားရေးလောက မှာ အတော်ကျော်ကြားသလို မိန်းမနဲ့ ပတ်သက်သော နေရာမှာ လည်း အနံ့လေးတသင်းသင်း မွှေးပျံ့နေပါသည်။ သို့သော် ဖေဖေ က လူဆိုးကြီးအဖြစ် ကျော်ကြားတာ မဟုတ်ချေ။ ဒါကြောင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



အနံ့လေးတသင်းသင်းဟု သူက သုံးခြင်းဖြစ်ပါသည်။ ဖေဖေက အဲဒီနေရာတွင် အင်မတန် ရက်ရောသည်။ သဘောကောင်းသည်။ ဖေဖေက မလိုက်ရပါဘဲနှင့် ဖေဖေ့နောက်သို့ လိုက်နေသော လိပ်ပြာလေးတွေက တစ်ပုံတစ်ခေါင်းပဲ ဖြစ်သည်။

ဒါကြောင့်လည်း ဖေဖေဟာ လူကြီးဆိုးအဖြစ် နာမည်မကျော်ကြားပါ။ လူဆိုးကြီးဟုသာ နာမည်ကျော်ကြားပါသည်။ အခြေအနေမှန် တစ်ခုကို လက်တစ်လုံးခြားလေးဖြစ်အောင် လှည့်တတ်သော ဖေဖေ့ကို သူက အရမ်းလေးစားသည်။ ချီးကျူးသလိုနှင့် မေးမိလျှင် ဖေဖေက မိန့်မိန့်ကြီး ပြုံးနေကာ ...

"အဓိက,ကတော့ အခြေအနေကို နားလည်တတ်ဖို့ပဲ သားရဲ့။ ကိုယ်က ပျော်ချင်တာဆိုရင် ကိုယ်နဲ့ပျော်ချင်တဲ့ လူကို သေချာရွေးတတ်ဖို့ လိုတယ် ...

ကိုယ်က သားကောင်ကို လိုက်ရှာရတာမျိုး မဖြစ်စေနဲ့။ ကိုယ့်ပိုက်ထဲကို ဝင်လာတဲ့ သားကောင်မျိုးကို စားတာကျတော့ အပြစ်သိပ်ပြောလို့ မရဘူးလေ၊ ဟုတ်တယ်မှလား"





သူက ခေါင်းတညိတ်ညိတ်ဖြင့် ဖေဖေ့စကားကို ထောက်ခံမိသည်။ တံငါနားနီးတံငါ မုဆိုးနားနီးမုဆိုး ဟူသော စကားပုံအတိုင်းပင်။ သူများနဲ့မတူသော စိတ်ဓာတ်နှင့် အတွေးအခေါ်ရှိသော ဖေဖေ့နားမှာပဲ ကြီးပြင်းလာခဲ့ရသောသူဟာ အဖေထက် သားက လက်စောင်းမထက်မှာကို မပူရပါ။

ကိုးတန်းလောက်တည်းက မိန်းကလေးတွေနဲ့ အီစီကလီလုပ်တတ်နေပြီ။ ဆယ်တန်းနှစ်မှာ ကောင်မလေးတွေကြွေအောင် ဘယ်လိုလုပ်ရမယ် ဆိုတာကို နားလည်နေပြီဖြစ်သည်။ First year တက်ရတော့မည် ဆိုသောအခါ ယောကျ်ားတို့ စိတ်ဝင်စားသော ပညာရပ်အားလုံးကို တက်ရောက်သင်ယူဖို့ အဆင်သင့်ဖြစ်လို့နေချေပြီ။

အဲဒီမှာပဲ ဖေဖေက သူ့ကို ထပ်၍ဆုံးမစကားပြောပြန်ပါသည်။ (တကယ်တော့ သူ့အတွက် ဆုံးမစကားဟု နာမည်တပ်ရသော်လည်း တခြားသူတွေ ကြားလို့ကတော့ နားခေါင်းရှုံ့ချင်စဖွယ် မြှောက်ပေးသည့်စကားဟု ထင်ကြမှာ မလွဲချေ။)

ဖေဖေက ပါးမြိုင်းမွေးတွေကို ပွတ်သပ်ရင်းမှ သူ့ကို တစ်ချက်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သား ... မင်းလည်း အရွယ်ရောက်သွားပြီဆိုတော့ မင်းသွားချင်တဲ့ နယ်ပယ်က ပိုကျယ်ပြန့်လာပြီ ...

မိန်းကလေးတွေနဲ့ ပတ်သက်ပြီး နယ်ပယ်တွေကြိုက်သလောက် ခရီးဆန့်ပါ၊ သွားပါ။ ဒါပေမဲ့ ဘယ်နယ်ပယ်မှာမှ သားရဲ့ခြေရာ မကျန်ရစ်ခဲ့စေနဲ့။ သားကို ဘယ်သူကမှ ဘယ်အရာမျိုးနဲ့မှ မချည်နှောင်စေနဲ့၊ အဲဒါကို သား ကောင်းကောင်း နားလည်သဘောပေါက်ထားဖို့ လိုတယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဖေဖေက ခေါင်းတစ်ချက်ညိတ်ပြီး ပြုံးကာ ...

"ပြီးတော့ မင်းကို ဖေဖေ တစ်ခုမှာရဦးမယ်။ အထူးဂရုပြုရမယ့် အချက်ပေါ့။ ကျန်းမာရေးကို အထူးဂရုစိုက် ငါ့သား။ ဆောင်သင့်တာကိုဆောင် ရှောင်သင့်တာကိုရှောင် ...

သားလည်း နှစ်ဆယ့်တစ်ရာစုမှာ ကွန်ပျူတာနဲ့ကြီးလာတဲ့ ကလေးပဲ။ ခေတ်အမြင် ဗဟုသုတ အပြည့်ရှိမှာပါ။ မီဒီယာတွေကလည်း ဒီလောက် ပညာပေးတွေ





လုပ်နေတာပဲလေ။ မာယာတောထဲမှာ ကိုယ့်ခြေရာလည်း မကျန်ခဲ့စေချင်သလို သူတို့ခြေရာတွေလည်း ပါမလာစေချင်ဘူး သား ...

တကယ်တော့ ဒါကို နောက်မှပြောရပေမယ့် တကယ်တမ်း အရေးကြီးတဲ့အချက်က ဒီအချက်ပဲ။ သားက ယောက်ျားလေးမို့ အထုပ်နဲ့အထည်နဲ့ ပါမလာဘူး ဆိုပေမယ့် တစ်ခါသတိလစ်ရုံနဲ့လည်း တစ်သက်တာ ပြင်မရတဲ့ အမှားမျိုးကြီး ဖြစ်နိုင်တယ် ...

ဒါကြောင့် သားကို နယ်ပယ်မဆန့်ရဘူး မပြောဘူး ဆန့်ပါ။ သား ပျော်သလိုနေပါ။ ယောက်ျားတစ်ယောက်ရဲ့ အာရုံတွေကို အပြည့်အဝ ခံစားပါ။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ဒုက္ခမရောက်စေနဲ့ ...

ဖေဖေ ပြောတာ သဘောပေါက်လား သား"

"ဟုတ်ကဲ့ပါ ဖေဖေ။ စိတ်ချပါ"

ဖေဖေက ကျေနပ်သွားသလိုဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းကို ကြားရတဲ့သူတွေကတော့ လိုက်လည်းလိုက်တဲ့ သားအဖဟုဆိုကာ အမြင်ကတ်ပြီး ချဉ်ပတ်ဖြစ်ကြမှာ မလွဲချေ။ သို့သော် သူတို့သားအဖကတော့ ကိုယ့်အတွေးနဲ့ကိုယ် ဟုတ်နေကြသည်။ ဖေဖေသည် သူ ငယ်စဉ်တည်းကမှ တစ်ချက်မဆူ မငေါက်ဘဲ သူ နေချင်သလို နေရသည့် အခွင့်အရေးကို ပေးထားသောကြောင့် သူက ဒီအဖေဆိုလျှင် ဘုရားလို ကိုးကွယ်သူ ဖြစ်သည်။

အဖေသည် သူ့ရဲ့ဟီးရိုး သူ့ရဲ့လမ်းပြ သူ့ရဲ့ရှေ့ဆောင် သူ့ရဲ့အဆင့်မြင့် စသဖြင့် အဲဒီလို မှတ်ယူထားတာဖြစ်သည်။ မိန်းမတွေကို အထင်မကြီး၊ မချီးမြှောက်၊ လိုအပ်သည့်အချိန်မှသာ ပျော်တော်ဆက်ဖို့ သတိရသော ဖေဖေရဲ့ အတွေးအခေါ်တွေကို တစ်နေ့ တစ်နေ့ နည်းနည်းချင်း ရိုက်သွင်းထားရသော သူသည် အရွယ်ရောက်လာသောအခါ ဖေဖေ ပေါက်စလေးဖြစ်လာသည်။ ဦးလင်းပိုင် Clone ဖြစ်လာသည်။ ဖေဖေ့ရဲ့ဒိုင်တွေကို အင်တာနက်ခေတ်က အိုက်ဒီယာတွေနဲ့ ပေါင်းစပ်ကာ အဖေ့ထက်သားက နှစ်များစွာ ကြီးလို့သွားလေသည်။

❣ ◇ ❣





## အခန်း ၂

သူတို့ သူငယ်ချင်းအုပ်စုတွေထဲတွင်လည်း သူက ဆရာကြီးပဲ ဖြစ်ပါသည်။ သူတို့အုပ်စုတွေဟာ ငယ်ငယ်လေးတည်းက ပေါင်းလာခဲ့တဲ့သူ ဖြစ်တာကြောင့် အရွယ်ရောက်ချိန် လူပျိုဖော်ဝင်ခါစ အချိန်မှာလည်း သူငယ်ချင်းတွေကို ရည်းစားထားတတ်အောင် ဆွယ်သူမှာလည်း သူပဲဖြစ်သည်။ မြီးကောင်ပေါက်အရွယ် အရာရာကို စူးစမ်းလေ့လာတတ်သည့် အချိန်မှာ သူက ရွယ်တူတန်းတူတွေထက် ခေါင်းတစ်လုံး ပိုမြင့်နေခဲ့ပြီ။

အသက်နှစ်ဆယ်ကျော် အရွယ်လောက်မှာတော့ သူဟာ မိန်းမတွေနဲ့ ပတ်သက်လာလျှင် နှံ့နှံ့စပ်စပ် ကျယ်ကျယ်ပြန့်ပြန့်ကြီးကို သိနေခဲ့ပြီဖြစ်သည်။ သူက သူသိသလို သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တွေကိုပါ ဘိအောင်လုပ်သည်။ သူတို့အိမ်မှာက ဖေဖေရယ်၊ သူ ရယ်သာ ရှိပြီး ကျန်တဲ့လူတွေက သူတို့သားအဖရဲ့မျက်နှာကို ကြည့်နေရသောသူတွေမို့ ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလို။ သူ့အတွက်ရော သူငယ်ချင်းတွေ အတွက်ရော သူ့အိမ်က အင်မတန်လွတ်လပ်လှလေသည်။ ငယ်ငယ်လေးတည်းကမှ သူက သူ့အိမ်သို့ သူငယ်ချင်းတွေကို မစွာနိုင်အောင် ဆွဲဆောင်သိမ်းပိုက်ထားနိုင်သူ ဖြစ်သည်။

"ဟောကောင်တွေ ... ဒီတစ်ပတ် ငါ့အဖေ နိုင်ငံခြားကပါလာတဲ့ Play Boy အသွေ့ အရှမ်းမိုက်တယ်ကွ၊ စာအုပ်လည်း ပါတယ်၊ ဘယ်လိုလဲ"

သူက မျက်စတစ်ချက်ပစ်ကာ မေးဆတ်ပြရုံရှိသေး သူငယ်ချင်းတွေက မျက်ဝန်းတွေ ပြိုးပြိုးပြက်ပြက်လက်ကာ သူ့အနားသို့ ဝိုင်းအုံရောက်လာကြသည်။ ဒါမျိုးကို စိတ်မဝင်စားတဲ့ယောကျ်ားလေးဆိုတာ ဘယ်မှာရှိလို့လဲ။ တချို့တွေများ အဲဒါမျိုးကြည့်ချင်တာတောင် အိမ်မှာက အမေတွေ အစ်မတွေနဲ့မို့ လွတ်လွတ်လပ်လပ် ကြည့်ခွင့်မရချေ။ သူ့အိမ်ကတော့ ဘော်ဒါအားလုံးကွန်းခိုလို့ရစွာ အိမ်ကလည်း အကျယ်ကြီး။ သူ့အခန်းကလည်း





တိုက်ခန်းတစ်ခန်းစာလောက် ကျယ်ဝန်းလေရာ သူ့အိမ်သည် သူငယ်ချင်းတွေအတွက်တော့ သာလာယံဇရပ်ကြီး ဖြစ်လို့နေသည်။

"ကြည့်မှာပေါ့ကွ၊ ဘယ်တော့လဲ၊ လစ်မှာလား၊ အခု ဒီကပြီးရင် လိမ့်ကြမလား"

သူ့သူငယ်ချင်း ထူးရွှေခိုင် ဆိုသောကောင်က နဂိုပြူးသော မျက်လုံးကို ပိုပြူးကာ မေးသည်။ အဲဒီကောင်က တစ်ခုခုကို စိတ်ဝင်စားလွန်းအား ကြီးသွားလျှင် မျက်လုံးတွေက အဆမတန် ပြူးကျယ်လာလေ့ရှိသည်။

"နေပါဦး ... ဖြည်းဖြည်းပေါ့"

"ဟောကောင် ... ပဲများမနေနဲ့ကွာ။ အထာတွေ သိပ်ပေးမနေနဲ့"

"ဩော် ... မပေးပါဘူး မောင်တို့ရာ။ အေးဆေးပေါ့။ ဘုရားသားတို့ကို ကိုယ် ဘယ်တုန်းက ညှဉ်းဆဲဖူးလို့လဲ။ ဒီကပြီးရင် အိမ်ကိုခေါ်သွားမှာပါ၊ ပါပု ... မင်းရော ဘယ်လိုလဲ လိုက်နေတာ ဘယ်အဆင့်ထိ ရောက်သွားပြီလဲ"

"ဘယ်အဆင့်မှ မရောက်သေးဘူး။ ဖုန်းပြောတဲ့ အဆင့်တောင် မရောက်သေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပါပုရဲ့အခြေအနေကို အဲဒီကောင်က မပြောဘဲ နေမင်းက မှိန်းနေရာမှ ဝင်ပြောပေးသည်။ သူတို့အုပ်စုထဲတွင် နေမင်းကတော့ သူနဲ့တွဲဖက်အညီဆုံးဟု ပြောရမည်။ အထူးအထွေ သင်ပေးစရာ မလိုချေ။ ဒီကောင်ကလည်း မိန်းမတွေနှင့် ပတ်သက်လာလျှင် သူ့လိုပဲ ဝါသနာအိုး။ ဩော် ... အိုး အဆင့်တောင် မဟုတ်တော့ပေ။ ကန်အဆင့်သို့တောင် ရောက်နေပြီ ထင်သည်။

ဝါသနာကန်အဆင့်ဟု အသစ်ထွင်၍ ပြောရပေမည်။

"ကျွတ် ... ခက်လိုက်တာကွာ ဘာလုပ်နေတာလဲ။ ဒီတက်ကနစ် မဟန်ရင် နောက်တက်ကနစ်တစ်ခုကို ပြောင်းလေကွာ"

သူကတော့ မိန်းကလေးတစ်ယောက်ကို နှစ်ပတ်လောက်ထက်ပို၍ မလိုက်သူမို့ ပါပု တစ်ယောက် ရည်းစားတစ်ယောက်ရဖို့အရေးကို နှစ်လလောက် try နေခြင်းကို ကြားထဲက စိတ်မရှည်နိုင်ချေ။

ပါပုကလည်း သူ့ကို အညံ့မခံတတ်သူပီပီ ...





"ဟေ့ကောင် ... မင်းစိတ်နဲ့ သိပ်မနိုင်းနဲ့ကွာ။ ကိုယ်တို့က အချစ်ကို နူးနူးညံ့ညံ့လေး ခံစားတာကွ၊ သိလား ...

မင်းတို့လို မိန်းကလေးတစ်ယောက်ကို မြင်တာနဲ့ ဘာဆိုပြီးတော့ ပစ်ခံစားလိုက်တာ မဟုတ်ဘူး"

သူ့ကို မသိမသာ လာဖဲ့နေသော ပါပုကို သူက မျက်ဝန်းများကို မှေးစင်းကြည့်ရင်းမှ မခိုးမခန့်ပြုံးကာ ...

"ဒါဖြင့်ရင် ကိုယ် တစ်ခု မေးခွင့်ရှိမလား"

သူ့ရဲ့ဘရက်ပစ်လို အိုက်တင်ကို ပါပုက နှုတ်ခမ်းတစ်ချက်ရွဲ့ကာ ...

"မေးကွာ"ဟု ပြန်ပြောသည်။

"မင်း အဲဒီ ဆော်ကို ရသွားပြီ ဆိုပါတော့၊ ဒီအတိုင်းပဲ ကော်ဖီဆိုင်မှာပဲ အမြဲထိုင်မလား ... ပြော ...

face to face ပဲထိုင်ပြီးတော့လေ။ ပြီးတော့ ဘုရားလေး ဘာလေး တက်ကြပေါ့။ အဲဒီလိုပဲ အမြဲတမ်းနေသွားမလား ... ပြော"



www.burmeseclassic.com

www.burmeseclassic.com



သူ့မေးခွန်းကို ပါပုက အဲခနဲ ဖြစ်သွားကာ ချက်ချင်းပြန်မဖြေနိုင်ချေ။ သူက ဟက်ခနဲ တစ်ချက်ရယ်ရင်းမှ ပခုံးတွန့်ပြလိုက်သည်။

"ဒီမှာ ပါပု။ မပိုင်ဘဲနဲ့ စကားကြီး စကားကျယ်တွေ လျှောက်မပြောနဲ့ကွာ။ မင်း ရိုက်ပေါက် ဖြစ်သွားမယ်။ ယောက်ျားဆိုတာ ယောက်ျားစိတ်ဓာတ် ယောက်ျားအတွေးပဲ ရှိရတယ်ကွ ...

ယောက်ျားတစ်ယောက်ရဲ့ အချစ်ဆိုတာကို မင်းက ဘယ်လိုတွေ ကွေလီကာလီ ဘာသာပြန်မလို့လဲ။ ဘာမှ ဖော့ပစ်မနေနဲ့။ တရားတော်မှာလည်း ပြောထားတယ်။ အချစ်ဆိုတာ ရမ္မက်မီးပဲ"

"ဟား ... တင်တယ်ကွာ"

တွတ်တီက ထ,အော်လေသည်။ သူက တွတ်တီဘက်ကို တစ်ချက် လှည့်ပြုံးပြလိုက်ရင်းမှ ...

"မဟုတ်ဘူးလား ငါ ပြောတာ။ အချစ် ဆိုတာ ရမ္မက်ပဲ။ အဲဒါ အတိအကျပဲ။ အချစ်ဆိုတာ ဖြူစင်ခြင်းတွေ ပေးဆပ်ခြင်းတွေ ဘာညာကွိကွ လျှောက်ပြောမနေနဲ့ ...





ယောက်ျားတစ်ယောက်ရဲ့ ရင်ထဲမှာရှိတဲ့ အချစ်က ယောက်ျားတိုင်း ဒီပုံစံတွေချည်းပဲ ဟေ့ကောင်။ ခံစားခွင့်ရသလောက် ခံစားချင်ကြတဲ့ ကောင်ချည်းပဲ၊ ငါးဆယ်ဖိုးရတဲ့ကောင်က ငါးဆယ်ဖိုး ခံစားမယ်။ ဒါကို အစိတ်ဖိုးလောက် ခံစားရရှာတဲ့ကောင်က သူက ဖြူစင်တာတွေ ဘာတွေ လာလုပ်မနေနဲ့ ...

ယောက်ျားချင်း ဘာအထာမှ ပိုလို့မရဘူး၊ ခွင်တွေက အတူတူချည်းပဲ"

သူ့ရဲ့ ရဲရဲတောက်အပြောကို ပါပုက ဘာမှပြန်မပြောနိုင်ကြရှာပေ။ မျက်လုံးပြူးကို ဟိုလှည့် ဒီလှည့် လုပ်ကာ စကားလုံး ရှာနေဟန်တူသည်။ ဒီကြားထဲ နေမင်းကပါ လဲရာကို သူခိုးထောင်းသလို လျှာလေး အာလေးဖြင့် ဝင်ပြောသည်။

"ကျားကြီးက ဗိုက်ပြည့်နေလို့ လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်တာကို ဖြူစင်မှုလို့ နာမည်တပ်မရသလိုပေါ့ကွာ ... အသံကောင်းတွေ သိပ်မဟစ်နဲ့၊ ပုံမှန်ပဲနေ"



www.burmeseclassic.com

www.burmeseclassic.com



ပါပုက သက်ပြင်းကို ဟင်းခနဲမြည်အောင် ဆောင့်ချသည်။ ပြီးတော့ ခေါင်းကို ဖြည်းဖြည်းချင်းယမ်းကာ တရားကျသော လေသံဖြင့် ...

"မင်းတို့က အချစ်လိုင်းမှ မဟုတ်တော့တာပဲ"

"ဟော့ကောင် ... အဲဒီစကားကို ကောသာကို အရင်ဖွန့်ပယ်ပြီး တောထွက်သွားပြီးမှ လာပြောလိုက် ...

လူဝတ်ကြောင်နဲ့တော့ အသံကောင်းတွေ ဟာစ်မနေနဲ့ကွ"

နေမင်းက မခံနိုင်၍ ထအော်လျှင် သူက မနေနိုင်တော့ဘဲ ကြားထဲကနေ၍ ဝင်၍ ဖျန်ဖြေပေးရတော့သည်။

"ကဲ ... တော်ကြပါ ဘရာသာတို့ရာ၊ ဒါ အငြင်းပွားရန် ဖြစ်နေရမယ့် ကိစ္စမျိုး မဟုတ်ပါဘူး။ ကိုယ့်နားလည်မှုနဲ့ ကိုယ်ပေါ့ ...

ကဲ ... မောင်ပါပု၊ မင်း မှန်တယ်ထင်လို့ ရင်ဘတ်နဲ့ ငြိမယ့်ကိစ္စမှာ ကိုယ် ဘာမှ မစွက်ဖက်တော့ဘူး။ ဟုတ်ပြီလား၊ ကိုယ့်သဘော ကိုယ့်ဆန္ဒနဲ့သာ လှုပ်ရှားပေတော့ ...





လိုအပ်ရင်တော့ အကူအညီပေးဖို့ အဆင်သင့်ပါ"

"ဟော့ကောင် ... ဟော့ကောင် ... ငါ့ဆော်နဲ့ ဒီတစ်ပတ် ချိန်းထားတယ်ကွ၊ အဲဒါ မင်းအိမ်မှာ ..."

နေမင်းရဲ့စကား မဆုံးသေးခင် သူက လက်ကာပြလိုက်သည်။ အေးဆေး ဟူသော သဘော။ သူ့အိမ်သည် ဆုံးမ ပဲ့ပြင်ပေးမည့် လူကြီးသူမ မရှိသဖြင့် သူ့ဘော်ဒါတွေအားလုံး စိတ်ထင်တိုင်း ကြဲခွင့်ရသည့် နေရာဖြစ်သည်။ သူငယ်ချင်းတွေနှင့် သူတို့ရည်းစားများ လွတ်လွတ်လပ်လပ် တွေ့ဆုံနိုင်ရန်အတွက် အမြဲစီစဉ်ပေးလေ့ ရှိတတ်သူမှာလည်း သူပဲဖြစ်ပါသည်။

သူ့ရဲ့ လက်သုံးစကားမှာ ဟိုတယ်တွေမလို တည်းခိုခန်းတွေ မလို၊ အားလုံးစိတ်ကြိုက် စီစဉ်ပေးတာ နေခြည်ဗီလာပါဟူသော စကားပင် ဖြစ်လေသည်။

"နေခြည်ဗီလာပါကွ၊ ကြွခဲ့ကြစမ်းပါ၊ ငါ့ဘော်ဒါတွေအားလုံးအတွက် ငါ့အိမ်က စပွန်ဆာပေးနေပါတယ် ဟဲဟဲ ..."



www.burmeseclassic.com

www.burmeseclassic.com



ပါပုက သူ့ကို ရွှံ့ရွှံ့မဲ့မဲ့ကြည့်ကာ နှုတ်ခမ်းတွန့်သည်။ ဒီကောင့်အမေက ကျောင်းဆရာမဖြစ်ကာ စည်းကမ်းကြီးလွန်းပြီး အင်မတန် အုပ်ထိန်းမှုကောင်းသောကြောင့် ဒီကောင်က သူတို့လောက်တော့ လက်တည့်မစမ်းတတ်သေး။ လက်မသွက်သေးချေ။ သို့သော် လူငယ်ယောကျ်ားလေးပီပီ လက်တည့်ကလည်း စမ်းချင်သေးသည်။ သူတို့ပြောနေသော အကြောင်းအရာတွေကိုလည်း အားကျစိတ်က ဝင်နေသေးသည်။ သို့သော် စိတ်တွေက ဟိုဘက် ဒီဘက် မပြတ်သားပဲ ဝေလေလေ ဖြစ်နေသောကောင်ဖြစ်သည်။

သူက ပါပု ပခုံးကို နားလည်သလို ပုတ်လိုက်ကာ...

"ပါပု ... ကြိုးစားကွာ။ မင်းကိုလည်း ငါ စမွန်ဆာအရမ်းပေးချင်ပါတယ် ဟဲ ဟဲ"

"မင်းတို့ကောင်တွေကွာ"

ပါပုက မချင့်မရဲ ရေရွတ်သည်။ မျက်လုံးတွေက တဖျပ်ဖျပ်လက်ကာ စိတ်တော့ဝင်စားသည့်ပုံ။ ဒီကောင်က သူတို့အုပ်စုထဲတွင် လုံးဝအတွေ့အကြုံ မရှိသေးသောကောင် ဖြစ်သည်။





သူတို့သွားသော နေရာတွေ သို့ မလိုက်သေး။ သူတို့ပြန်ပြောသော အကြောင်းအရာတွေကိုတော့ မျက်လုံးကြီး ပြူးပြူးထွက်လာကာ နားထောင်သူ ဖြစ်ပါသည်။

"ဒီတစ်ပတ် ဆန်းဒေးမှာ ငါ့အိမ်ကို နတ်သမီးလေးတွေ လာမယ်ကွ၊ အဲဒီကျ မင်း လာမလား ပါပု။ မင်းကို ငါ ဖုန်းဆက်လိုက်ရမလား"

သူက ပါပုကို ပြုံးကာ မေးဆတ်ရင်း မေးလိုက်သည်။ ပါပုက မျက်လုံး ကလယ် ကလယ်ဖြင့် သူ့ကိုတစ်လှည့် နေမင်း၊ ထူးရွှေခိုင်၊ တွတ်တီတို့ကို တစ်လှည့်စီကြည့်ကာ ဘာပြောရမှန်းမသိ ဖြစ်နေပုံရသည်။ သူက နားလည်စွာနှင့် ခေါင်းတဆတ်ဆတ်နှင့်ညိတ်ကာ နေတုန်းမှာပဲ သူ့ဖုန်းက ထမြည်လာပါသည်။ သူနဲ့အီနေသော ဒါမှမဟုတ် သူ့ရည်းစားထဲက တစ်ယောက်ယောက်ဟု ထင်ထားသော်လည်း မဟုတ်ဘဲ သူ့အိမ်က ဖုန်းနံပါတ်ဖြစ်နေသဖြင့် သူက မျက်မှောင်ကုတ်ရင်း ဖုန်းကို ဖွင့်လိုက်သည်။

"အေး ... ပြော"

"မောင်နေခြည်လားကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



အသံကတော့ သူတို့အိမ်က အိမ်တော်ထိန်း မီးဖိုချောင်ရာထူးချုပ် ရထားသူ ဒေါ်စိန့် အသံဖြစ်သည်။

"ဟုတ်တယ်၊ ဒေါ်စိန် မဟုတ်လား၊ ပြော"

"ဒီနေ့ မောင်နေခြည် အိမ်ကို ဘယ်အချိန်လောက် ပြန်ရောက်မလဲကွယ့်"

"အဲဒါ ခင်ဗျားအတွက် အရေးကြီးနေလို့လား"

သူက သူ့အဖေနည်းတူ မိန်းမတွေဆိုလျှင် လူရာမသွင်း အရေးမလုပ်တတ်သောစိတ်ဖြင့် ဘုကျကျ ပြန်မေးသလို ဒေါ်စိန် ဆိုသော မိန်းမကြီးကည်း သူ့ကို ငယ်ငယ်တည်းက ထိန်းကျောင်းလာရသူပီပီ အငေါ်တူးလေသည်။

"အရေးကြီးနေလို့ပေါ့ကွယ်"

"ပြောစမ်းပါဦး။ ဘာတွေများ အရေးကြီးနေရတာလဲ"

"မင်း အိမ်ပြန်ရောက်တာ စောရင်တော့ အိမ်ရောက်မှပဲ ပြောမလို့ပါ"

"ကျွတ် ... ပဟေဠိ လာဖွက်မနေနဲ့ဗျာ။ ပြောမှာဖြင့်ပြော"

ဒေါ်စိန်က ခဏမျှ လေသံတိတ်သွားပြီးနောက်...





"ဒီနေ့ပဲ ဒေါ်စိန့်တူမလေးတစ်ယောက် ရွာကရောက်လာလို့ပါ။ အဲဒါ သူ့ခမျာ ..."

"ဟိုး ... ဟိုး ... တော်ပြီ၊ ဒီလောက်ဆို သဘောပေါက်ပြီ။ ဇာတ်ထဲက ဇာတ်ကွက်အတိုင်းပဲ မဟုတ်လား။ ရန်ကုန်မြို့ကြီးမှာ အသိအကျွမ်းကလည်းမရှိ သူ့ခမျာ သွားစရာ နေစရာကလည်း မရှိ၊ ခိုကိုးရာမဲ့နေတဲ့အတွက် အဒေါ်ဆီကိုပဲ လာရတာ။ အဲဒီတော့ အိမ်ရှင်တွေကို ခွင့်တောင်းရတာပါ၊ ဒါပဲပြောလို့ မဟုတ်လား"

"အင်း ... ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

"ကောင်းပြီလေ၊ အဲဒါပဲ မဟုတ်လား။ အဆင်ပြေသလို ကြည့်လုပ်ထားလိုက်ပေါ့ဗျာ။ ကျွန်တော့်ရှေ့ကိုတော့ ကိုးရိုးကားရားပုံစံတွေနဲ့ ရောက်မလာစေနဲ့ပေါ့"

သူက ပြောပြီး ဖုန်းပိတ်ချလိုက်သည်။ သူ့လေသံကို နားထောင်နေသော သူငယ်ချင်းတွေက ...

"ဘယ်လိုလဲကွ၊ မင်းက မင်းအဖေထက် ကျော်ပြီး အိမ်ကြီးရှင်နေရာကို ရသွားပြီလား။ မင်းဆီကိုပဲ ခွင့်တောင်းနေရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"အရေးမပါတဲ့ အရှုပ်ထုပ်ကို လာဖွင့်ပြနေတာပါကွာ။ ကဲ ... အခုန ပြောနေတာတောင် ဘယ်ရောက်သွားလဲ။ ဪ ... ပါပု ဆန်းဒေးကျရင် မင်း လာမှာလား"

ပါပုက မဖြေသေး။ တွတ်တီက ဝင်ပြောသည်။

"ပါပု ... သိပ်စဉ်းစားမနေနဲ့။ အမှန်အကန်တွေ လာမှာနော်။ မင်း နတ်စည်းစိမ်ကို ခံစားဖူးသလို ဖြစ်သွားမယ် ... ပြီးတော့မှ မောင်ကျန်တစ်ကို ဖြစ်နေမယ် ... ဟား ဟား"

"အေး ... ခေါ်လိုက်ကွာ"

သူက ပါပုရဲ့ တစ်လုံးတစ်ခဲ အသံကြီးကြောင့် နှစ်နှစ်မြိုက်မြိုက် ပြုံးမိသွားရသည်။ ပါပုရဲ့ ပခုံးကို သိုင်းဖက်ရင်းမှ ကျောပြင်ကို တစ်ချက် နှစ်ချက် ပုတ်ပေးလိုက်ကာ ...

"ပါပုရာ ... ယောက်ျားဆိုတာ ယောက်ျားရဲ့စည်းစိမ်ကို အပြည့်အဝ ခံစားတတ်ရတယ်ကွ။ ခံစားစမ်းပါကွာ မိန်းမဆိုတာ ယောက်ျားတွေအတွက် မွေးဖွားလာတဲ့ အသုံးတော်ခံလေးတွေပါ"





ဘယ်သူတွေ ဘယ်လိုပဲထင်ထင် သူကတော့ အဲဒီလို ခံယူချက်ပြင်းပြင်း ထားခဲ့တာဖြစ်သည်။ သူ တွေ့ဖူးသော မိန်းကလေးများမှာလည်း အထင်ကြီးစရာ တစ်ကွက်မှ မရှိပါ။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



## ၃

သူသည် အိမ်ကို မနက်လေးနာရီမှ ပြန်ရောက်သောကြောင့် ရောက်ရောက်ချင်းပဲ အိပ်ရာထဲသို့ တစ်ရှိန်ထိုး ဝင်အိပ်ပစ်လိုက်သည်။ အရှိန်တွေက များလာသောကြောင့် ခဏပဲ အိပ်ပျော်နိုင်ကာ နံနက်ရှစ်နာရီလောက်မှာ ခေါင်းတွေ အပြင်းအထန်ကိုက်ပြီး ပြန်နိုးလာသည်။ ဦးခေါင်းကြီးတစ်ခုလုံး ထုံထိုင်းနေကာ ဘယ်လိုမှ စိတ်မကြည်နိုင်ချေ။

ဒါကြောင့် အခန်းထဲက အင်တာကွန်ကနေ၍ အောက်ထပ်သို့ လှမ်းခေါ်လိုက်သည်။ ဘယ်သူမှ ပြန်ထူးသံမကြားရ။ သူ တော်တော်စိတ်တိုသွားသည်။ ဒီလောက် လူပေါင်းသောင်းခြောက်ထောင်က ဘယ်သွားပြီး ဘာလုပ်နေကြလဲ မပြောတတ်။ စိတ်တိုတိုနှင့် တစ်ခါကြုံးအော်သည်။





"ဟေ့ ... ဘယ်သူမှ မရှိကြဘူးလား။ တစ်အိမ်လုံး ဘယ်သွားသေနေကြလဲကွ ... ဟေ"

"ရှိ ... ရှိပါတယ်ရှင့်"

အင်တာကွန်ထဲမှနေ၍ သူ တစ်ခါမှ မကြားဖူးသော အသံလေးတစ်ခုက ခပ်တိုးတိုးနှင့် ခပ်တုန်တုန် ထွက်ပေါ်လာသည်။ အေးစိမ့်၊ နူးရီ၊ ဝင်းမြင့် စသော ဟာမလေးရဲ့ အသံလည်း မဟုတ်ချေ။ သို့သော် သူကား ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ထပ်အော်လိုက်သည်။

"အေး ... ရှိရင် ရှိတဲ့သူ လာခဲ့၊ မြန်မြန်လာခဲ့စမ်းကွာ။ တောက် ... ဘာလုပ်နေလဲ၊ ခေါ်မကြား အော်မကြားနဲ့"

သူက ပြောပြီးနောက် အင်တာကွန်ခလုတ်ကို ပိတ်ချလိုက်သည်။ ခဏနေသောအခါ သူ့အခန်းတံခါးကို တိုးတိုးလေး လာခေါက်သံကို ကြားရသည်။

"ဝင်ခဲ့"

သူ့အသံအဆုံးတွင် တံခါးလက်ကိုင်ဘုက ကလစ်ခနဲမြည်၍ လှည့်ပွင့်သွားကာ တံခါးက ဖြည်းဖြည်းချင်း ပွင့်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးလျှင် မိန်းကလေးတစ်ယောက်က ခေါင်းငုံ့လျက်သားနှင့် သူ့အခန်းတွင်းသို့ ဝင်ရောက်လာပါသည်။ မိန်းကလေးကို မြင်လျှင် သူ့မျက်လုံးတွေက နည်းနည်းတော့ အံ့သြသွားလေသည်။ ကောင်မလေးသည် မျက်လွှာလေး အသာချလျက် အခန်းတွင်းသို့ ဝင်ရောက်လာသဖြင့် သူက စိတ်တိုင်းကျ ရှုစားခွင့်ရနေသည်။

မိန်းကလေးက သိပ်တောက်တောက်ပြောင်ပြောင် ခမ်းခမ်းနားနားကြီး မဟုတ်ပါ။ သို့သော် ဒါကလည်း သဘာဝကျပါသည်။ အိမ်နေရင်းဝတ်စုံကို ဝတ်ထားသော်လည်း အဲဒီဝတ်စုံက မိန်းကလေး၏ သဘာဝအလှတရားကို ဖုံးပိုးပေးထားသည်မှာ သူ့အတွက်တော့ ခံစားလို့ကောင်းသောအရာအတိပဲဖြစ်သည်။

အနက်ရောင်မြောင်အခံပေါ်တွင် အပြာရောင်၊ အစိမ်းရောင်၊ အနီရောင် စသဖြင့် ကန့်လန့်စင်းလေးတွေ ပါဝင်သောယောအဆင်လိုလို ဝမ်းဆက်ကို အကျီလက်ပြတ်နှင့် လုံချင်တွဲဖက်ဝက်ဆင်ထားသဖြင့် ဖွံ့ထွားစိုပြည်သော ခန္ဓာကိုယ်အလှသည် ဘယ်လိုမှ ပုန်းလျှိုးကွယ်လျှိုး ရှိမနေဘဲ အထင်းသား ပေါ်လွင်နေစေသည်။





အကျီက နည်းနည်းကြာနေသောအကျီ ဖြစ်ဟန်တူသည်။ ကြားထဲမှာ မိန်းကလေးက ဝလာသောကြောင့်လားတော့ မပြောတတ်ပါ။ ခန္ဓာကိုယ်အပေါ်ပိုင်းက ကြွတက်နေသောအသားစိုင်များကို ဘယ်လိုမှ မဖုံးဖိနိုင်ချေ။ တစ်တစ်ရစ်ရစ်ရှိနေသော လက်မောင်းသားများသည် အဖျားပိုင်းမှာ လုံးပြည့်လျက် အရင်းသို့ရှူးလျက် လှပစွာ သွယ်ဆင်းသွားကြသည်။

သူက ခန္ဓာကိုယ်တစ်ခုလုံးကို စိတ်ကြိုက်ရှုစားပြီးသောအခါ မျက်နှာသို့ နောက်ဆုံးမှာ အကြည့်ပို့လိုက်သည်။ မျက်နှာလေးက သိပ်အလှကြီး မဟုတ်ပေမယ့် ကြည့်ကောင်းတဲ့အဆင့်မှာတော့ ပါ,ပါသည်။ သနပ်ခါးပါးကွက်ကြား တင်ထားသော ခပ်မှုန်မှုန်ပါးပြင်သည် သူ့စိတ်ကို ရိုတိတိဖြစ်အောင် ဖွမ်းဆောင်နေလေသည်။

ကောင်မလေးက သူနှင့် လေးပေလောက်အကွာမှာ ခြေလှမ်းရပ်သွားသည်။ သူက ကလေးမ၏ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်ကာ ...

"မင်းက ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမပုံစံက အိမ်မှာ အလုပ်,လုပ်ဖို့ခေါ်ထားသည့် အိမ်ဖော်မိန်းကလေးများနှင့်လည်း မတူပါ။ ဟိုဟာမတွေက ပုတဲ့လူကပု၊ ကွတဲ့လူကကွ၊ မည်းတဲ့လူကမည်း၊ ခေါတဲ့လူကလည်း ခေါ စသဖြင့် တစ်ယောက်မှ ပုံမလာသော ပုံဆိုးပန်းဆိုးတွေ ဖြစ်ကြသည်။

သူ့မေးခွန်းကြောင့် သူမရဲ့မျက်နှာက နည်းနည်းမော့လာသည်။ မော့လာတော့မှပဲ မျက်လုံးတွေက ခပ်ဝိုင်းဝိုင်းဖြစ်ကာ တောက်တောက်ပပဖြစ်ကြောင်း သတိပြုမိရတော့သည်။

"ကျွန်မ ဒေါ်ကြီးစိန်ရဲ့တူမပါ"

ဒီတော့မှ သူ့စိတ်ထဲတွင် သြော်ခနဲ ဖြစ်သွားသည်။ လွန်ခဲ့တဲ့ ဆယ်ရက်လောက်က သူ့ကို ဒေါ်စိန်က ဖုန်းဆက်ပြီး ပြောဖူးတာကို အမှတ်ရသွားသည်။ ကြည့်စမ်း ... အဲဒီတည်းက ဒီကလေးမ ရောက်နေခဲ့တာပေါ့။ သူ ပြောထားသည့်အတိုင်း သူ့မျက်စိအောက်သို့ လုံးဝရောက်မလာခဲ့ပါ။

ကိုးရိုးကားရားပုံစံနှင့် ဒေါ်စိန့်တူမ ဆိုတော့လည်း ဒေါ်စိန့်ပုံပဲ ထွက်လာလိမ့်မည်ဟု မျှော်လင့်ထားသဖြင့် သူက





ဝေးဝေးမှာနေဖို့ ပြောခဲ့ခြင်းဖြစ်သည်။ ဒီလို သန့်သန့်ပြန့်ပြန့်နှင့် သနားကမားပုံစံ ရှိမယ်ဟု သူက လုံးလုံးမှ အတွေးမရောက်ခဲ့ချေ။ ကောင်မလေးက သူ့ရဲ့စူးစူးရဲရဲ အကြည့်ဒဏ်ကို မခံနိုင်စွာဖြင့် ခေါင်းငုံ့သွားပြန်သည်။ ခေါင်းမော့လာစေရန်အတွက် သူက ထပ်၍မေးခွန်းထုတ်လိုက်သည်။

"မင်း နာမည် ဘယ်လိုခေါ်သလဲ"

"ဖြူနု ပါ"

"ဖြူနု ! အင်း နာမည်နဲ့ လူနဲ့တော့ ဟာမိုနီ ဖြစ်သားပဲ။ ဒါနဲ့ နေပါဦး၊ ငါ အော်ခေါ်နေတာ အသက်ထွက်တော့မယ်။ တစ်အိမ်လုံး ဘယ်ရောက်နေကြလဲ၊ ဒေါ်စိန်ရော"

"ဒေါ်ကြီးနဲ့ အေးစိန်၊ နရီတို့က ဈေးသွားကြပါတယ်။ တစ်လစာဝယ်မှာမို့ ပါသွားကြတာပါ။ ဝင်းမြင့်က ဖုန်းဘေလ်နဲ့ မီတာခွန်သွားဆောင်ရပါတယ် ...

အစ်ကိုလေး ဘာခိုင်းချင်လို့ပါလဲရှင်"

"အေး ... ခိုင်းချင်တာတွေတော့ အများကြီးပဲ။ အခုလောလောဆယ် ငါ ခေါင်းအရမ်းကိုက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ကျွန်မ ... ကျွန်မ ဆေးမကုတတ်ပါဘူးရှင့်"

သူက မျက်လုံးဝိုင်းဝိုင်းနှင့် အပီအပြင် ငြင်းဆိုနေသော ကောင်မလေးကိုကြည့်ကာ နောက်ချင်စိတ် ပေါ်သွားသည်။ အင်း ... ဒါလည်း တစ်မျိုးသစ်တာပါပဲ။

"ဆေးမကုတတ်ဘူး ဟုတ်လား။ မင်းတို့ရွာမှာ မိန္နွောသင်တန်းတွေ ဘာတွေ မတက်ဖူးဘူးလား"

"ရှင် ... မတက်ဖူးပါဘူး"

"ဟုတ်လား ... အဲဒါဆို ဘယ်ဖြစ်မလဲ။ အခု ငါခေါင်းတော်တော်ကိုက်ပြီး နေမကောင်း ဖြစ်နေတယ်။ မင်း ဆေးမကုတတ်တော့ မင်းကို ငါ ဒီမှာ ဘယ်လိုလုပ် ဆက်ထားရမလဲ"

ကောင်မလေးရဲ့ မျက်လုံးတွေက အထိတ်တလန့်ဖြင့် ပြူးကျယ်ဝိုင်းစက်သွားသည်။ အဲဒီပုံစံကို ရယ်ချင်စိတ်ကြောင့် သူ့ရဲ့ခေါင်းကိုက်ဝေဒနာက နည်းနည်းတော့ သက်သာသွားသည်ဟု ထင်သည်။

"ဟို ... ကျွန်မ ... ကျွန်မ .."





"ကဲ ... အဲဒီတော့ မင်း လုပ်တတ်တာ ဘာရှိလဲ"

ကောင်မလေးက မဖြေနိုင်ချေ။ သူ့ကိုပဲ အထိတ်တလန့် မျက်လုံးတွေဖြင့် ငေးကြည့်ကာနေလျှင် သူသည် အရိုင်းဆန်သော အဲဒီမျက်ဝန်းတွေကို သဘောကျသွားရတော့သည်။ လောကတွင် သူ သဘောမကျသော မိန်းကလေးကလည်း ခပ်ရှားရှားပဲဖြစ်သည်။ မိန်းကလေးတစ်ယောက်ကို ရုပ်သိပ်မလှပေမယ့် ကိုယ်လုံးကိုယ်ပေါက် လှရင်လည်း ကြိုက်သည်။ ကိုယ်လုံးကိုယ်ပေါက်လှပေမယ့် ရုပ်သိပ်မလှရင်လည်း ကြိုက်သည်။ ခံစားပေးနိုင်သည်။

ဘာတစ်ခုမှ သုံးစားမရသော မိန်းမဆိုရင်တော့ လှည့်တောင် မကြည့်တော့ချေ။ သူ့သူငယ်ချင်း နေမင်း ဆိုတဲ့ကောင်က မိန်းမတွေဟာ မီးပြတ်သွားရင် အားလုံးအတူတူပဲဟု အမြဲပြောတတ်သူ ဖြစ်ပါသည်။ သူက အဲဒီစကားကို သတိရသွားပြီး ပြုံးမိသွားသောအခါ ကောင်မလေးက ပိုကြောက်သွားဟန်တူသည်။ သူ့ကို အထစ်ထစ်အငေါ့ငေါ့ဖြင့် ...

"အစ် ... အစ်ကိုလေး ခေါင်းအရမ်းကိုက်နေရင် ကျွန်မ နှိပ် ... နှိပ်ပေးရမလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူက အဲဒီစကားကြောင့် မျက်ခုံးတစ်ချက် ပင့်သွားကာ ...

"နှိပ်ပေးမယ် ! ... ဘယ်ကိုနှိပ်ပေးမှာလဲ"

"ဟို ... နားထင်တို့ ခေါင်းတို့ကိုပါ"

"ဟုတ်လား ... အဲဒီလို နှိပ်ပေးရင် ပျောက်ရောတဲ့လား"

"အမေ ခေါင်းကိုက်ရင်တော့ အဲ ... အဲလို နှိပ်ပေးဖူးတာပဲ"

"အိုကေ ... ဒါဆို လာနှိပ်စမ်းကွာ"

ကောင်မလေးက သူ့အနားသို့ မဝံ့မရဲ တိုးကပ်လာသည်။ အနားရောက်လာသောအခါမှ သူမထံမှ နံ့သာဖြူနံ့လိုလို သနပ်ခါးနံ့လိုလို ရနံ့တစ်မျိုးက နှာခေါင်းထဲသို့ တိုးဝင်လာသည်။ နေ့စဉ် အမျိုးစုံ မွှေးရနံ့တွေနှင့် ကြုံတွေ့နေရသော သူ့အတွက်တော့ ဒီအနံ့က တကယ့်အသစ်ပဲ ဖြစ်သည်။ ခေါင်းကိုက်နံ့နက်ခင်းသည် နံ့သာဖြူသရပီကုထုံးကြောင့် နည်းနည်းလန်းဆန်းသွားသယောင် ရှိလေသည်။





ကောင်မလေးက သူ့နားထင်တွေကို စတင်ကိုင်ကာ လက်မနှင့် လက်ညှိုးကို အသုံးပြုလျက် စက်ဝိုင်းပုံသဏ္ဍာန် နှိပ်နယ်သည်။ အားပါး ... မိုက်သားပဲဟ။ အခါများစွာက massage ဝင်တုန်းက ခံစားချက်နဲ့တောင် မတူချေ။ သူက ခံကောင်းကောင်းနှင့် မိမ်ခံနေလိုက်သည်။ ကောင်မလေးက နည်းနည်းလက်သွက်လာကာ ဦးခေါင်းတစ်ခုလုံးကိုပါ နှိပ်နယ်သည်။ ဆယ့်ငါးမိနစ်လောက် မိမ်ခံပြီးသွားသောအခါ စိတ်ရဲ့လှုပ်ရှားချက်ကြောင့်လားတကယ်ပဲ အနှိပ်တော်လို့လားတော့ မပြောတတ်ချေ။

သူ့ရဲ့ခေါင်းကိုက်ဝေဒနာက သက်သာသွားပြီဖြစ်သည်။ လုံးဝကြီးတော့ မပျောက်သေးပါ။ ရေမိုးချိုးပြီး ကော်ဖီတွေ ဘာတွေ သောက်လိုက်မှ အရှင်းပျောက်သွားမည်ဟု ထင်သည်။ သူက နှိပ်နယ်နေသော ကောင်မလေးရဲ့ လက်လေးတွေကို ရုတ်တရက် အုပ်မိုးဆုပ်ကိုင်လိုက်သည်။ ကောင်မလေးက ဆတ်ခနဲ ဖြစ်သွားဟန်တူသည်။ သူက လက်လေးတွေကို ဦးခေါင်းထက်မှ အသာအယာ ဖယ်ချလိုက်ရင်း ကောင်မလေးကို သူ့ရှေ့တည့်တည့်သို့ ဆွဲခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက သူ့ကို မျက်လုံးဝိုင်းများနှင့်ကြည့်ကာ ဆတ်ခနဲ ခေါင်းငုံ့သွားလေသည်။ သူ့လက်ထဲက သူမရဲ့ လက်လေးများသည် ရုတ်တရက်ပဲ အေးစက်သွားသည်ဟု ထင်သည်။ အင်း ... တစ်ခါတလေတော့လည်း ကိုယ့်အလိုဆန္ဒကို လွယ်လွယ်ကူကူ လိုက်လျောပေးတဲ့ ခပ်ရဲရဲ မိန်းကလေးတွေထက်စာရင် ဒီလိုမျိုး ဘာအတွေ့အကြုံမှ မရှိတဲ့ အရိုင်းပန်းလေးကပဲ တစ်မျိုး စိတ်ဝင်စားဖို့ ကောင်းသည်ဟု ထင်သည်။ သူ့ကိုယ်သူ မိန်းကလေးတွေနဲ့ ပတ်သက်လာလျှင် မကြုံဖူးတာမရှိဟု ထင်ထားခဲ့လေသမျှ ဒီလို သဘာဝအရိုင်းပန်းလေးကိုတော့ မနမ်းဘူးပါလားဟု တွေးမိသွားရသည်။

သူက ကောင်မလေးရဲ့လက်တွေကို တစ်ချက်ဖျစ်ညှစ်ပြီးမှ အသာလွှတ်ပေးလိုက်သည်။

"အိုကေ ... မင်းနာမည် ဘယ်သူ ! "

"ဖြူ ... ဖြူနုပါရှင်"

"ဖြူနု ! ဟုတ်ပြီ။ သင့်ခ်ိယူ ဖြူနု၊ မင်းကြောင့် ကိုယ့်ဆေဒနာ သက်သာသွားပြီ ...





မင်း မဆိုးဘူးပဲ တော်တယ်၊ မင်းကို ငါ ဆုချရမယ်။ မင်း ဘာလိုချင်လဲ ပြောစမ်း"

"အို ... ဘာမှမလိုချင်ပါဘူးရှင်။ အစ်ကိုလေးက ကျွန်မရဲ့ ကျေးဇူးရှင်ပါ"

ပြဇာတ်ဆန်သော စကားလုံးကြောင့် သူက မျက်ခုံးကြောတွေ ရှုံ့သွားသည်အထိ စိတ်ပျက်သွားရသည်။ သူတို့လောကတွင် ကျေးဇူးရှင်တွေ ကျေးဇူးစားတွေ ဟူသော အသုံးအနှုန်းမျိုး မရှိပါ။ သူ့ဆီက ဟန်းဒ်ဖုန်း၊ အဖိုးတန် အသုံးအဆောင် စတာတွေ ရလို့လည်း ဘယ်မိန်းကလေးကမှ သူ့ကို ကျေးဇူးရှင်ဟု မသတ်မှတ်ပါ။ သူတို့လောကတွင် give & take သာရှိသည်။ ကျေးဇူးတရားတွေ၊ မေတ္တာတရားတွေ မရှိပါ။

"ကျေးဇူးရှင် ! ကျေးဇူးရှင်ဆိုတာ ဘာကိုပြောတာလဲ"

"ဟို ... ကျွန်မကို လက်ခံထားတယ်၊ ထမင်းကျွေးထားတယ်၊ ဒီလိုအိမ်ကြီးရခိုင်ထဲမှာ သက်သောင့်သက်သာ အေးအေးဆေးဆေးနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟိုး ... ဟိုးထား ရပြီ။ တော်ပြီ ... တော်ပြီ ဒီလောက်ဆို ရပြီ၊ ဒီတော့ ငါ တစ်ခု မေးစမ်းပါရစေဦး။ မင်းမှာ ကျေးဇူးရှင်ကို ကျေးဇူးဆပ်ရမယ်ဆိုတဲ့ အသိရော ရှိလား"

သူ ဆင်သော ခွင်ထဲသို့ ကောင်မလေးက တည့်တည့် ဝင်ရောက်လာသည်။ ခေါင်းကို ခပ်သွက်သွက်ညိတ်ကာ ဝင်းပသော မျက်နှာထားလေးဖြင့် ဖြေသည်။

"ဟုတ် ... ဟုတ်ကဲ့ ... ရှိပါတယ်ရှင်"

"အိုကေ ... ဒါဆိုရင် ဒီနေ့ကစပြီး မင်းကို ငါ့ရဲ့ စက်ကတ်ကြေး ... အဲလေ စက္ကရီတေရီ ခန့်လိုက်ပြီ"

"ရှင် ... ကျွန် ... ကျွန်မက ဆယ်တန်းတောင် မအောင်ပါဘူး အစ်ကိုလေး၊ အဲ ... အဲဒါက ..."

"ကျွတ် ... ဒါက ပညာအရည်အချင်းနဲ့ မဆိုင်ဘူးကွာ။ မင်းအနေနဲ့ ငါ့ရဲ့ဝေယျာဝစ္စမှန်သမျှ လုပ်ပေးရမှာ သဘောပေါက်လား ...

ငါ ရေချိုးမယ်ဆိုရင် ရေချိုးကန်ထဲမှာ အမွှေးဆီ ဖောက်ထည့်ပေးရမယ်၊ ရေပူ ရေအေး စပ်ပေးရမယ်၊ ရေ





ချိုးပြီးရင် အကျႌအဝတ်အစား ဝတ်ပေးရမယ်၊ အပြင်က ပြန်လာရင် အဝတ်အစား လဲပေးရမယ် ...

ခုနလိုပဲ ငါ ခေါင်းကိုက် ဇက်ကြောတက်ရင် နှိပ်နယ်ပေးရမယ်။ ထမင်းစားရင်လည်း ဘေးနားကနေ တစ်ချိန်လုံး လိုအပ်တာ လုပ်ပေးဖို့ အဆင်သင့်ရှိနေရမယ်၊ ဘယ်လိုလဲ ... ဒီအိမ်မှာ မင်း တခြား ဘာအလုပ်မှ လုပ်စရာမလိုဘူး၊ ငါ့ကိစ္စ တစ်မျိုးတည်းကိုပဲ လုပ်ရမယ် ...

လုပ်နိုင်မလား"

"ဟုတ်ကဲ့ ... ကျွန်မ လုပ်ပေးနိုင်ပါတယ်၊ ဟို ... အစ်ကိုလေး စိတ်တိုင်းမကျမှာသာ စိုးရိမ်ရတာပါ"

"ဒါက မင်းရဲ့စွမ်းဆောင်ရည်အပေါ်မှာ မူတည်တယ်၊ ငါ့ကိစ္စတွေကို လုပ်ပေးရမှာဆိုတော့ မင်းအနေနဲ့ သိပ်နဲ့သိပ်အလို့တော့ မဖြစ်ဘူး ...

ဒီတော့ ... အင်း ... ဘယ်လိုပုံစံသွင်းရပါ့"

သူက ကောင်မလေးရဲ့ ကိုယ်ခန္ဓာကို စိမ်ပြေနပြေ ရှုစားရင်း အကြံထုတ်နေတုန်းမှာပဲ သူ့အခန်းတံခါးက ကျွီခနဲ



www.burmeseclassic.com

www.burmeseclassic.com



ပွင့်လာကာ အမောတကော မျက်နှာထားဖြင့် ဒေါ်စိန် ဝင်ရောက်လာသည်။ သူက ဒေါ်စိန့်ကို စူးစူးရဲရဲ တစ်ချက်လှမ်းကြည့်ကာ...

"အသံမပေး ဘာမပေးနဲ့ ဘာကိစ္စ စွတ်ရွတ်ဝင်လာရတာလဲ ဒေါ်စိန်"

"အော် ... မောင်နေခြည် ဘာအနှောင့်အယှက်များ ဖြစ်နေလို့လဲ စိုးရိမ်ပြီး ဝင်လာတာပါ။ ဖြူနု ... ညည်းက ဒီကို ဘယ်လိုလုပ် ရောက်နေရတာလဲ"

ဒေါ်စိန်က သူ့တူမကို ခပ်ဆတ်ဆတ်ငေါက်ကာ ဆိုသည်။

"ကျွန်တော် ခေါ်ထားတာပါ၊ နိုးလာလို့ အင်တာကွန်းက နေ တစ်အိမ်လုံးကို ကုန်းအော်နေတာ၊ ဘယ်သူမှ ပြန်မထူးကြဘူး။ သူပဲ ရှိတယ်"

"အော် ... အေးကွယ်။ ခါတိုင်း မောင်နေခြည်က နေ့ခင်းကျမှ နိုးလေ့ရှိတာဆိုတော့ မနိုးသေးဘူးထင်ပြီး အိမ်ရှိလူကုန်ကို အလုပ်တွေ ခိုင်းထားတာကွယ် ...





အခု ဘာလိုချင်လို့လဲ ဒေါ်စိန့်ကို ပြောပါ။ ဒီကောင်မလေးက ရောက်တာမကြာသေးတော့ ဘာမှသိပ်မလုပ်တတ်သေးဘူး။ မောင်နေခြည် စိတ်အနှောင့်အယှက် မဖြစ်နဲ့နော်"

"မဖြစ်ပါဘူး၊ ခင်ဗျားတူမက တော်ပါတယ်၊ ခင်ဗျားကို တစ်ခုပြောမယ် ဒေါ်စိန်၊ သူ့ကို တခြားဘာအလုပ်မှ မခိုင်းပါနဲ့ ...

ဒီအိမ်မှာ ကျွန်တော့် ဝေယျာဝစ္စကိုပဲ လုပ်ပါစေ ...

အဲဒါ ကျွန်တော့်အခန်းထဲက ပစ္စည်းတွေ သုံးပုံသုံးနည်း၊ ရေပူရေအေးစပ်နည်း၊ အစားအသောက် ကျွန်တော် ဘာတွေကြိုက်တတ်သလဲ စသဖြင့်ပေါ့ လိုအပ်တာ သင်ပေးထားလိုက်ပါ"

သူ့စကားကြောင့် ဒေါ်စိန့် မျက်နှာက တစ်မျိုးဖြစ်သွားသည်။ သူ ပြောသော အကြောင်းအရာကို ချက်ချင်းလက်သင့်ခံချင်ပုံ မပေါ်ပေ။ သူက ဒေါ်စိန့်ကို ရှုတည်တည်ဖြင့် တစ်ချက်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ ဒေါ်စိန်၊ အဆင်မပြေဘူးလား"

"ဩော် ... ပြေပါတယ်။ မောင်နေခြည် အဆင်မပြေမှာကိုပဲ စိုးရိမ်တာပါ"

"အဲဒီအတွက်တော့ စိုးရိမ်စရာ မရှိပါဘူး။ ခင်ဗျားသာ သူ့ကို သေချာသင်ထားပေးလိုက်ပါ ...

ကဲ ... အခုပဲ ပြပေးလိုက်၊ ကျွန်တော် ရေချိုးတော့မယ်။ ရေချိုးနေတုန်းမှာ ကျွန်တော့် အတွက် ကြက်ပေါင်းမြူစွမ်နဲ့ ကော်ဖီနှပ်ထားပြီးရင် အဲဒါစားမယ်"

သူ့စကားအဆုံးတွင် ဒေါ်စိန်က ခေါင်းတစ်ချက်ဆတ်ကာ ကောင်မလေးကို မျက်ရိပ်ပြပြီး ခေါ်သွားသည်။ အဲဒီအချိန်မှာပဲ သူက သူ့ရဲ့လက်စွဲတော် မေရီကို ဖုန်းဆက်ခေါ်လိုက်လေသည်။

"ဟယ်လို"

တစ်ဖက်မှ မေရီက သူမှန်း သိသည်နှင့် ချွဲချွဲပစ်ပစ်ထူးသည်။





"မေရီ ... မင်း ကိုယ့်ဆီကို နောက်ထပ် တစ်နာရီလောက်ကြာရင် ရောက်လာခဲ့စမ်းပါ"

"နောက်တစ်နာရီ ... အိုး သိပ်မကြာခင်ပေါ့"

"ဘာလဲ ... ဘာဖြစ်နေလို့လဲ၊ အဆင်သင့် မဖြစ်ဘူးလား"

"အင်း ... နေခြည့် အပ္ပိုင့်မန့်က အရမ်းကပ်လွန်းနေတယ်"

"ဗယားတွေ ချုပြမနေနဲ့ကွာ၊ မင်း လာနိုင်မလား မလာနိုင်ဘူးလား ဆိုတာပဲပြော"

"ယူ ဝေါင်နေလို့လား"

"မေးခွန်းတွေ ပြန်မထုတ်စမ်းနဲ့ မေရီ။ မင်း လာနိုင်မလား မလာနိုင်ဘူးလား ဆိုတာပဲပြော"

"ယူကလည်း စိတ်ချည်းပဲ။ ယူ့အတွက်ဆို မေရီ ဘယ်တုန်းက ရယ်ဒီမဖြစ်ဘူးလို့လဲ ...

ကဲပါ ... နောက်တစ်နာရီကျ ယူ့ရှေ့မှောက်ကို မေရီ ရောက်လာစေရမယ်။ ဒါနဲ့ မေရီက ဘယ်ကိုလာရမှာလဲ"

"ကိုယ့်အိမ်ကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အိုး ဂေါဒ် ... နေခြည်ရဲ့အိမ်။ လိပ်စာသာ ကြားဖူးပြီး တစ်ခါမှ မရောက်ဖူးတဲ့ နေခြည်ရဲ့အိမ်ကို လာရမယ်ဆိုတော့ အခြေအနေတစ်ခုတော့ ထူးခြားမယ်နဲ့ တူတယ် ...

အားလားလား ... တို့ ရင်တွေတောင် ခုန်လာပြီ နေခြည်ရယ်"

သူက မေရီ့ကို အရှုံးမပေး စိတ်ထဲမှာ ပျစ်ပျစ်နစ်နစ် ကျိန်ဆဲမိသည်။ စိတ်ကုန်သဖြင့် ဘာမှထပ်မပြောတော့ဘဲ ဖုန်းကို ပိတ်ချပစ်လိုက်လေသည်။ မေရီ ဆိုသောမိန်းမကို massage room တစ်ခု၌ သူကတွေ့ခဲ့ခြင်း ဖြစ်သည်။ ထုံးစံအတိုင်း သူနှင့် အဲဒီကလေးမတို့က အပေးအယူနှင့် ငြိသွားကြသည်။

ကျန်တဲ့မိန်းကလေးတွေနဲ့ ငြိတာတွေ အမြောက်အမြား ရှိသော်လည်း ဘယ်သူနဲ့မှ ကြာကြာမဟုတ်ချေ။ အလုပ်သဘောပြီးလျှင် ပြီးသွားကြတာ များသည်။ မေရီ ကျတော့ အဲဒီလိုမဟုတ်။ အဲဒီကလေးမက သူ့အထာကို နပ်သည်။ အပြုအစု အယုအယ ကောင်းသည်။ သူ့ကို တိုင်တွေ သိပ်မပတ်တတ်။ သူက အဲဒါကို သဘောကျတာဖြစ်သည်။





သူသည် အတွေးစိတ်ကူးနှင့်အတူ ကောင်မလေး စပ်ပေးထားသော အမွှေးဆီရေချိုးခန်းနွေးနွေးထဲမှာ နာရီဝက်လောက် စိမ်ယူပြီး စိမ်လိုက်သောအခါ တော်တော်ကြီး လန်းဆန်းအပန်း ပြေသွားသည်။ ပြီးလျှင် အောက်ထပ်သို့ဆင်းကာ ထမင်းစားပွဲမှာ ကြက်ဥပြုတ်တစ်လုံးကို အရင်သောက်ကာ ပြီးမှ ကြက်ပေါင်း မြူစွမ်ကို သောက်သည်။ သူ့နံဘေးတွင် ဖြူနု ဆိုသော ကောင်မလေးက လိုအပ်တာ လုပ်ကိုင်ပေးနေသည်။

အိုကေ ... ဒီစိတ်ကူးကို သူ ဘာကြောင့် မတွေးမိရတာပါလိမ့်။ မိန်းမတစ်ယောက်ကို ယူမထားဘဲ ပြုစုယုယပေးမည့် မိန်းမတစ်ယောက်ထားဖို့ သူ ဘာကြောင့်များ မေ့လျော့ထားမိရတာပါလိမ့်။ အခုတော့ အချိန်တွေများ နှမြောစရာကောင်းလှလေသည်။ ဒီစိတ်ကူးကို ဖေဖေတောင် တွေးမိရဲ့လား မသိပါ။ အင်း ... ဖေဖေ့ကို အကြံပေးဦးမှ။

သူက အတွေးနဲ့အတူ ကော်ဖီသောက်နေတုန်းမှာပဲ ကောင်မလေးတစ်ယောက်က သူ့ကို သတင်းလာပို့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေး ... မမေရီ ဆိုတဲ့ အန်မကြီးတစ်ယောက် ရောက်နေပါတယ်"

"အေး ... အပေါ်ထပ်က ငါ့ဧည့်ခန်းထဲ ပို့ထားလိုက်"

သူကတော့ ခဏနေမှပဲ သောက်လက်စ ကော်ဖီခွက်ကို ဖြူနုအား ယူဆောင်လာစေကာ အိမ်ပေါ်သို့ တက်လာခဲ့သည်။ သူ့အခန်းကျယ်ကြီးရဲ့ တစ်ဝက်သည် သီးသန့်တွေ့ချင်သော ဧည့်သည်များအတွက် စီစဉ်ထားသော ဧည့်ခန်းဖြစ်သည်။ သူ့အခန်းထဲမှ ဆလိုက်တံခါးကို ဆွဲလိုက်လျှင် ဧည့်ခန်းနှင့် သူ့အခန်းက တစ်ဆက်တည်း ဖြစ်သွားလေ့ရှိသည်။

အခုလည်း သူ့အခန်းထဲကနေ၍ ဆွဲဖွင့်လိုက်လျှင် ဆိုဖာပေါ်မှာ ဟန်ကိုယ့်ဖို့လုပ်ပြီး ထိုင်နေသော မေရီက သူ့ကို မြင်သောအခါ အံ့သြသွားသည်။ သူ့နောက်မှ ကော်ဖီခွက်ကို ကိုင်လျက် ခပ်ယို့ယို့ လိုက်ပါလာသော ဖြူနုကိုတော့ သာမန်မျှပဲ တစ်ချက်ကြည့်ကာ ထိုင်ရာမှ ထရပ်လျက် သူ့အနားသို့ လျှောက်လာရင်း နှုတ်ဆက်နေကြပုံစံအတိုင်း နှုတ်ဆက်သည်။





သူက မေရီရဲ့ပခုံးကို ခပ်ဖွဖွပုတ်ရင်းမှ ပြန်ထိုင်စေလိုက်သည်။ အိမ်နေရင်းတောင် အဖြူရောင်ချည်သား လက်ရှည်ဖွဖွတစ်ထည်နှင့် လွတ်လပ်သော ဘက်ဂီဘောင်းဘီတိုပွကို စမတ်ကျကျနှင့် ယာဂျူဇာဂိုဏ်းချုပ်တစ်ယောက်လို ဝတ်စားထားသော သူ့ကို မေရီက တောက်ပစွန်းလက်သော မျက်လုံးများဖြင့် ငေးကြည့်ကာ ...

"အဆန်းတကြယ်ကြီးပါလား နေခြည်ရယ်။ ဂျိမ်းစ်ဘွန်းဇာတ်ကားထဲက လူဆိုးခေါင်းဆောင် ကျနေတာပဲ"

သူက မေရီရဲ့စကားကို ဟက်ခနဲ တစ်ချက်ရယ်ကာ ဖြူနု လက်ထဲမှ ကော်ဖီခွက်ကို ယူမော့လိုက်သည်။

ပြီးလျှင် မေရီနှင့် မျက်နှာချင်းဆိုင် ဆိုဖာတွင် ခြေချိတ်ရင်း ဝင်ထိုင်လိုက်ကာ လက်မကို နောက်သို့ပစ်ပြလျက် ...

"မေရီ ... သူ ချောသလား"

မေရီက သူ့အထာကို နပ်နေသူပီပီ ဖြူနုကို တစ်ချက်ကြည့်ကာ မဆိုးပါဘူးဟု မှတ်ချက်ချသည်။ သူက ခေါင်းတစ်ချက် ဆတ်လိုက်ရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို မေရီ ထရိန်နင် ပေးရလိမ့်မယ်"

"ဘယ်လို ! "

"သူ့ကို ကိုယ် သဘောကျတယ် မေရီ။ မင်းတို့က ကိုယ့်ကို အချိန်ပြည့် မပြုစုနိုင်ဘူးလေ။ သူက ဒီအိမ်မှာ အမြဲနေတဲ့လူ new ပဲကွာ ...

ကိုယ့်အတွက် အရာအားလုံး new ပဲ၊ သဘောပေါက်လား မသိဘူး"

မေရီရဲ့ မျက်လုံးတွေက သရော်တော်တော် ပုံစံသို့ ပြောင်းလဲသွားကာ နားလည်သဘောပေါက်သွားဟန် တူသည်။

"အင်း ... ပေါက်သလိုလိုတော့ ရှိပါတယ်"

"ဟုတ်ပြီ ... အဲဒီတော့ မင်း အချိန်ဘယ်လောက် လိုချင်လဲ"

"ဒါက သူ့အရည်အချင်းပေါ်မှာလည်း မူတည်တယ်လေ။ ဒါနဲ့ နေပါဦး ... သူ့ဒီနိုင်းကိုရော ထရိန်နင် ပေးရဦးမှာလား"





"အိုး ... နိုး ... နိုး ... မလိုပါဘူး ... မလိုပါဘူး မေရီ။ သူ့ဒီနိုင်းကို ကိုယ် အုံးမစားပါဘူး။ သူက ဒီအိမ်ထဲမှာပဲ နေမယ့်သူပါ။ အဓိက,က ကိုယ့်ကို သူ ကောင်းကောင်း ပြုစုတတ်ဖို့ပဲ ...

အင်္ကျီကြယ်သီးတွေ သေချာဖြုတ်ပေးတတ်ဖို့ တပ်ပေးတတ်ဖို့ ခါးပတ် ပတ်ပေးတတ်ဖို့ ဖိနပ်ကြိုးချည်ပေးတတ်ဖို့ စသဖြင့်ပေါ့လေ ...

မင်း ကျွမ်းပါတယ်၊ မင်း နည်းလေးတွေလေ နည်းနည်းလောက် မျှပေးဖို့ပါ"

မေရီက သူ့ကို ဒေါသမပါသော မျက်စောင်းတစ်မျိုးကို ထိုးကာ ...

"အံမယ် ... တော်ကြာ နေခြည်က မေရီ့ဆီ ရောက်မလာတော့ရင် ဘယ့်နှယ်လုပ်မလဲ"

"အဟား ဟား ... အဲဒီလိုကိစ္စမျိုး မရှိပါဘူးကွာ။ အိမ်မှာပဲ ကိုယ့်ကို ပြုစုဖို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင်း ဟင်း ... ပေါက်ပါပြီ။ ရှင်က တော်တော်ထွင်လည်း ထွင်တတ်တဲ့သူပဲနော်။ ဒီစတိုင်လ်ကို ဘယ်ယောက်ျားမှ ထွင်တောင် မထွင်သေးဖူးနဲ့တူတယ် ...

မိန်းမ မယူဘဲနဲ့ ပြုစုယုယတဲ့ မိန်းကလေးတစ်ယောက် ရတဲ့နည်းပေါ့၊ ဟုတ်လား"

"ရိုက်ထိ ... ဒါကိုလည်း မငြင်းဆိုလိုပါဘူး"

"ဟုတ်ပါပြီ၊ ကဲ ... ဒါဆို ဘယ်တော့စ,ရမလဲ၊ ပြော"

"အခုစ,လည်း ရတယ်။ မြန်မြန်တတ်သိလေ ကောင်းလေပဲ။ သဘောတရားလေးတွေပါ သင်ပေးလိုက်ပါကွာ"

မေရီက ပြုံးမဲ့မဲ့ဖြင့် ခေါင်းညိတ်ပြလျှင် သူက မေရီ့ဘက်ကိုတော့ စိတ်ချသွားပြီမို့ ဖြူနု ဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်သည်။ ဖြူနုကတော့ နောက်နားမှာ ယို့ယို့လေးရပ်နေကာ သူမပုံစံနှင့် အတော်ကြီး ကွဲပြားခြားနားနေသော မေရီရဲ့ပုံစံကို မမြင်ဖူးသလို ငေးကြည့်ကာနေသည်။

သူက ကောင်မလေးကို ရှေ့သို့ တစ်ချက်ခေါ်လိုက်သည်။





"ဖြူနု"

"ရှင် ... အစ်ကိုလေး"

"ဒီက အစ်မက ငါ့သူငယ်ချင်း၊ သူက မင်းကို မင်းမသိသေးတာ မတတ်သေးတာတွေကို သင်ပေးလိမ့်မယ်၊ သူပြောပြတာကို မင်း သေချာမှတ်ထားရလိမ့်မယ်"

"ဟုတ် ... ဟုတ်ကဲ့"

"အိုကေ ... ဒါဆို မင်းတို့နှစ်ယောက် နေခဲ့ကြတော့ မေရီ။ ခပ်ပါးပါးပဲနော်"

သူက မေရီကို မျက်စိတစ်ဖက် မှိတ်ပြရင်း ပြောလိုက်လျှင် မေရီက အထာပေါက်စွာနှင့် လက်ပိုက်ရင်းပြုံးကာ ခေါင်းတစ်ချက် ညိတ်သည်။ သူက လက်တစ်ချက်ပြကာ မေရီနှင့် ဖြူနုကို ထားခဲ့လေသည်။ မေရီရဲ့ အစွမ်းအစကို သူ ယုံပါသည်။ သိပ်မကြာခင်မှာ ဖြူနုသည် သူ့အတွက် မက်မောပျော်ရွှင်စရာများကို ယူဆောင်လာလိမ့်မည်ဟု မျှော်လင့်ရပါသည်။

❦ ✧ ❦



www.burmeseclassic.com

www.burmeseclassic.com



# ၄

မေရီရဲ့ အသင်အပြက တော်လို့ပဲလား၊ ဒါမှမဟုတ် ဖြူနု ဆိုသော ကောင်မလေးကပဲ နာခံမှုစွမ်းအားကောင်းလို့လားတော့ မပြောတတ်ချေ။ သုံးလေးရက်အတွင်းမှာ ဖြူနုသည် သူ့ကို ကောင်းကောင်းကြီး ပြုစုတတ်သွားသည်။ သူ အပြင်ကပြန်ရောက်လာလျှင် တံခါးဝနားမှာ အဆင်သင့် ရောက်နေကာ အေးချမ်းသော အပြုံးလေးတစ်ခုနှင့် ခေါင်းညွတ်နှုတ်ဆက်သည်။ ပြီးလျှင် သူသွားရာနောက်မှာ ထက်ကြပ်မကွာ။

သူက ရေချိုးမယ်ဟု ပြောလျှင် အားလုံးအဆင်သင့်။ ရေချိုးပြီးလျှင် ဝတ်ဖို့စားဖို့ အဆင်သင့်။ သူ့အရိပ်အကဲကို





တော်တော်ကြီး နားလည်နေပြီဟု ပြောရပေမည်။ သူ့အရိပ်အကဲကို နားမလည်တာက ဒေါ်စိန်ပဲ ဖြစ်သည်။ ဒေါ်စိန်သည် အိမ်မှာ တစ်သက်လုံး နေလာသူပီပီ သူ့အကြောင်းကို နောကြေစွာဖြင့် တိုးတိုးတိတ်တိတ် လာပြောရှာသည်။

“မောင်နေခြည်ရယ် ... အဒေါ်တူမလေးကို ရိုးရိုးသားသား ဖြူဖြူစင်စင်လေးပါ။ သူ့အမေ ဆုံးသွားရှာလို့ ခိုကိုးရာမဲ့သွားလို့ အဒေါ်ဆီ လာနေရကာပါကွယ်။ မောင်နေခြည်တို့ရဲ့ ကျေးဇူးတရားကိုလည်း နားလည်ပါတယ် ...

ဒါပေမဲ့ တစ်ခုခုဆို အဒေါ်တူမလေးမှာ ...”

သူက အဲဒီလို ခိုညည်းသံတွေဆိုလျှင် အလွန်မုန်းသဖြင့် ဆုံးအောင်နားမထောင်ဘဲ လက်ကာပြလိုက်ကာ...

“ဇာတ်ထဲက ဒိုင်ယာလော့ခ်တွေ လာမပြောနဲ့ဗျာ၊ မခံစားနိုင်ဘူး နားငြီးတယ်။ ခင်ဗျား ကြိုဆစ်လက်ကောက် လိုချင်နေတာမှုလား။ ဒီနေ့ပဲ သွားဝယ်လိုက်။ ပိုက်ဆံကို အိမ်စရိတ် ချက်လက်မှတ်ထဲက ထုတ်သုံးလိုက် ဟုတ်ပြီနော်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး တစ်ခုပြောထားချင်တာက



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတူမကို ဘာအထုပ်အထည်မှ ဝန်မပိုစေရဘူး။

ဟုတ်ပြီနော် ...

ဘာစကား ထပ်ပြောချင်သေးလဲ”

ကြံဆစ်လက်ကောက်သည် ဒေါ်စိန်ရဲ့ ပါးစပ်ပေါက်ကို အာစေးထည့်ပေးလိုက်ဟန် တူသည်။ ရုတ်တရက် ဘာစကားမှ ထွက်မလာတော့ချေ။ ဘာမှမတတ်နိုင်လေဟန်ဖြင့် သက်ပြင်းကြီးတစ်ခုကိုသာ ဟန်ဆောင်ပန်ဆောင်ချကာ ...

“ဘာစကားမှတော့ မပြောချင်တော့ပါဘူးကွယ်၊ မောင်နေခြည် ရက်ရောတတ်တယ်၊ သူများကို ဒုက္ခမပေးဘူးဆိုတာလည်း သိနေတာပဲ ...

ဒါပေမဲ့ ဒီကိစ္စကတော့ ...”

“စိတ်ချ၊ ခင်ဗျားတူမကို ဒီအိမ်ထဲမှာပဲ ကျွန်တော်က အလိုရှိတာ၊ ဘာပြဿနာမှ ရှိမလာစေရဘူး၊ ဘယ်သူမှ မသိစေရဘူး၊ သိလာရင်လည်း ဒီအိမ်ထဲက ပါးစပ်တွေကိုတော့ ခင်ဗျားပဲ ပိတ်ထားလိုက် ...

ဟုတ်ပြီနော်”





ဒေါ်စိန်က ဘာမှမပြောတော့ဘဲ ခေါင်းကိုညိတ်ကာ ထွက်သွားသည်။ သူက လက်ဖြောက်တစ်ချက်တီးလျက် အိုခေဟု တိုးတိုးရေရွတ်ကာ နာရီကို တစ်ချက်ကြည့်လိုက်လေသည်။ သူ့ကို ဖြူနု တစ်ယောက် ပြုစုလုပ်ကိုင်ပေးနေသည်မှာ ဆယ်ရက်ကျော်မျှ ရှိနေပြီဖြစ်သောကြောင့် သူနှင့် အတန်သင့်တော့ ရင်းနှီးမှု ရှိနေပြီဖြစ်သည်။

ကောင်မလေးခမျာ ရောက်စကနဲ့တောင် သိပ်မတူတော့ချေ။ ရောက်စတုန်းက ခပ်လတ်လတ် အသားအရည်သည် တိုက်ထဲမှာပဲ ကောင်းကောင်းနေ ကောင်းကောင်းစားရသဖြင့် ဖြူဖြူဖွေးဖွေးနှင့် တစ်တစ်ရစ်ရစ် ဖြစ်လာသည်။ မြန်မာအင်္ကျီ ခါးတို လက်ပြတ်လေးများကိုသာ ဝတ်ဆင်တတ်သူ ကောင်မလေးရဲ့ လက်မောင်းသားများကို ပန်းပုရုပ်တစ်ရုပ်နှယ် ပွတ်သပ်ကိုင်တွယ်ကြည့်ချင်စိတ်တို့အား သူက အထူးပင် ထိန်းချုပ်ထားရသေးသည်။

သူ ဖန်နေသောခွင်ကို သူငယ်ချင်းတွေအား ပြောပြသောအခါ ဒီကောင်တွေက သူ့ကိုယ်စား သွားရည်တွေကျကြသည်။ နေမင်းကတော့ ရီဝေနေသော မျက်လုံးများဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ကောင်မလေးကို ပီကင်းဘဲတွေကို အဆီစုသလို လုပ်ထားတာပေါ့။ ဝလင်အောင်ကျွေး ကောင်းကောင်းနေ ကောင်းကောင်းစားခိုင်းထားပြီး ပြီးတော့မှ အဆီကိုစား အသားကိုမျိုမှာ ... ဟား ဟား ...

ကျလည်း ကျလောက်တဲ့အကောင်၊ ထွင်ပါပေ့ကွာ၊ မင်းအဖေ ရှာနိုင်တုန်းတော့ မင်း ထွင်ထားဦးပေါ့၊ ဒါနဲ့ အခြေအနေက ဘယ်လိုလဲ ...

ဖိုင်းသွားပြီလား"

သူက အခုမှ ထား,ထားသော မုတ်ဆိတ်တို ငုတ်စိ လေးငါးချောက်ပင်ကို အသာအယာပွတ်သပ်ကာ မိန့်မိန့်ကြီးပြုံး ရင်း ခေါင်းခါပြလိုက်သည်။ တွတ်တီက မကြာမီ လာမည်ပေါ့ ဟု ထအော်သည်။ ပါပုက သူ မုတ်ဆိတ်မွေး သပ်နေပုံကို အသေအချာကြည့်ကာ ပြီးတော့မှ တဟားဟား ထရယ်ရင်း ...

"သိပြီ ... ဒီကောင် မုတ်ဆိတ်မွေးထားတာ အကြံနဲ့ကိုး၊ သူ့အဖေရဲ့စမောလ်တွေ ပြောသလို ဟင့်အင်း ဦးရယ် စူးတယ် ဆိုတာမျိုး အပြောခံချင်လို့၊ မင်းလည်း ဟင့်အင်း





မောင်ရယ် စူးတယ် ဆိုတာမျိုး ဖြစ်ချင်တယ်ပေါ့လေ ... ဟုတ်လား ...

ဟား ဟား ဟား ..."

"ဟုတ်တယ် ပါပု၊ မင်း ပြောတာ ဖြစ်နိုင်တယ်၊ ငါလည်း အခုမှပဲ စဉ်းစားမိတော့တယ်။ ဒီကောင် အရင်က Beauty Saloon တွေမှာ Shaving ကို အားတိုင်းယားတိုင်း သွား လုပ်နေတဲ့ကောင်၊ အခုတလော နှုတ်ခမ်းမွေးပဲ ပြောင်နေ တယ် မှတ်ပါတယ် ...

လတ်စသတ်တော့ ကိုကိုမုတ်ဆိတ် လုပ်ချင်နေတာ ကိုး။ ဟား ဟား ... ဆာဒူးကြီးကွ ... ဆာဒူးကြီး"

သူငယ်ချင်းတွေက သူ့ကို အထာဖြင့် ဆာဒူးကြီးဟု ခေါ်သောအခါ သူက နားလည်စွာဖြင့် မိန့်မိန့်ကြီး ပြုံးနေလိုက် ပါသည်။

"ဆာဒူးကြီး ... မင်းရဲ့ကောင်မလေး အကြောင်းကို နည်း နည်းလောက် ပြောစမ်းပါဦး။ မင်းက ဘယ်လိုဖြစ်ပြီး အဲဒီစိတ်ကူးကို ရသွားတာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



မိုက်တယ်ကွာ မင်းရဲ့နည်းကတော့၊ မိန်းမ မယူပဲနဲ့ မိန်းမရတဲ့နည်းပေါ့၊ မိန်းမရတာလည်း မဟုတ်ပါဘူး၊ ဘယ်လိုပြောရမလဲ"

"မောင်းမပေါ့ကွာ၊ ဘုရင်တွေခေတ်က ကိုယ်လုပ်တော် မောင်းမတော် အဲဒါမျိုးပေါ့၊ ဆာဒူးကြီးရဲ့ မောင်းမတော်လေးပေါ့ ... ဟား ဟား"

"ဟုတ်တယ် ... ဟုတ်တယ်။ ပိုင်တယ်ကွာ၊ အားကျတယ်၊ တစ်လက်ကိုင်လေး။ ဟော့ကောင် ဆက္ကန်းဟဲန်းဒ်ဖြစ်သွားရင်တော့ ဝေမျှဖို့ စိတ်ကူးမရှိဘူးလား"

"အာ ... ဒါတော့ မရဘူး ဟေ့မောင်တွေနော်။ ရှော့ ရှိတယ် သွားမလုပ်နဲ့၊ ငါတောင် ဘာမှလှုပ်ရှားသေးတာ မဟုတ်ဘူး၊ အခြေအနေကို စောင့်ကြည့်နေတာ"

"အသားတိုးနေတာ စောင့်နေတာ ပြောစမ်းပါကွာ"

သူတို့တွေ တစ်ယောက်တစ်ပေါက် ပြောနေတာကို ပါပုက ငြိမ်ချက်သား ကောင်းကောင်းနဲ့ နားထောင်နေပြီးမှ ကောက်ကာငင်ကာဖြင့် ထမေးပါသည်။





"နေဦးကွာ ... မင်းကို ငါ တစ်ခုမေးစမ်းပါရစေဦးကွာ၊ မင်းလောက် မိန်းမတွေကို ပတ်သက်တာလည်း မင်းပဲရှိတယ်။ မင်းမှာ မိန်းမတွေကို ချစ်တတ်တဲ့စိတ် တန်ဖိုးထားတတ်တဲ့စိတ် နည်းနည်းလေးလောက်တောင် မရှိဘူးလား"

သူက ပါပုရဲ့စကားကို တဟားဟားနှင့် သဘောတကျပင် ရယ်မောပေးလိုက်သည်။ ပြီးတော့မှ သူ့မုတ်ဆိတ်မွေးကို ပွတ်သပ်ကာ ...

"မိန်းမဆိုတာ ချစ်စရာမှ မဟုတ်တာကွာ၊ အချစ်ဆိုတာ ဘာလဲ မင်းတို့ကို ငါ ခဏ ခဏ ပြောဖူးသားပဲ။ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်ကြားက အချစ်ဆိုတာ နောက်ဆုံးတော့ ဘာလဲ ...

ဒီတော့ ရှည်ရှည်ဝေးဝေးတွေ သိပ်မပြောချင်တော့ဘူးကွာ။ သူတို့ကို ဘာတန်ဖိုးထားစရာ အကြောင်းမှလဲ မရှိဘူး။ သူတို့လည်း သူတို့လိုချင်တာရရင် ကျေနပ်ကြတာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အုံးစားစရာ အကြောင်းမရှိပါဘူး။ မိန်းမတွေဆိုတာ ယောကျ်ားတွေအတွက် အဖြည့်ခံပါကွာ။ တကယ်တမ်း ရှေ့တန်းထွက်ရမယ့်နေရာမှာ မိန်းမတွေ ပါလာနိုင်လို့လား။ ငါကတော့ မိန်းမတွေကို အထင်ကိုမကြီးတာ"

"အထင်မကြီးတာတော့ ပြဿနာမရှိပါဘူးကွာ။ မင်း ဒီလောက် ကောင်မလေးတွေကို ခြွေနေတာ ဝဋ်လည်မှာ ရော မကြောက်ဘူးလား"

ဒီမေးခွန်းကိုတော့ သူတောင် ဖြေစရာ မလိုချေ။ နေမင်းကပဲ ဝင်ဖြေပေးသည်။

"ဝဋ်လည်မှာ ကြောက်အောင် သူ့မှာက အစ်မလည်းမရှိ၊ ညီမလည်းမရှိလေ၊ သူက ဘယ်ကဝဋ်က လည်ရမှာလဲ၊ လည်ချင်ရင်လည်း နောက်ဘဝမှ လည်ရတော့မှာပဲ"

"ဒါပေမဲ့ကွာ မင်း ခြွေခဲ့တဲ့ တချို့ကောင်မလေးတွေက တကယ်ဖြူစင်ပါတယ်ကွာ။ ကိုယ် လက်ထပ်ဖို့မရည်ရွယ်တဲ့ ကောင်မလေးတွေကိုတော့ အဲဒီလို အခွင့်အရေးယူခဲ့ဖို့ မသင့်ဘူး ထင်တာပဲ ..."





တချို့ဟာတွေက ထားပါတော့ကွာ။ မင်းဆိုက သူတို့ကလည်း လိုချင်တာရှိလို့။ ဒါက give & take သွားကြတာ။ သာတယ် နာတယ် တွက်မနေတော့ပါဘူး။ တချို့ ကောင်မလေးတွေကျတော့ သနားဖို့ ကောင်းပါတယ်ကွာ"

သူက အချစ်သူရဲကောင်းကြီး လုပ်ချင်နေသော ပါပုကို ကြည့်ကာ နည်းနည်းတော့ lesson ပေးဦးမှ ဆုံးဖြတ်လိုက်သည်။ မျက်ဝန်းများကို တမင်မှေးစင်းထားရင်းမှ မုတ်ဆိတ်မွေးကို လက်နှင့် အသာအယာသပ်ကာ ကောင်မလေးတွေကို ကြည့်သလိုမျိုး ကြည့်လိုက်သည်။ (တကယ်တော့ အဲဒီအိုက်တင်ကို သူ့အဖေထံက အထူးပြု၍ ပြန်လည်ဆန်းသစ်ထားခြင်း ဖြစ်ပါသည်။)

"ဒီမှာ မောင်ပါပုရ၊ မင်း ပြောတဲ့ပုံစံအတိုင်းဆို ငါက မုဒိမ်းသမားနဲ့ ဘာမှမထူးခြားတော့ဘူး ဖြစ်သွားတာပေါ့၊ ဒါပေမဲ့ ကိုယ့်သမိုင်းမှာ အဲဒီလို မရှိခဲ့ဘူးနော်။ အားလုံး အေးဆေးပဲ။ နှစ်ယောက်သား ကြည်ဖြူလို့ ဖြစ်ခဲ့တဲ့ကိစ္စတွေချည်းပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



မင်း ထင်နေသလို ခမျာလေးတွေက အဲဒီလို မထင်ကြရှာပါဘူးကွာ။ သူတို့ကို ခံစားမှုတွေ အမြင့်ဆုံး ရောက်အောင် ဖန်ဆင်းပေးနိုင်တဲ့ ကိုကိုလို့ပဲ ထင်ကြတာပါ။ တသသ စွဲလမ်းပြီးတော့ပဲ နေကြတာ ... ဟက် ... ဟက်"

သူက အဆုံးသတ်စကားကို ပခုံးလှုပ်ပြီး ရယ်လိုက်လျှင် ပါပုက မနိုင်တော့ဘူးဟူသောဟန်ဖြင့် ခေါင်းကိုခါယမ်းသည်။ သူသည် အဲဒီလို ခေါင်းယမ်းတာကိုမြင်လျှင် ဘာမှမဆီမဆိုင်ဘဲ ဖြူနု ဆိုသော ကောင်မလေးကို ဖျတ်ခနဲ သတိသွား၍ရသည်။ အခုတလောမှာ နာမည်နဲ့ တဖြည်းဖြည်း လိုက်ဖက်လာသော ကောင်မလေး။

သူက တစ်ချက်ပြုံးကာ ခေါင်းတဆတ်ဆတ် ညိတ်မိသည်။ ရုပ်ရှင်ကား တစ်ကားသာ ဆိုလျှင်တော့ သူ့ရဲ့အတွေးပြကွက်ကို ကျားပျိုတစ်ကောင်က ဝိစကီသောက်ကာ သမင်မလေးကို လှမ်းကြည့်နေသောပုံဖြင့် နိမိတ်ပြပါလိမ့်မည်။ ဖြူနုရေ ... မင်းနဲ့ ကိုယ်နဲ့ ကမ္ဘာသစ်တစ်ခုဆီ အလည်သွားကြရအောင်။

❣ ✧ ❣





ဖြူနုသည် သူ့နံဘေးတွင် တရှုံ့ရှုံ့နှင့် ရှိုက်ငို၍နေလေသည်။ သူကတော့ အိပ်ရာပေါ်တွင် ပက်လက်လှန်ရင်း နဖူးပေါ်တွင် လက်တင်ကာ မျက်ဝန်းများကို အသာမှေးမှိတ်ထားမိသည်။ ငိုသံတွေကို စိတ်မရှည်သော်လည်း ပထမဆုံးတစ်ခါမို့ သူက သည်းခံပေးထားလိုက်သည်။ သူ မှီဝဲစားသောက်ခဲ့သော နုနယ်ပျိုမျစ်ခြင်း၏ အရသာကလည်း သည်းခံချင်စရာကောင်းသည် မဟုတ်ပါလော။

သူ့စိတ်ထဲတွင် ပုဂံခေတ်က ပန်းဦးလွှတ်ပွဲကိုနွှဲဆင်ခဲ့ရသည့် အရည်းကြီးတစ်ယောက်၏ ခံစားမှုမျိုးကို ခံစားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက မုတ်ဆိတ်မွေးကို အသာသပ်ရင်း ကိုယ့်ပုံကိုယ် အရည်းကြီးတစ်ယောက်အဖြစ် မြင်ယောင်မိသောအခါ စပ်ဖြီးဖြီး ဖြစ်သွားရသည်။ ဖြူနုကတော့ ရှိုက်ငိုနေတာကို မရပ်သေး။ ကြာလာသောအခါ သူ နည်းနည်းနားငြီးလာသည်။

"ဖြူနု ငိုနေတာကို ရပ်လိုက်တော့ကွာ"

"... ... ..."

ဖြူနုက ဘာမှပြန်မပြော။ သို့သော် တစ်ချက် နှစ်ချက်တော့ ရှိုက်နေဆဲဖြစ်သည်။ သူက ဖြူနုကို တစ်ချက်လှမ်းကြည့်လိုက်သည်။ သူ့နံဘေးတွင် ဒူးနှစ်ဖက် ထောင်ထိုင်လျက် လက်နှင့်ပိုက်ကာ ဒူးနဲ့မျက်ရည်သုတ်နေရှာသော ကောင်မလေးကို သနားစရာဟု သူ မမြင်ပါ။ ဘေးတိုက်မကျတကျ အနေအထားဖြင့် မြင်နေရသော မီးရောင်ဖြာလဲ့လဲ့အောက်မှ ခန္ဓာကိုယ်ကောက်ကြောင်းကိုသာ မက်မပြေသော မျက်လုံးများဖြင့် ကြည့်နေမိသည်။ ကောင်မလေးကိုယ်က သင်းပျံ့သော သနပ်ခါးရနံ့လေးကိုလည်း သူက သဘောကျပါသည်။





"ငိုနေရတာ မမောဘူးလား ဖြူနု။ ဘာလို့ အဲဒီလောက်ငိုနေတာလဲ၊ ငိုစရာအကြောင်း ဘာရှိလဲ၊ မင်းမှာ ဘာတွေ စိုးရိမ်နေတာလဲ၊ ကိုယ့်ကို ပြောပြ၊ ကိုယ်မဖြေရှင်းပေးနိုင်တဲ့ ကိစ္စဆိုတာ မရှိဘူး"

"ကျွန်မ ... ကျွန်မ ကြောက်တယ် အစ်ကိုလေး"

"ဘာကိုကြောက်တာလဲ"

ဖြူနုက တုန်လှုပ်ချောက်ချားနေသလောက် သူကတော့ အေးအေးဆေးဆေးပဲ ပြောသည်။

"ဟို ... ဟိုဟာတွေ ... ဘာတွေ"

"ဘာဟိုဟာလဲ၊ ကိုယ့်ကို ပွင့်ပွင့်လင်းလင်းပဲ ပြောစမ်းပါ။ ဟိုဟာတွေ ဒီဟာတွေ ကိုယ် လိုက်အဓိပ္ပာယ်မဖော်နိုင်ဘူး ...

မင်း ဘာမှ ရှက်နေစရာ မလိုဘူး၊ မင်း ပြောချင်တာ ရဲရဲသာ ပြောလိုက်"

"ကျွန် ... ကျွန်မမှာ ကိုယ်ဝန်ရှိသွားမှာ ... ဟင့် ... အဟင့်"



www.burmeseclassic.com

www.burmeseclassic.com



သူမက ဆက်မပြောနိုင်စွာဖြင့် တအစ်အစ် ရှိုက်ငိုလို့နေလျှင် သူသည် ခေါင်းကိုယမ်းကာ တဟက်ဟက်ပဲ ရယ်နေမိလေသည်။ သူ့ပုံစံကို ဗီဒီယိုသာ ကြည့်နေသည့် ပရိသတ်ဆိုပါက တော်တော့်အော်ဆဲမှာ သေချာပါသည်။ သူက ပက်လက်လှန်နေရာမှ ထလိုက်ကာ ဖြူနုရဲ့ပခုံးတစ်ဖက်ကို ဆွဲလှည့်လိုက်သည်။ ဖြူနုက မျက်ရည်လည်ရွဲနှင့် သူ့ရင်ခွင်ထဲသို့ အလိုက်သင့်ပါလာလေသည်။

သူက လုံးမွတ်ချောမွေ့နေသော ဖြူနုရဲ့ လက်မောင်းသားလေးများကို မုတ်ဆိတ်မွေးငုတ်စိပေါက်နေသော သူ့မေးစေ့ဖြင့် ဖိမ်ယူလိုက်လျှင် ဖြူနုက ငိုနေရာမှ တွန့်ခနဲ ဖြစ်သွားသည်။ ကြက်သီးတွေပါ ဖြာထွက်လာတာ တွေ့ရလျှင် သူသည် တဟင်းဟင်းနှင့် သဘောတကျ ရယ်မိလေသည်။

"ကျွန်မ ... ကျွန်မ ... သေချင်လိုက်တာ"

"အို ... ကျွတ် ... ကျွတ် ... ဘာစကားတွေ ပြောနေတာလဲ ကောင်မလေးရယ်၊ တစ်နေ့ကျရင် မသေချင်လည်း သေရမှာပဲလေ။ ခုချိန်မှာ သေဖို့အကြောင်း သိပ်မစဉ်းစားသေးနဲ့ဦး"





"မစဉ်းစားလို့ ဘယ်ဖြစ်မလဲ၊ အခုကိစ္စက ..."

"အခုကိစ္စက ဘာမှမဖြစ်ဘူး၊ နောင်လည်း မဖြစ်စေရဘူး၊ စိတ်ချချနေ ဖြူနုရဲ့။ မင်းမှာ ဘာအထုပ်အထည်မှ မကျန်စေရဘူး ...

ဒီမှာ ဖြူနု၊ မင်း ကိုယ့်ကို စိတ်မချမ်းသာစေချင်ဘူးလားဟင်"

ဖြူနုက သူ့ကို မျက်ရည်စိုစွတ်နေသော မျက်လုံးဝိုင်းကြီးများဖြင့် မော့ကြည့်သည်။ နှုတ်ခမ်းတွေက နီရဲစိုဖတ်ကာ တဆတ်ဆတ် တုန်ယင်လျက် သူက ထိတ်လန့်အားငယ်နေရှာသော သမင်ပျိုမရဲ့ပါးပြင်ကို နှစ်သိမ့်ဟန်ဖြင့် တစ်ချက်နမ်းမွှေးလိုက်သည်။

"ကျွန်မက အစ်ကိုလေးကို စိတ်ချမ်းသာအောင် ဘယ်လိုလုပ် တတ်နိုင်မှာမို့လဲ"

သူက ပီရိသေသပ်စွာ တစ်ချက်ပြုံးလိုက်သည်။

"မင်း သိပ်တတ်နိုင်ပါတယ်၊ ကိုယ့်ကို ပြုစုယုယနေမယ်၊ ကိုယ့်ဆန္ဒကို လိုက်လျောပေးတယ်၊ အေးအေးဆေးဆေး



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကြည်ဖြူဖြူ ရှိမယ်ဆိုရင် ဒါ ကိုယ်စိတ်ချမ်းသာအောင် မင်း စွမ်းဆောင်ပေးတာပဲလေ”

“ကျွန်မ ... ကျွန်မ ကြောက်တယ် အစ်ကိုလေး၊ ပြီး ... ပြီးတော့ ကျွန်မနဲ့ အစ်ကိုလေးရဲ့ဘဝက မိုးနဲ့မြေလို ကွာခြားပါတယ် ...

အန်ကယ်ကြီး သိသွားရင်လည်း ...”

“စိတ်ချ၊ သိလည်း ဘာမှမဖြစ်ဘူး။ မင်းကို ဖေဖေက သူ့သားကို စိတ်ချမ်းသာအောင် ပြုစုပေးတဲ့လူဆိုပြီး ကျေးဇူးတောင် တင်နေဦးမှာ ...

မင်းဟာ ဒီအိမ်ကြီးထဲမှာပဲ အေးအေးဆေးဆေးနေပြီး ကိုယ့်အတွက် ရှိနေဖို့ပဲ။ အဲ ... တစ်နေ့ မင်း အိမ်ထောင်ပြုချင်ပြီဆိုလည်း ရတယ် ...

မင်းအတွက် အစစအရာရာ ပြည့်စုံအောင် ဖန်တီးပေးလိုက်မယ် ...

ကိုယ့်ကြောင့် မင်း ဘယ်လိုဒုက္ခမျိုးမှ မရောက်စေရဘူး။ ဟုတ်ပြီနော်”





ကောင်မလေးရဲ့ မျက်ဝန်းတွေက သူ့စကားတွေအပေါ် အပြည့်အဝ ယုံကြည်ဟန် မရှိသေးချေ။ အထူးသဖြင့် အထုပ်အထည် မပါရစေပါဘူး ဟူသော စကားတွေကို လက်ခံယုံကြည်သေးပုံ မပေါ်ပါ။

“ဟို ... ကျွန်မ ... ကျွန်မလေ ... အရက်တကွဲတော့ ...”

“ကျွတ် ... မဖြစ်ပါဘူး ဆိုမှကွာ၊ မင်း ကြားဖူးတဲ့ပုံပြင်တွေကို မေ့ထားလိုက်။ မင်း မယုံရင် စောင့်ကြည့်လိုက်၊ မင်း ဘာမှ ဖြစ်မလာစေရဘူး ...

ကိုယ်က မင်း ကြားဖူးတဲ့ ပုံပြင်တွေထဲက ခပ်ညံ့ညံ့ကောင်တွေလို မဟုတ်ဘူး။ မျက်ရည်တွေကို အပြီးသိမ်းလိုက်တော့နော်၊ ဟုတ်ပြီလား ဖြူနုလေး။ တခြား ဘာမှ မစဉ်းစားနဲ့တော့၊ ကိုယ်နဲ့ အတူနေရတာ မပျော်ဘူးလား၊ ရင်မခုန်ဘူးလား ... ပြောစမ်း”

သူ့ရဲ့မေးစေ့ကို ဖြူနုရဲ့ပခုံးပေါ်သို့ လှမ်းတင်ကာ လှုပ်ယမ်းပြီး မေးလိုက်လျှင် သူမက ယားသွားဟန်ဖြင့် ပခုံးတစ်ဖက်ကို တွန့်ကာပြုံးသည်။ ဒီလောက်ဆို သူကလည်း သဘော



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ပါသည်။ ဘာအတွေ့အကြုံမှ မရှိသော ဤအရိုင်းစံပယ်လေးသည် အတွေ့အကြုံများစွာ ရင့်ကျက်သော သူ့မာယာအောက်မှာ အတုံးအရုံး ကျဆုံးသွားပြီဖြစ်သည်။ နောက်ထပ် ဒီကောင်မလေးကို ဘာမှခက်ခက်ခဲခဲ နှူးစရာမလိုတော့။ သူက ဒီလို အဖြူထည်လေးတွေကိုလည်း သူ့ကိုစွဲအောင် ဘယ်လိုလုပ်ရမယ်ဆိုတာ ပီပီပြင်ပြင် နားလည်သဘောပေါက်ထားသူ ဖြစ်ပါသည်။

သူက ဖြူနုရဲ့ ခေါင်းလေးကို တစ်ချက် နှစ်ချက်ပုတ်ပေးလိုက်ကာ ...

"ကဲ ... စိတ်ချမ်းချမ်းသာသာနဲ့ ပျော်ပျော်ရွှင်ရွှင်နေ၊ ဟုတ်ပြီလား၊ သွားအိပ်တော့ ... သွား၊ ကိုယ်လည်း အိပ်တော့မယ်"

သူက ပါမစ်ပေးလိုက်လျှင် ဖြူနုက ခေါင်းကို အသာအယာညိတ်ကာ ထွက်ခွာသွားသည်။ ကောင်မလေး ထွက်သွားတော့မှ သူက အိပ်ရာပေါ်သို့ အားရပါးရ ပက်လက်လှန်လှဲချပစ်လိုက်လေသည်။ အဲဒီလိုပဲ သူ့ထုံးစံက သူဟာ ဘယ်မိန်းမတစ်ယောက်ကိုမှ သူ့ဘေးနားမှာ အတူထား၍ မအိပ်တတ်ချေ။





သူ့အလိုဆန္ဒပြည့်သွားလျှင် အားလုံးကို ခေါက်ထုတ်လိုက်သည်သာပင်။

သူ့ရဲ့နှစ်ယောက်အိပ် မွေ့ရာကြီးပေါ်တွင် သူက အကြောအားလုံးကို ဆန့်ချကာ ပြေလျှော့ပစ်လိုက်သည်။ သူ့အိပ်မက်ထဲတွင်မတော့ ဘယ်မိန်းမကိုမှ အရောက်လာမခံဘဲ နှစ်နှစ်ခြိုက်ခြိုက်ပဲ ပျော်အောင်အိပ်လိုက်လေသည်။

❣ ✧ ❣

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သယ်န်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၆

သူသည် ကားမောင်းလာရင်းမှ ဖေဖေ ရုံးထိုင်ရာ ကုမ္ပဏီခြံဝင်းကြီးရှေ့မှ ဖြတ်သွားမိလျှင် ဘာရယ်မဟုတ် ဖေဖေ့ထံ ဝင်ချင်စိတ် ပေါ်လာသည်။ သူ ဒီကိုလာတာတော့ မဟုတ်ပါ ဒါပေမဲ့ စိတ်ထဲမှာ ဖေဖေနှင့် တွေ့ချင်စိတ် ပြင်းပြလာသဖြင့် ကားကိုပြန်ကွေ့ကာ ကုမ္ပဏီရှိရာသို့ ပြန်မောင်းလာခဲ့သည်။ ကုမ္ပဏီဂိတ်တံခါးကတော့ သူ့ကို သိနေသဖြင့် ရှောရှောရှူရှူပဲ ဖွင့်ပေးပါသည်။

သူက ကားကို ကုမ္ပဏီဝန်ထမ်းယာဉ်များသာ ရပ်သောနေရာထိ မောင်းလာခဲ့သည်။ ဖေဖေ သူ့ကိုမြင်လျှင် နည်း





နည်းတော့ အံ့သြသွားမည် ထင်သည်။ သူက ကုမ္ပဏီသို့ သိပ်လာလေ့လာထ ရှိသောသူ မဟုတ်ပါ။ တစ်လနေလို့မှ တစ်ခေါက် မရောက်သူ ဖြစ်သည်။ အခုတလော ဖေဖေနဲ့လည်း အိမ်မှာသိပ် မဆုံဖြစ်သဖြင့် သူက သတိတရ ရှိတာနဲ့ ဝင်လာလိုက်ခြင်းဖြစ်သည်။

(အမှန်တော့ လမ်းကြုံလို့လည်း သတိရသွားခြင်းပါ)။

နာရီကို တစ်ချက်ကြည့်လိုက်သောအခါ နာရီဝက်လောက် ထပ်စောင့်လိုက်လျှင် ထမင်းစားချိန် ရောက်သွားပြီဖြစ်သည်။ အတော်ပဲ ဖေဖေနဲ့ နေ့လယ်စာ သွားစားရမယ်။ သူက အတွေးစိတ်ကူးတို့နဲ့အတူ လေလေးတစ်ချွန်ချွန်ဖြင့် ဓာတ်လှေကားရှိရာသို့ လျှောက်လာခဲ့သည်။ ဓာတ်လှေကားက အပေါ်မှာမို့ သူက ခလုတ်တစ်ချက်နှိပ်ကာ လှမ်းခေါ်နေစဉ်မှာပဲ သူ့နောက်သို့ ဒေါက်ဖိနပ်သံ တဖွပ်ဖွပ်ဖြင့် ခြေသံတစ်သံက ရောက်လာသည်။ ထူးခြားသင်းပျံ့သော မွှေးရနံ့တစ်မျိုးနှင့် စည်းချက်ညီညာသော ဖိနပ်သံကို ကြားကတည်းက ဒါဟာ မိန်းမချောတစ်ယောက် ဆိုတာကို အတွေ့အကြုံအရ သူက သိပြီးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် သူက နောက်သို့ လှည့်မကြည့်ပါ။ သူ့ရာဇဝင်တွင် မိန်းမတို့ကို တနုတ်တရင်းတော လှည့်ကြည့်တာမျိုး မရှိ။ မစားရဝခမန်း အရသာခံပြီး ကြည့်တာပဲ ရှိလေသည်။ သိပ်မကြာခင်မှာပင် ဓာတ်လှေကားတံခါးက ပွင့်လာသည်မို့ သူက ဝင်လိုက်သည်။ နောက်က မိန်းမချောကလည်း ထက်ကြပ်မခွာ လိုက်ဝင်လာပါသည်။

ဒီတော့မှ သူဟာ မျက်စိရှေ့သို့ အဆင်သင့်မှောက်ရောက်လာသော မိန်းကလေးကို တစ်ချက်လှမ်းကြည့်လိုက်သည်။ အားပါး ... တင်ထားတဲ့ မျက်နှာထားကတော့ ဟိုးမိုးပေါ်ကပဲ။ မိန်းကလေးသည် ဆံပင်တွေကို အားလုံး အပြောင်သိမ်းထားကာ ဆံနွယ်ဟူ၍ တစ်မျှင်မှ မကျစေရဘဲ နောက်ဘက်တွင် ဆံထုံးပုံတစ်မျိုးဖြင့် သပ်ရပ်စွာ ထုံးဖွဲ့ထားသည်။ မျက်နှာပေါ်က မိတ်ကပ်ပြင်ဆင်ခြယ်သမှုသည် ရုံးဝန်ထမ်းတစ်ယောက် ပီသစွာ သပ်ရပ်အထက်တန်းကျသည်။ ပြေပြစ်ဖျော့သော အနေအထားဖြစ်သော်လည်း မှိန်မနေဘဲ မွန်မွန်လေး လင်းလက်တောက်ပကာနေသည်။





ဒီမိန်းကလေး ဘယ်သူပါလိမ့်။ ဒီရုံးက ဝန်ထမ်းဖြစ်ဖို့တော့များသည်။ ဒါပေမဲ့ သူ မသိပါ။ သူ သိတာဆိုလို့ ဖေဖေ့ ဒရိုင်ဘာတစ်ယောက်သာ သူ သိသည်။ အဲဒီ ဒရိုင်ဘာတောင် နှစ်ရှည်လများ လုပ်ခဲ့တဲ့ ဒရိုင်ဘာမို့ သိခြင်းဖြစ်သည်။ သူသည် တည်ကြည်သော မျက်နှာထားနှင့် မိန်းကလေးကို ခိုးမကြည့်ဘဲ ပြောင်ပင် ခပ်တည်တည် လှမ်းကြည့်လိုက်သည်။ သူမကတော့ သူ့ကို ကြည့်မနေပါ၊ ဖိုင်တစ်ချပ်ကိုပိုက်လျက် ခပ်တည်တည်ပဲ ရပ်နေသည်။ သူ ကြည့်နေတာကို သိသည့်အလား မျက်နှာထားကို ပိုပြီးတောင် တင်လိုက်ဟန်ရှိသည်။

ဟာင်း ... မောပါ့။

သူမက သူ နှိပ်ထားသော ဓာတ်လှေကားခလုတ်ကို ထပ်မနှိပ်ပုံထောက် သူမလည်း ရှစ်လွှာကိုပဲ သွားမည့်လူထင်သည်။ သူ့အဖေရဲ့ ရုံးခန်းက ရှစ်လွှာမှာ ရှိပါသည်။ သူ တွေးနေတုန်းမှာပဲ ဓာတ်လှေကားက ရှစ်လွှာကို ရောက်သွားသည်။ တံခါးပွင့်သွားလျှင် သူ့နောက်မှ သူမကလည်း လိုက်ထွက်ပါသည်။ သူနဲ့ သူမ သွားရာလမ်းမှာ တစ်ပုံစံတည်းပဲမို့ သူက နောက်လှည့်ကြည့်လိုက်လျှင် သူမကတော့ ခပ်တည်တည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ကို ဒီရုံးက ဝန်ထမ်းတစ်ယောက်အနေနဲ့ ပင်္ဂသာရအပြုံးလေး တစ်ခုနဲ့တော့ နှုတ်ဆက်ဖို့ ကောင်းတာပေါ့။ ဖေဖေဟာ ရုပ်ရည်ချောမောလှပသူတွေကို ရွေးချယ်ခန့်ထားတာတော့ ဟုတ်ပါပြီ။ အဲဒီလူတွေကို ပြုံးခိုင်းဖို့တော့ မေ့နေတယ်ဟု ထင်သည်။ သူက အဲဒါကိုပါ တစ်လက်စတည်း ပြောခဲ့ဖို့ အတွေးရသွားသည်။ အဲဒီမှာပဲ တဟောဟော တချွတ်ချွတ်အသံနှင့် အတူ ...

“ဟော ... ဟော ... ချွတ် ... ချွတ် ... ဒါက ဘယ်ကိုလဲ၊ ဘယ်လဲ”

သူက နောက်သို့ လှည့်ကြည့်လိုက်လျှင် ဓာတ်လှေကားထဲက မိန်းမကို ခပ်တည်တည် မျက်နှာပေးဖြင့် လှမ်းခေါ်နေတာကို တွေ့ရသည်။ ကုတ်အနက်ရောင်နှင့် မီနီစကတ်အဖြူကို ဝတ်ထားသော မိန်းမဟာ ဒီရုံးရဲ့ သာမန်ဝန်ထမ်းတော့ ဟုတ်ပုံမရပါ။ သို့သော် သူက သူ့ကို တဟောဟောနှင့် တချွတ်ချွတ်ခေါ်တာကို အလွန်မုန်းပါသည်။ အထူးသဖြင့် သူ့လိုလူမျိုးကို တဟောဟော တချွတ်ကျွတ် လာခေါ်နေသော မိန်းမကို သူက ခပ်တည်တည်ဖြင့် မေးတစ်ချက်သာ ဆတ်ပြလိုက်သည်။





“အဲဒါက ဘယ်ကိုသွားမှာလဲ”

“ဦးလင်းပိုင်”

“ရှင်က ဘယ်သူလဲ။ ဦးလင်းပိုင်နဲ့ တွေ့ချင်တယ်ဆိုတိုင်း ဒီလို စွတ်ရွတ်ဝင်သွားလို့ မရဘူးလေ။ ဒီမှာ ရီဆပ်ရှင် ရှိတယ်၊ ရီဆပ်ရှင်ကို အကြောင်းကြားပြီး မေးမြန်းရဦးမှာပေါ့”

သူက တိုလာပြီဖြစ်သောစိတ်ကို နည်းနည်းဆွဲဆန့်ကာ အဲဒီမိန်းမကို ရှုတည်တည် ကြည့်လိုက်သည်။ မင်းက ဘာလဲ ဟူသော အထာမျိုး။ သူမကလည်း မခေပါ။ သူ့ကို ခပ်မာမာပဲ ပြန်ကြည့်နေသည်။

“မင်းက ဒီကုမ္ပဏီမှာ ဘာရာထူးလဲ”

သူ့မေးခွန်းကြောင့် သူမ ကြောင်သွားသည်။ ဒီလို မေးခွန်းမျိုး မျှော်လင့်မထားသောကြောင့် ရုတ်တရက် ဘာဖြေရမှန်းမသိ ဖြစ်သွားသော်လည်း ချက်ချင်းပင် မျက်နှာကို မော်ချီပစ်လိုက်ကာ ...

“အဲဒါ ရှင်နဲ့ ဘာဆိုင်လဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်လို့ မေးနေတာပေါ့။ မင်း လူကဲခတ် အဲဒီလောက် ညံ့ရလား။ ဒီနေရာက ငါနဲ့ အင်မတန် ကျွမ်းဝင်တဲ့နေရာ မို့သာ ငါ ဒီလိုသွားလာနေနိုင်တာပေါ့ ...

နောက်ဆုံး ငါ ဘယ်သူပဲဖြစ်ဖြစ် မင်းတို့ကုမ္ပဏီ ကို ရောက်လာတဲ့သူတိုင်းကို ဒီလို မောက်မောက်မာမာ ဆက်ဆံခွင့် မရှိဘူး"

သူ့အပြောကြောင့် သူမရဲ့ မျက်လုံးတွေက လက်ခနဲ ဖြာသွားသည်။ သူက အဲဒီမိန်းမရဲ့ အရှုံးမပေးပုံကို ထပ်မကြည့် ချင်တော့စွာဖြင့် ချာခနဲလှည့်ကာ အခန်းတံခါးကို တွန်းဖွင့်ပြီး ဝင်လာလိုက်သည်။ ဒီတော့မှ ပြူးပြူးပျာပျာ ဖြစ်သွားဟန်တူသော မိန်းမဟာ နောက်ကနေ အမောတကော ပြေးလိုက်လာသည်။

သို့သော် သူမ နောက်ကျသွားခဲ့ပြီ။ အခန်းကျယ် ကြီးရဲ့ ထောင့်တစ်နေရာမှာ ဖေဖေက ဖုန်းပြောရင်းမှ သူ့ကိုလှမ်း မြင်သွားကာ လက်တစ်ချက် လှမ်းပြသည်။ ခဏလေးဟူသော သဘော။ ဒါကို ဟိုကြီးကျယ်မလည်း မြင်သွားဟန်တူပါသည်။ အခြေအနေကို သုံးသပ်ကာ ကိုယ်ရှိန်သတ်လျက် ခပ်လှမ်းလှမ်းရှိ စားပွဲတွင် သွားထိုင်ကာ ကွန်ပျူတာကို ဖွင့်နေသည်။





သူက ဖေဖေ့အနားရှိ ဆိုဖာတစ်လုံးပေါ်တွင် သက် သောင့်သက်သာ ထိုင်စောင့်နေရင်းမှ ခဏကြာလျှင် ဖေဖေ ဖုန်း ပြောလို့ ပြီးသွားသည်။

"ဖေဖေ အလုပ်တွေ ရှုပ်နေလား"

"ပုံမှန်ပါပဲ၊ ကိစ္စအထွေအထူး ရှိလို့လား သား"

"ရှိတယ်ပဲ ပြောရမှာပေါ့။ ပြောစရာတွေတော့ သုံးလေးခု ရှိတယ်လေ၊ ဖေဖေ နေ့ခင်းစာ ထမင်းမစားရသေးဘူး မဟုတ်လား ...

သားနဲ့အတူတူ သွားစားရအောင်၊ ကန်တော်ကြီး ထဲက White rice မှာဆို အေးအေးဆေးဆေး ရှိတယ်၊ စကားပြောရင်းနဲ့ပေါ့"

ဖေဖေက ဘာမှမပြောရသေး။ မတ်တတ်ထရပ်လိုက် သော ဟိုမိန်းမထံမှ အသံက ဖောက်ထွက်လာပြန်သည်။

"အန်ကယ့်အတွက် lunch ကို ရုံးမှာပဲ စီစဉ်ထားပါတယ် အန်ကယ်။ အပြင်မှာ သွားစားရင် အန်ကယ့်အတွက် အချိန်မမီနိုင်ပါဘူး။ တစ်နာရီတိတိမှာ meeting ရှိပါတယ် အန်ကယ် ...



www.burmeseclassic.com

www.burmeseclassic.com



အပြင်သွားမှာနဲ့ စားမှာနဲ့ စကားပြောတာ ပြန်လာတာတွေက အချိန်ကို အရမ်း rush ဖြစ်သွားပါလိမ့်မယ်”

ဖေဖေက အဲဒီမိန်းမ ပြောတာကို ခပ်ပြုံးပြုံးနှင့် နားထောင်ကာ ခေါင်းတဆတ်ဆတ်ညိတ်သည်။ ဒီမိန်းမဟာ အကြောတော့ တော်တော်မာသည့် မိန်းမထင်သည်။ ဖေဖေ့ကို စကားပြောတာလည်းပဲ ခပ်တည်တည်ပင်။ ဘော့စ်မို့လို့ တခြားဝန်ထမ်းတွေလို ချိုသာပြုံးရွှင်နေခြင်းမျိုး အလျှဉ်းမရှိချေ။

“ဟုတ်တယ် သား၊ ဖေဖေ m ting ရှိတယ်၊ ရှယ်ယာဝင်အသစ်တွေနဲ့ တွေ့မှာဆိုတော့ အချိန်နောက်ကျလို့ မဖြစ်ဘူး ...

ဒီတော့ ဒီမှာပဲ အေးအေးဆေးဆေး စားလိုက်ကြရအောင်။ သားနဲ့ ဖေဖေနဲ့ စားရင်း စကားပြောကြတာပေါ့”

“အိုကေလေ ... ဒီလိုလည်း ဖြစ်ပါတယ်။ ဖေဖေနဲ့ သား ထမင်းစားရင်း အေးအေးဆေးဆေး စကားပြောကြတာပေါ့”

“ဟုတ်ပြီ၊ သုန္ဒရီရေ ထမင်းပွဲ ပြင်ခိုင်းလိုက်တော့”

“ဟုတ်ကဲ့ပါ အန်ကယ်”





သူမက ဖုန်းတစ်ချက် ကောက်နှိပ်ကာ တစ်နေရာသို့ ညွှန်ကြားနေသည်။ သူက ဖေဖေ့ကို အဓိပ္ပာယ်ပါစွာ လှမ်းကြည့်လိုက်လျှင် ဖေဖေကလည်း သူ့အဖေပီသစွာ သူ့အကြည့်ကို သဘောပေါက်သည်။ ခပ်ပြုံးပြုံးနှင့် ခေါင်းတစ်ချက် ဆတ်ပြသည်။ ဝါသနာရှင်သားအဖသည် တစ်စုံစုံဆို ညှိစရာမလိုဘဲ အကြည့်နဲ့တင် အားလုံး သဘောပေါက်ကြလေသည်။

ခဏအကြာတွင် သူမက ဖေဖေ့ကို နေ့ခင်းစာ သုံးဆောင်ဖို့ အဆင်သင့်ဖြစ်ကြောင်း သတင်းပေးပို့သည်။ ဖေဖေ့ရုံးခန်းရဲ့ ဆလိုက်တံခါးကို တွန်းဖွင့်လိုက်လျှင် ထမင်းစားခန်းကျယ်ကြီးထဲသို့ ရောက်ရှိလို့ သွားလေသည်။

ဖေဖေက သူနဲ့ ထမင်းစားရင်း လွတ်လွတ်လပ်လပ် စကားပြောမည်မို့ လုပ်ပေးကိုင်ပေးနေသူများ အားလုံးကို အနားမှ ဖယ်စေလိုက်သည်။ ယုတ်ဆွအဆုံး အကြောတင်းမိန်းမပင်မရှိတော့ပါ။ ဒီတော့မှ ‘သားအဖနှစ်ယောက် ထမင်းစားရင်း လွတ်လွတ်လပ်လပ် စကားဝိုင်းကို စတင်တော့သည်။ သူတောင် ဘာမှမမေးရသေး ဖေဖေက ...



www.burmeseclassic.com

www.burmeseclassic.com



"သား ... အခုနက မိန်းကလေးက သုန္ဒရီတဲ့ကွ၊ ဖေဖေ့ စက္ကရီတေရီလေ"

"ထင်တော့ ထင်တယ် ဖေဖေ။ ဒါပေမဲ့ ဒီမိန်းမက အကြောရေလည်တင်းတယ်။ ဖေဖေ ဘယ်လိုရွေးထားတာလဲ"

"ရွေးထားတာ မဟုတ်ဘူးကွ။ သူက ဖေဖေ့မိတ်ဆွေတစ်ယောက်ရဲ့သမီး၊ သူကိုယ်တိုင်ကလည်း သူဌေးသမီးပဲ။ အတွေ့အကြုံရအောင်လို့သာ ဝင်လုပ်နေတာ၊ အလုပ်ကိုတော့ တော်တော်ကြိုးစားတယ်၊ စိတ်ချရတယ် ...

အကြောတင်းတယ် ဆိုတာထက် ဒီကောင်မလေးက ပြတ်သားတာ၊ မာကျောတာ၊ မယ်တိကျပေါ့ကွာ၊ အဲဒီလိုမျိုး"

"ဟင်း ... ခံစားစရာ မရှိပါဘူး ဖေဖေရာ။ သူတော်လည်း သားကတော့ အထင်မကြီးပါဘူး၊ မိန်းမဆိုတာ မိန်းမနေရာလောက်ပဲ တော်နိုင်တာပါ ...





ယောကျ်ားတွေ စွမ်းနိုင်တဲ့ကိစ္စတွေမှာ သူတို့ မတော်နိုင်ပါဘူး"

"ဒါပေါ့ကွာ၊ တစ်ခါတလေတော့လည်း မြှောက်နိုင်းရတာတွေ ရှိတာပေါ့။ မိန်းမတွေက မြှောက်နိုင်းရင် နိုင်းလို့ နိုင်းမှန်း မသိအောင် လုပ်ပေးတတ်ကြတာ ...

တချို့မိန်းမတွေ ရှိသေးတယ်။ ကားမောင်းလည်း ကျွမ်းတယ်၊ ထမင်းဟင်းချက်ရင်လည်း အိတ်စ်ပတ် စသဖြင့်ပေါ့၊ သူတို့ချည်း အကုန်လုပ်ချင်တာလေ ...

ယောကျ်ားကလည်း ... ဟုတ်တယ် မေသာလျှင် အတော်ဆုံး၊ ယောကျ်ားကို ရင်ပေါင်တန်းနိုင်တယ်ဆိုပြီး မြှောက်နိုင်းတော့တာ။ ဒီတော့ ဟိုကနွားမကြီးက ရန်းလို့ကောင်းလေပေါ့။ ကလေး ကျောင်းပို့ ကျောင်းကြိုလည်း သူပဲ၊ မီးဖိုချောင်လည်း သူပဲ၊ ယောကျ်ားကတော့ ဖိမ် ...

အမှန်တော့ အဲဒါ မိန်းမတွေက တော်တာမဟုတ်ဘူး။ ညံ့တာ အ,တာ ခံနေရတယ်။ ဒါကို သူတို့က အရာရာမှာ စွမ်းနိုင်တယ်ဆိုပြီး သွေးနားထင်ရောက်နေကြတာ ဟား ဟား ဟား ...



www.burmeseclassic.com

www.burmeseclassic.com



သနားဖို့ ကောင်းတာပေါ့ကွာ”

သူက ဖေဖေ့ရဲ့စကားကို အပြည့်အဝ ထောက်ခံဟန်ဖြင့် စားရင်းသောက်ရင်းမှ လိုက်ရယ်မိသည်။ တစ်လက်စတည်းမှာပဲ ဖြူနုရဲ့ကိစ္စကို သတိရသွားသဖြင့် ...

“ဪ ... ဖေဖေ့ကို သား အကြံတစ်ခုလောက် ပေးမလို့၊ မိန်းမ မယူဘဲ မိန်းမရတဲ့နည်းပေါ့ ဖေဖေရာ။ မိန်းမရတယ်လည်း မဟုတ်ပါဘူး ...

အပြုအစု အယုအယ မောင်းမတော်လေးပေါ့။ ဖြူနုကို ခန့်ထားတယ် ဖေဖေ၊ ရေလည်လန်းတယ်။ သားကိုသူက ပြုစုတာ ရှယ်ပဲ ...

ဖေဖေလည်း အဲဒီလိုမျိုး တစ်ယောက်တော့ လိုတယ်နော်၊ အိမ်မှာ အငြိမ်ချည်ထားနိုင်တဲ့ ဟာမျိုးပေါ့”

“အင်း ... ငါ့သားကတော့ အကြံပိုင်ပါပေ့ကွာ။ ဟုတ်တော့ ဟုတ်တယ်ကွ၊ အဲဒီကိစ္စက အပြင်မှာ အဆင်ပြေနိုင်ပေမယ့် အိမ်ထဲမှာ အငြိမ်ထိုင်ဖို့တော့ လိုတယ်။ မိန်းမတစ်ယောက် ရသလိုမျိုး ကိုယ့်ကို ပြုစုယုယပေးနေမယ့် မိန်းမမျိုးပေါ့ ...





ဟုတ်တယ်ကွာ၊ ဖေဖေတောင် ဒါကို မစဉ်းစားမိခဲ့ဘူး။ အခုတော့ အပြင်မှာ ဇိမ်ရှိပေမယ့် အိမ်ထဲမှာ ဇိမ်မရှိတဲ့ဘဝကို ရောက်နေတာကိုး။ အား ... အချိန်တွေနှမြောဖို့ ကောင်းလိုက်တာ။ သား ... မင်းကတော့ အငြိမ့်ပဲပေါ့လေ၊ ဟုတ်လား”

ဖေဖေက သူ့ကို ပြုံးစစဖြင့် မေးဆတ်ပြရင်း မေးသည်။ သူက အခေါက်ကင်တစ်ဖတ်ကို တွန့်ငင် ညှပ်ဆွဲရင်းမှ အောင်နိုင်သူ အပြုံးမျိုးပြုံးကာ ...

“ဒါကြောင့် ဖေဖေ့ကို အကြံပေးနေရတာပေါ့။ ဒါပေမဲ့ လူကိုတော့ သေချာရွေးဖို့ လိုတယ်နော် ဖေဖေ၊ ရှော့ရှိတဲ့ မိန်းမဆို မဖြစ်ဘူး ...

ဖြူနုကတော့ လုံးဝဆင်းပဲလ်လေးပဲ”

“အေးကွာ ... အဲဒီလို ဆင်းပဲလ်နဲ့ နားလည်မှုရှိတဲ့ မိန်းကလေးမျိုးမှ ဖြစ်မှာ။ အသက်ကြီးလာတော့ နားလည်မှုကို မျှော်လင့်တောင့်တလာတယ်၊ ပွဲတက်ဖော်လေး ဘာလေးလိုအပ်လာတယ် သားရာ”



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေရဲ့ နောက်ဆုံးစကားကြောင့် သူ့ရဲ့မျက်ခုံး အစုံက မြင့်တက်သွားရသည်။ ဖေဖေရဲ့စကားက အဓိပ္ပာယ်တစ်မျိုးကို ဆောင်နေသလိုပဲ ဖြစ်သည်။

"ဘာလဲ … ဖေဖေ ပြောတာက မိန်းမယူချင်တဲ့ သဘောလား"

သူ့စကားကို ဖေဖေက ရုတ်တရက် မဖြေသေးဘဲ အကြာကြီး ပြုံးနေပါသေးသည်။ ပြီးတော့မှ ဖေဖေ့ရဲ့ အိုက်တင်အတိုင်း မုတ်ဆိတ်မွေးကို ခပ်ပါးပါးပွတ်ကာ …

"အနှစ်သာရအားဖြင့် မိန်းမတွေအားလုံးက အတူတူပဲဆိုတော့ တစ်ယောက်တည်းကို ရွေးရတာ ခက်တယ်ကွ သားရ"

"အဲဒါတော့ အမှန်ဆုံးပဲ ဖေဖေ"

သူက အဲဒီစကားတွေကိုတော့ မဆိုင်းမတွ ထောက်ခံလိုက်လေသည်။ ဖေဖေက ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး ပြုံးကာ …





"ဒါပေမဲ့ သူ့ကိုတော့ ဖေဖေ တော်တော်သဘောကျမိတယ် သား"

"ဗျာ … ဘယ်သူလဲ ဖေဖေ၊ သုန္ဒရီလား"

"မဟုတ်ပါဘူးကွာ။ ဖေဖေ ပြောပြီးပါပကော သားရဲ့။ သူက ဖေဖေ့မိတ်ဆွေရဲ့ သမီးပါလို့။ မိန်းမတွေကို အသုံးချနေတဲ့ ယောကျ်ားဆိုပေမယ့် ဒီကိစ္စမျိုးမှာက စည်းရှိရဘယ်ကွ။ မုဆိုးမှာလည်း မုဆိုးစည်းကမ်း ရှိရတယ်၊ ဒါမှလည်း ဒီလောကမှာ ကြာကြာရပ်တည်နိုင်မှာမို့လို့လေ …

သုန္ဒရီက သူ့ဟာသူ အေးဆေးပါကွာ။ သား သဘောကျလို့လား"

"အလှအပနဲ့ အတည်အတံ့ကိုတော့ သဘောကျပါတယ်။ သူ့ကိုယ်သူ မြှောက်နေတာကိုတော့ ကြည့်မရဘူး။ မိန်းမဆိုတာ ယောကျ်ားနဲ့တွေ့ရင် ဘာမှမဟုတ်တော့ဘူးဆိုတာ ဒီမိန်းမ သဘောမပေါက်သေးဘူး …

သဘောပေါက်အောင် လုပ်ပေးရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နည်းနည်းတော့ သတိထားသား၊ သူက တချို့မိန်းကလေးတွေလို မဟုတ်ဘူး။ နေရာတကာမှာ သူ့နည်းသူ့ဟန်ဆိုတာ ရှိတယ် ...

အဲဒီစကားဟာ အလကား ဖြစ်လာတာ မဟုတ်ဘူး။ မိန်းမတွေဟာ အနှစ်သာရအားဖြင့်တော့ အတူတူပဲ ဆိုပေမယ့် အဲဒီအနှစ်သာရကိုရောက်ဖို့ တချို့ အပေါ်ယံအဆင့်တွေက ထင်သလောက် မလွယ်ဘူး ...

သူ့နည်း သူ့ဟန်နဲ့မှ ရတယ်။ အဲဒီအချက်ကို နားလည်ထားရင် သိကြားမင်းရဲ့သမီးကို လိုချင်ရင်တောင် မခက်တော့ဘူး"

"သင့်ခ်ယူ ဖေဖေ။ ဖေဖေဟာ သားအတွက်တော့ တကယ့်ကို Pioneer ပါပဲ။ ဒါနဲ့ ဖေဖေ သဘောကျနေတယ်ဆိုတဲ့ တစ်ယောက်က ဘယ်သူလဲ။ သူ့ကို ဖြူနုလို မောင်းမတော်ထားချင်လို့လား"

"အင်း ... သားပြောမှ အတွေးရလာတာပါကွာ။ စဉ်းစားရမယ်ပေါ့။ စဉ်းတော့ မစဉ်းစားရသေးပါဘူး"





"ဘယ်သူလဲ၊ ဆင်းပဲလ်လား ပလိန်းလား"

"အင်း ... ဆင်းပဲလ်တော့ မဟုတ်ဘူး။ ပလိန်းလေးပါပဲ။ အစကတော့ ဆင်းပဲလ်ပေါ့ကွာ၊ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုကြောင့် တဖြည်းဖြည်း ကာလာပြောင်းချင်လာပြီ ...

လုံးဝကြီး ကာလာမပြောင်းခင် သား ဖြူနုကို ထားတဲ့ပုံစံမျိုး ထားရင် ကောင်းမလားလို့"

"လုပ်လေ ဖေဖေရာ။ အရွယ်ကရော"

"ဟက် ဟက် ... သားထက်တောင် ငယ်ဦးမယ်"

"ဟောဗျာ ... ကောင်းပါတယ် ဖေဖေရာ၊ သားကတော့ အေးဆေးပါပဲ၊ ဒီလောက် မိန်းမချောတွေကြားမှာ သူ့ကိုမှ ဘာကြောင့် ဖေဖေက choice လုပ်လိုက်ရတာလဲ"

"သူက စိတ်ဝင်စားဖို့ ကောင်းတယ်"

ဖေဖေက အဲဒီစကားကို ပြုံးပြုံးလေး ပြောသည်။ ဖေဖေ့ မျက်လုံးတွေက ခါတိုင်းနှင့် မတူဘဲ နူးညံ့နေသဖြင့် သူတောင် နည်းနည်းအံ့သြရလေသည်။

"မိန်းမတိုင်းက စိတ်ဝင်စားဖို့ ကောင်းတာပဲ မဟုတ်လား ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်တော့ ဟုတ်ပါတယ်။ စိတ်ဝင်စားတယ် ဆိုတာထက် ထူးခြားတယ်ဆိုရင် ပိုမှန်မှာပေါ့လေ ...

လောကကြီးမှာ တစ်ခါတလေတော့လည်း သူများ အတွက် မထူးခြားပေမယ့် ကိုယ့်အတွက်တော့ ထူးခြားချင် ထူးခြားနေတာပဲလေ။ ဩော် ... သားရာ ...

ပင်လယ်ပေါင်းများစွာကို ဖြတ်ခဲ့တဲ့ ပင်လယ်ကူး သင်္ဘောကြီးဟာလည်း တစ်နေရာရာမှာတော့ ကမ်းကပ်ချင် စိတ် ပေါက်လာသလိုပဲပေါ့ကွာ ...

ကိုယ်ကလည်း ကမ်းကပ်ချင်စိတ် ပေါ်လာတဲ့အချိန် ကမ်းပေါ်မှာ တွေ့ရတဲ့ အရာကလည်း ထူးခြားမှုရှိလို့ အခြေအနေပါ ပေးလာရင် ကျောက်ချချင်စိတ်ပါ ပေါက် ချင်ပေါက်သွားမှာပေါ့ကွာ"

ဖေဖေရဲ့ ဒဿနစကားတွေကို သူက ဘာမှ ပြန် မပြောနိုင်သေးခင်မှာပဲ တံခါးတစ်ချပ်က ဖျတ်ခနဲ ပွင့်လာကာ ကျောက်ရုပ်မျက်နှာထားတစ်ခုက ခပ်တည်တည်ပေါ်လာပြီးလျှင် ...

"အန်ကယ် ... meeting အတွက် ပြင်ဆင်ဖို့ အချိန်ပေး ရပါဦးမယ်"





"အေး ... လာပြီကွာ၊ ရယ်ဒီ လုပ်ထားလိုက်"

သူမက မျက်နှာထားခဲ့ခဲ့ဖြင့် ပြန်လှည့်ထွက်သွား သည်။ ဖေဖေက သူ့ကို ဘယ်လိုလဲဟူသော အထာဖြင့် မျက်စ ပစ်ကာ ပြုံးပြပါသည်။ သူက အလိုက်တသိနှင့်ပင် ပခုံးတစ်ချက် တွန့်ကာ ထိုင်ရာမှ ထလိုက်သည်။

"ဒီကမ်းကြီးကတော့ ကပ်ချင်စရာ မကောင်းတဲ့ ကမ်းကြီး ပဲ ဖေဖေ။ ဒါပေမဲ့ ကမ်းပေါ်မှာ ဘာတွေရှိလဲ တက်တော့ ကြည့်ချင်သေးတယ်"

"You can do it"

ဖေဖေက သူ့ကို တစ်ခွန်းတည်းပြောကာ လက်ပြ ရင်း ထွက်သွားသည်။ သူသည် ထိုင်နေရင်းမှ တစ်လောကလုံး ကို သူ့လုပ်စာ ထိုင်စားနေရသလို မျက်နှာမျိုးရှိသော ဇာတ်မင်း သမီးနာမည်နှင့် မိန်းမကို မျက်လုံးထဲတွင် ချက်ချင်းပြန်မြင်ယောင် လာသည်။ မင်းက ဘာကို ဘဝင်မြင့်နေတာလဲ သုန္ဒရီ။

မိန်းမဆိုတာ မီးပြတ်သွားရင် အားလုံးအတူတူပဲ။



www.burmeseclassic.com

www.burmeseclassic.com



## ၆

သူက ကားပါကင်တွင် ကားထိုးရပ်လိုက်ပြီးနောက် ခြံထဲသို့ တစ်ချက်ဝေ့ကြည့်လိုက်လျှင် နည်းနည်းတော့ ဦးနောက် စားသွားရသည်။ ဖေဖေကတော့ သူ့ကို ကျပ်လွှတ်လိုက်ပြီဟု ထင်သည်။ သူ့ကို သွားခိုင်းတုန်းက ခြံပါတီလေးပါကွာ အခင် အမင်မပျက်အောင် သွားပေးပါဟု ဆိုလေသဖြင့် သူက ကူညီပေး သည့် သဘောဖြင့် ရောက်လာခဲ့ရခြင်း ဖြစ်သည်။ ဖေဖေက သူ့ ရဲ့ဆိပ်ကမ်းသာလေးနှင့် သွားတွေ့ဖို့ အရေးကြီးနေသဖြင့် သူက နားလည်ပေးလိုက်သည်။





အခုတော့ မကြီးကျယ်ပါဘူး ဟူသော ခြံပွဲလေးဟာ ကြီးကျယ်သော ခြံပွဲကြီး ဖြစ်လို့နေသည်။ သူနဲ့ပတ်သက်သော ပွဲဆိုရင်လည်း သူ ဒီလောက် ဦးနှောက်စားစရာမလိုပေ။ အခုဟာက ရင်းရင်းနှီးနှီးရှိသူလည်း သိပ်တွေ့မှာ မဟုတ်ရ။ ဒီလိုပွဲမျိုး၌ အဖော်တစ်ယောက်လောက် မပါလျှင် အတော်ကြောင်တတ်သည်။

ဟင်း ... မောပါ့ကွာ။

သူက စိတ်ထဲမှ ရေရွတ်ကာ ပွဲရှိရာသို့ ခပ်ဖြည်း ဖြည်းချင်းပဲ လျှောက်လာခဲ့သည်။ တစ်နေရာအရောက်တွင် သူ့ ကို သိနေသော ဖေဖေ့ရဲ့မိတ်ဆွေတစ်ယောက်က လာနှုတ်ဆက် သည်။ အဲဒီနောက် ပွဲရှင်ထဲသို့ ခေါ်သွားကာ မျက်နှာပြစေသဖြင့် လာရင်းကိစ္စက တစ်ဝက်လောက် အထမြောက်သွားသည်။ သူ့ လက်ထဲသို့ ဝိုင်တစ်ခွက် ထည့်ပေးရင်းမှ ပွဲပိုင်ရှင်က ...

"နေခြည်လင်းပိုင် အေးဆေးနေနော်၊ စားပွဲထိုင်ချင်ရင် လည်းထိုင်၊ ဘူဖေးကလည်း ရှယ်ပဲ။ လွတ်လွတ်လပ်လပ် သာနေ၊ အဖော်မပါဘူးလား"

"မပါဘူးဗျာ၊ စိတ်ထဲမှာတော့ တောင့်တမိသား"



www.burmeseclassic.com

www.burmeseclassic.com



"မပါရင်လည်း ဒီထဲမှာပဲ ရှာသွားတော့။ နေခြည်တို့က ပီပါတယ်၊ ဒီထဲမှာ အလန်းလေးတွေ အများကြီးရှိတယ်၊ ကိုယ် မိတ်ဆက်ပေးစရာ လိုမလား"

"နိုး ... နိုး ... မလိုပါဘူးဗျာ"

"အိုခေ ... နေခြည်တို့ လက်ဖျစ်တစ်ချက် တီးစရာပဲ ရှိတာပါ၊ အေးဆေးနေနော်၊ ဖြည်ဖြည်းပေါ့၊ လိုအပ်တာရှိလည်းပြော"

"ဟုတ်ကဲ့ပါ ခင်ဗျာ ... သင့်ခ်ယူပါ"

မိတ်ဆွေကြီးများ ထွက်သွားချိန်ဝယ် သူကလည်း ဝိုင်တစ်ခွက်နှင့် ခြံထောင့်တစ်နေရာသို့ ထွက်လာခဲ့သည်။ ဘူဖေးတော့ စားချင်စိတ် မရှိသဖြင့် စားဖို့စိတ်ကူးမနေတော့ပါ။ ခြံထောင့်က လွတ်နေသော စားပွဲဝိုင်းမှာ တစ်ယောက်တည်း အေးအေးလူလူထိုင်ဖို့ စိတ်ကူးနှင့် လျှောက်လာစဉ်မှာပဲ သူ့စိတ်ကူးကို တခြားတစ်ယောက်က ဦးသွားသည်။

ဘဲဥပုံရှည်မျော့မျော့ ပန်းကန်ပြားကြီးကို ကိုင်လာသော မိန်းကလေးတစ်ယောက်က အချိုရည်တစ်ဘူးနှင့်အတူ





စားပွဲဝိုင်းမှာ ခပ်တည်တည် ဝင်ထိုင်သည်။ သူသည် ညရဲ့မီးရောင်စုံတွေအောက်မှာ တောက်တောက်ပပ လှပနေသော မိန်းမချောကိုကြည့်ပြီး ဒီညတော့ လန်းပြီဟု စိတ်မှာ မှတ်ယူလိုက်သည်။

ကျောလယ်လောက်မှာ ခွေနွဲ့လိပ်ပြီး ကျနေသော လှိုင်းပုံသဏ္ဌာန် ဆံနွယ်တွေနှင့် သူမသည် သူ့လိုပဲ အဖော်မရှိရှာပါ။ သူက ပြုံးနေသော မျက်နှာထားဖြင့် သူမအနားသို့ လျှောက်သွားလိုက်သည်။ စားပွဲရှေ့တည့်တည့်သို့ ရောက်လျှင် သူက Hi (ဟိုင်း)ဟု နှုတ်ဆက်ဖို့ နှုတ်ခမ်းများကို ဖွင့်လိုက်သည်။ သို့သော် သူ့နှုတ်ခမ်းများက ပွင့်ရုံသာ ပွင့်သွားပြီး ဟိုင်းဟုတော့ အသံမထွက်လာပါ။ အဘယ်ကြောင့်ဆိုသော် အနားရောက်လာသည့် သူ့ကို မော့ကြည့်သည့် မျက်နှာတစ်ခုကို သူက မှတ်မိသွားသောကြောင့် ဖြစ်သည်။

တစ်ဖက်ကလည်း သူ့ကို မှတ်မိသွားဟန် တူပါသည်။ ခပ်တည်တည်ကနေ၍ ပေစောင်းစောင်း ပြန်ကြည့်သည်။ သူသည် အဲဒီမျက်နှာပေးကြောင့် ခွင့်တောင်းမနေဘဲ ခုံတစ်ခုံကို ဆွဲကာ အေးအေးဆေးဆေး ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဒါဘာလုပ်တာလဲ။ ဒါ ကျွန်မထိုင်နေတဲ့ စားပွဲလေ"

"အဲဒါ ဘာဖြစ်လဲ၊ မင်းမှာ တင်ပါးဆယ်ခုလောက် ပါနေလို့လား"

သူ့ရဲ့ အေးအေးဆေးဆေး စကားကို သူမက တရှူးရှူး တရှဲရှဲနှင့် ဒေါသထွက်သွားသည်။

"ရှင် စကားပြောတာ တယ်ရမ်းကားပါလား၊ သူများထိုင်နေတဲ့ စားပွဲကိုလည်း ခပ်တည်တည်နဲ့ ဝင်ထိုင်သေးတယ်"

"ခပ်တည်တည် မဝင်ထိုင်လို့ စပ်ဖြီးဖြီးနဲ့ ဝင်ထိုင်ရမှာလား။ မင်းလည်း ဒီပါတီကို ဖိတ်လို့လာတာ၊ ငါလည်း ဒီပါတီကို ဖိတ်လို့လာတာ ...

တစ်ယောက်တည်း လာတဲ့သူ အချင်းချင်း ဘာမှ စားပွဲဦးနေစရာ မလိုဘူး။ နားလည်မှုရှိပြီး ဖြစ်ရမယ် ...

ပြီးတော့ မင်းက ငါ ဘယ်သူလဲ ဆိုတာလည်း သိပြီးသားပဲ"

သူမ နှုတ်ခမ်းကို တစ်ချက်မဲ့ရွဲ့ကာ ...

"သိတာပေါ့။ သိလို့လည်း ရှင်နဲ့ ကင်းကင်းနေချင်တာလေ"





"ဟာ ... တင်လှချည်လား။ သတင်းတွေ အရမ်းမွှေးတယ်နဲ့တူတယ်"

သူမက ဘာမှဆက်မပြောတော့ဘဲ မျက်နှာကိုသာ တင်းထားလေသည်။ သူက ဒီလောက်အကြောတင်းသည့် မိန်းမကို ကလိချင်သဖြင့် သူမ ပန်းကန်ထဲမှ ကြက်သားကင်တစ်ချောင်းကို ဖျတ်ခနဲ လှမ်းယူကာ စားပစ်လိုက်သည်။ သူမက သူ့ကို မီးဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့်ကြည့်ကာ ...

"နေခြည်လင်းပိုင် ... ရှင် တစ်ဆိတ်တော့ လွန်နေပြီထင်တယ်နော်။ ကျွန်မကို ရှင် တွေ့ဖူးတဲ့ မိန်းမတွေလိုများ ထင်နေလား။ ရှင် နည်းနည်းတော့ အသိတရားရှိရင် ကောင်းမယ်"

"မင်းက ကပ်စေးနဲ လိုက်တာကွာ။ ဒီအကင်လေး တစ်ချောင်းကိုများ ဟိုမှာ ချထားတဲ့ တစ်ဗန်းလုံး မင်းစားနိုင်မလား ... ပြော။ ငါ အကုန်လှမ်းမှာလိုက်မယ်"

သူ ရှုးချင်ယောင် ဆောင်နေပုံကို သူမက ဒေါသကို အတင်းမျိုချထားရသော ပုံစံဖြင့် ကြိတ်မနိုင် ခဲမရ ကြည့်ကာ...



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူသည် ဒီမိန်းမ ဒေါသထွက်နေပုံကို အနီးကပ်ဖြင့် စိမ်ပြေနပြေ စိုက်ကြည့်နေမိသည်။ အင်း ... ကြည့်လေလေ ဒီမိန်းမ တော်တော်ချောသည် ဆိုတာကိုတော့ လက်ခံလာရလေလေဖြစ်သည်။ သူမ မျက်နှာက တခြားသူ မျက်နှာမျိုးနှင့် မတူပါ။ မျက်နှာက ဝိုင်းသည့်ဘက်သို့ပါကာ ဖူးပြည့်နေသော မျက်နှာကြီးမျိုးဖြစ်သည်။

လူပုံကလည်း အနုခေတ် ကောင်မလေးတွေလို သွယ်သွယ်လျလျ ဖြူဖျော့ဖျော့ ဒီဇိုင်းမျိုး မဟုတ်ဘဲ ရွှေဘိုမင်းကြိုက် ပေါင်တံရှည် ဆိုသည့် နုနုထွားထွား ဒီဇိုင်းမျိုးဖြစ်သည်။ အမှန်တော့လည်း ရွှေဘိုမင်း,တင် ကြိုက်တာ မဟုတ်ပါဘူး။ ယောကျ်ားတိုင်း ကြိုက်ကြတဲ့ ဒီဇိုင်းပါ။ ရွှေဘိုမင်းကလည်း သူ့ကျမှပဲ ဒါမျိုးကြိုက်တတ်တာကျလို့။

သူက ကိုယ့်အတွေးကိုယ် သဘောကျ၍ ပြုံးမိသွားကာ ဖေဖေ ပြောသော စကားတစ်ခွန်းကို သွား၍ အမှတ်ရသွားမိသည်။ ကိုယ့်အတွက် ထူးခြားတဲ့ လူတစ်ယောက်တဲ့။ ဟုတ်တယ် ... သူမက သူ့အတွက်တော့ ထူးခြားတဲ့ လူတစ်ယောက်





ဖြစ်လာမည် ထင်သည်။ သူ့ကို တစ်စက်လေးမှ ဂရုမစိုက်ဘဲ ကင်းကင်းတောင် နေချင်တယ်ဆိုသော သူမကို သူက တင်းတင်းကျပ်ကျပ် ဖက်ထားချင်လာပါသည်။

ဒီမိန်းမကိုတော့ သဘောကျသွားပြီ။

"သုန္ဒရီ ! ... မင်းနာမည် သုန္ဒရီတဲ့နော် ... ဟုတ်လား"

"ဒီမှာ ... ရှင့်ပါးစပ်ကို ပိတ်ထားရင် ကောင်းမယ်လို့ မထင်ဘူးလား။ ကျွန်မ ရှင်နဲ့စကားမပြောချင်ဘူး"

"ဘာဖြစ်လို့လဲ၊ ကြောက်လို့လား"

သူ့ရဲ့ဘီလူးအပြုံးနှင့် အမေးက သူမရဲ့မာန်ကို နှီးဆွပေးလိုက်ဟန်တူသည်။ တကယ်တော့ အဲဒါက သူ့ရဲ့ပညာတစ်ခုလည်း ဖြစ်ပါသည်။ သူ့ဖေဖေ သင်ပေးထားသလို သူ့နည်းသူ့ဟန်သုံးမှ အဆင်ပြေနိုင်မည်ဟူသော စကားအတိုင်း သုန္ဒရီနဲ့ ကိုက်ညီသော နည်းနှင့်ဟန်ကို သူက ရွေးချယ်သုံးစွဲသွားရပါမည်။

သူမက သူ့ကို သရော်တော်တော်ပြုံးကြည့်ကာ ...

"မစင်ကို ကြောက်လို့ရှောင်တာ မဟုတ်ဘူး။ ရွံလို့ရှောင်တာ၊ သဘောပေါက်လား"



www.burmeseclassic.com

www.burmeseclassic.com



သူမ တစ်ဆိတ်တော့ လွန်သွားပြီဟု သူ ထင်သည်၊ သို့သော် သူက ဆတ်ဆတ်ခါ မနာပြပါ။ အသာအယာပင် ပြုံးပြ လိုက်ရင်းမှ ခေါင်းတစ်ချက် ဆတ်လိုက်ရင်း ...

"မင်းအလုပ်ရှင် ဘော့စ်ရဲ့သားကို ဒီလိုဆက်ဆံရမယ်လို့ မင်းမိဘတွေက ဆုံးမထားလား"

"ရှင် ကျွန်မ မိဘတွေကို ဘာမှ စကားထဲ ထည့်ပြောစရာ မလိုဘူး၊ လူဆိုတာ သူနဲ့တန်တဲ့ စကားလုံးကို ရွေးချယ် ပြောတတ်မှ တစ်ဖက်လူက နားဝင်သွားတာလေ"

သူမက အဲဒီစကားကို သရော်မော်ကား မျက်နှာဖြင့် ပြောလေသည်။ သူသည် ကိုယ့်ကို အပြင်းထန်ဆုံး စကားလုံးတွေ နဲ့ချည်း ရွေးချယ်ပစ်နေသည့် သူမရဲ့မျက်နှာကိုငေးကာ ခံစားမှု တစ်ခုခုက ရင်ထဲသို့ စိမ့်ဝင်ပြီးလာသည်။ ဒီမိန်းမ သူ့ကိုဘာ ကြောင့်များ အလကားနေရင်း ခွပ်နေရတာလဲ။ သေချာတာတော့ သူ့သတင်းမွှေးမွှေးလေးတွေကို ကြားဖူးထားပြီး ဖြစ်ရမည်။ ဒါဆို ဖေဖေ့ဆီမှာ ဘာကြောင့် အလုပ်ဝင်လုပ်ရတာလဲ၊ သူ့ ခေါင်းထဲတွင် မေးခွန်းများဖြင့် ပြည့်လာသည်။





"မင်း ကိုယ့်ကို မုန်းနေတာလား"

သူမက ရုတ်တရက် ဘာပြောရမှန်း မသိပုံဖြင့် သူ့ကို စူးစူးစိုက်စိုက် ကြည့်နေသည်။

"ပြောလေ ... မင်း ကိုယ့်ကို မုန်းနေလို့ ဒီလိုပလိန်းကြီး တွေ ဖွဲ့နေတာ မဟုတ်လား။ မင်းနဲ့ ကိုယ်နဲ့ ဆုံတွေ့တာ နှစ်ခါပဲ ရှိပါသေးတယ်။ မင်းကို ထိခိုက်စော်ကားတာမျိုး လည်း ကိုယ် မလုပ်ခဲ့ဖူးပါဘူး။ ဒါနဲ့များ မင်း ကိုယ့်ကို ဘာကြောင့် ဒီလောက် ခါးသီးနေရတာလဲ ...

ကိုယ့်အကြောင်းတွေကို ကြားဖူးဦးတော့ မင်း ဒီလောက်ကြီး ခါးသီးနေစရာ မလိုပါဘူးလေ"

သူ့အပြောကြောင့် သူမက အခြေအနေမှန်ကို သုံး သပ်မိပုံ ရသွားသည်။ မျက်နှာကြော နည်းနည်းလျော့သွားသော် လည်း ခုချိန်မှာတော့ မမိတော့ပြီ။ မိန်းမတွေရဲ့ မျက်နှာထားနှင့် နှလုံးသားကို ထုံးလိုကျေနေသည့် သူ့အတွက်တော့ သူနှရီစိတ် ထဲမှာ သူနဲ့ပတ်သက်သည့် အခံတစ်ခုခုတော့ ရှိနေပြီ ဆိုတာကို ရိပ်မိလိုက်ပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကိုယ့်ကို ဘယ်လိုအကြောင်းအရာတွေနဲ့ တွဲသိထား လဲ သုန္ဒရီ"

"ရှင်က မိန်းကလေးတွေကို ဖျက်ဆီးနေတဲ့ ကျားဆိုးတစ် ကောင်ပေါ့"

ချက်ချင်း ပြန်ဖြေမည်ဟု မထင်သော သူမထံမှ အဲဒီလိုအဖြေမျိုး ကြားရသည့်အတွက် သူ နည်းနည်းတော့ အံ့သြသွားရပါသည်။ သူမကို ဖြိုလည်း ဖြိုသွားသည်။ ဒီမိန်းမ မှာ ရှိနေသည့်အခံက တော်ရုံတန်ရုံအခံ မဟုတ်ဘူးနဲ့ တူပါရဲ့။

"မင်း အပြောက နည်းနည်းတော့ ပြင်းထန်မနေဘူးလား။ ကျားဆိုး ဟုတ်လား။ အား ! ကျားဆိုရင်လည်း ကျားပေါ့။ ပြီးတော့ ဖျက်ဆီးတယ် ... စွဲချက်တွေကလည်း သေလောက် တဲ့ ပြစ်ဒဏ်တွေချည်းပါပဲလား ...

lady killer လောက် တံဆိပ်တပ်ရင် တော်သေးရဲ့"

သူမက နှုတ်ခမ်းကို တစ်ချက်မဲ့ရွဲ့ပစ်ကာ ...

"lady killer ဆိုတဲ့ အသုံးအနှုန်းက ရှင့်လုပ်ရပ်တွေထက် စာရင် အရမ်းနူးညံ့နေသေးတယ် ...





ကျားဆိုး ဆိုတဲ့ စကားကလည်း ရှင်နဲ့ တကယ် တမ်းကျတော့ မကိုက်ညီသေးဘူး၊ ရှင်နဲ့ ကိုက်ညီတဲ့ ပျစ် ပျစ်နစ်နစ် စကားလုံးတွေ ရှိသေးတယ်။ ဒါပေမဲ့ ကျွန်မ ပါးစပ်သနလို့ မပြောတော့ဘူး"

မပြောတော့ဘူး ဆိုပေမယ့် သူမ ဘာကိုပြောချင် သလဲ ဆိုတာတော့ သူ သိပါသည်။ သူက သူမကို အေးစက်စက် ပင် ပြန်ကြည့်ကာ ...

"မင်းနဲ့ ပတ်သက်နေတဲ့ တစ်စုံတစ်ယောက်က ကိုယ့်ကြောင့် ထိခိုက်နစ်နာသွားတာမျိုး ရှိခဲ့လို့လား"

သူမက မဖြေချေ။ မျက်နှာကိုပဲ ခပ်တည်တည်နှင့် အေးစက်စက်လုပ်ကာထားသည်။

"ဒါနဲ့များ မင်း ကိုယ့်အဖေဆီမှာ စက္ကရီတေရီ ဝင်လုပ် သေးတယ်နော် ... အံ့စရာပဲ"

"ဘာမှ အံ့စရာ မရှိဘူး။ ဒါက ပညာလိုချင်လို့ လုပ်တာ။ ပြီးတော့ ရှင့်အဖေနဲ့ ရှင်နဲ့က လိုင်းမတူဘူး။ ရှင့်အဖေက ရှင့်လို အချစ်နဲ့ ငယ်ရွယ်နုပျိုမှုကို ဗန်းပြပြီး မိန်းကလေးတွေ ကို ဖြားယောင်းနေတာ မဟုတ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အန်ကယ့် type က open type ပဲ။ ဒါလိုချင်ရင် ဒါပေးရမယ်၊ ရှောင်နိုင်ရင်ရှောင် တိုးချင်တဲ့သူ ဝင်တိုး။ အပေးသမားနဲ့ အယူသမား ကွက်တိပဲ ...

ရှင်က သားကောင်ကို ကျားချောင်း ချောင်းနေတဲ့သူ”

“ဟ ... ပြင်းလှချည်လား။ နေဦး ... နေဦး ... မင်းကို ကိုယ် တစ်ခုမေးဖို့တော့ လိုလာနေပြီ ...

မင်း ကိုယ့်ကို ဘာအခဲမကြေ ဖြစ်နေလဲ ပြောပြ”

“အခဲမကြေ ဖြစ်နေတာ မဟုတ်ဘူး၊ ရွံနေတာ”

“ဘာ ... ဟေ့ ... မင်း တစ်ဆိတ်တော့ လွန်နေပြီနော်”

“မလွန်ဘူး။ ရှင် ဘယ်လိုယောက်ျားလဲဆိုတာ သိနေတဲ့အတွက် ကျွန်မပြောတာ မလွန်ဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် သိတယ် ...

ကျွန်မ သိတာထက်လည်း ရှင်က ရှင့်အကြောင်းကို ရှင်ပိုသိမယ်။ ဒါဆို ရှင်ဟာ အဲဒီလို ယောက်ျားမျိုး ဟုတ် မဟုတ်ဆိုတာ ရှင့်ကိုယ်ရှင် အသိဆုံးနေမှာပဲ”





သူမက ပိုင်နိုင်သလို အနေအထားမျိုးနှင့် ပြောနေလျှင် သူသည် ဒီမိန်းမတော့ သူ့အကြောင်းကို တော်တော်သိနေပြီဆိုတာ သဘောပေါက်ရသည်။ ပြီးတော့ သူ့ကို တော်တော် အခဲမကြေ ဖြစ်နေသည်ဟုလည်း သဘောပေါက်ရပါသည်။

“ဘာလဲ ... မင်းက မိန်းမသားထုကြီးကိုယ်စား နာနေတာလား၊ ဒါ နာစရာ မဟုတ်ပါဘူးလေ”

“ရှင့်နမဆိုရင် ရှင် ဒီလိုပြောမလား”

“ကိုယ့်မှာ နမလည်းမရှိ၊ အစ်မလည်း မရှိဘူး။ တစ်ဦးတည်းသောသား စာရင်းပြတ်တယ်၊ တူမလည်း မရှိဘူး”

“ရှင် ဒီလိုပြောမယ် ဆိုတာကို သိပြီးသားပါ။ ဒါပေမဲ့ ရှင်ကိုယ်တိုင် လုပ်ခဲ့တဲ့ အပြစ်တွေက ကြီးလွန်းတော့ ရှင့်မှာ အစ်မတွေ နမတွေ ရှိစေဦး သူတို့က ရှင့်ကိုယ်စား ဝဋ်ခံစရာ အကြောင်းမရှိဘူး ...

ရှင်ကိုယ်တိုင်ပဲ ခံရမှာ။ ရှင်မှ ဝဋ်ကို အကြီးအကျယ်ကြီးကို လည်ဦးမှာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... မင်းပြောချင်တာက ကိုယ့်အသည်းကိုခွဲမယ့် မိန်းမတစ်ယောက် ပေါ်လာဦးမယ်၊ ဘယ်မိန်းမကိုမှ အထင်မကြီး အဖက်မလုပ် တန်ဖိုးမထားခဲ့တဲ့ ငါက အဲဒီမိန်းမနဲ့ကျမှ ခံစားသွားရမယ်၊ ချစ်တတ်သွားမယ်၊ အသည်းကွဲသွားမယ်၊ အဲဒီလို ဆိုချင်တာလား ...

ဟက် ... ဟက် ... အဲဒီလို အသည်းခွဲသွားမယ့် မိန်းမက မင်းများဖြစ်နေလား မသိဘူးနော်"

သူ့ရဲ့ ခပ်လှောင်လှောင် ရီသွဲ့သွဲ့စကားကို သူမက အချိုရည်ဘူးကို တဂွပ်ဂွပ် ကောက်မော့ချရင်း စူးစူးရဲရဲ ပြန်ကြည့်ခြင်းနဲ့သာ တုံ့ပြန်သည်။ မျက်လုံးတွေကတော့ အခဲမကျေသည့်ဟန် အပြည့်ဖြင့်ဖြစ်သည်။

"ခက်တာက ကိုယ်က မိန်းမတွေကို မချစ်တတ်တာပဲကွ။ ကြိုက်တော့ ကြိုက်တတ်ပါတယ်။ ဒါပေမဲ့ ကြိုက်တာတွေကလည်း များနေတယ် ...

မိန်းကလေးတွေကလည်း အနှစ်သာရအားဖြင့် အတူတူပဲဆိုတော့ တစ်ယောက်တည်း ရွေးကြိုက်ဖို့က ခက်တယ်လေ"





"ရှင် ဝင့်ကတော့ ကောင်းကောင်းကြီး လည်ဦးမှာပါ"

သူမက သွားစေ့ထားသော လေသံဖြင့် ပြောသည်။ သူက ပခုံးတစ်ဖက်ကို ထုံးစံအတိုင်း တွန့်ပြကာ ...

"ဝင့်က လည်ချင်ပါတယ်။ ဝင့်လည်အောင် လုပ်ပေးနိုင်တဲ့သူ မရှိသေးတာ။ မင်း လုပ်ပေးမလို့လား"

"ကျွန်မ တဲ့တွေး မတွေးချင်ဘူးနော်"

"တွေးချင်ရင်လည်း တွေးလိုက်ပါ။ ကိုယ် စားနေတဲ့ ပန်းကန်ထဲ တွေးထည့်ချင် ထည့်လိုက်ပေါ့"

သူမက သူ့ကို အခိုးအလျှံတွေ ထွက်လာတော့မည့် မျက်လုံးမျိုးဖြင့်ကြည့်ကာ ...

"ရှင်ဟာ ကြားရတာထက်တောင် ပိုပြီးရွံဖို့ကောင်းတဲ့သူပဲ"

"မင်းကတော့ မိန်းမထုကိုယ်စား စံပြစိတ်ပျက်စရာကောင်းတဲ့ မိန်းမပဲ။ မင်းကိုကြည့်ပြီး မိန်းမတွေကို ပိုအထင်သေးတယ်၊ ပိုရွံ့ချတယ်။ အဲဒါပဲ"

"ရှင့်ကိုမွေးတဲ့ အမေကလည်း မိန်းမတစ်ယောက်ပဲဆိုတာ သတိရလိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ ဒါပေမဲ့ အမေက အမေပဲလေ။ အမေလည်း စိတ်ပျက်စရာကောင်းတဲ့ အတွေးအခေါ်တွေကို ပိုင်ဆိုင်ထားတဲ့သူပဲ။ အမေသာ ဦးနှောက်ရှိရင် အဖေနဲ့ ကွာရှင်းစရာ ဘာအကြောင်းမှ မရှိဘူး ...

ဆင်းရဲတွင်းထဲကို ခုန်ချသွားတာ အမေမိုက်တာ။ ဉာဏ်မြင့်တဲ့ မိန်းမဆို ဒါမျိုး ဘယ်လုပ်မလဲ။ ကိုယ့်အတွက် ကိုယ်ကြည့်ပြီး ကိုယ့်ဘဝကိုယ် ဟိုးအမြင့်မှာပဲ နေအောင် လုပ်သွားမှာ။ မိန်းမတွေက အဲဒါပဲလေ။ အမျိုးကိုက အူတိုတတ်တဲ့အမျိုး။ မိန်းမဆိုတာ ယောက်ျားလောက် ဘယ်တော့မှ မတော်ဘူး ...

တကယ့် ထိပ်ပိုင်းဆိုတဲ့ နေရာတွေမှာ ဦးဆောင်နေတာ ဘယ်သူလဲ၊ မင်း ကြည့်လိုက်လေ"

သူမက ပြုံးမဲ့မဲ့ဖြင့် သူ့ကို စိုက်ကြည့်ကာ ...

"ရှင်က မိန်းမတွေကို တော်တော်အထင်မြင်သေးပြီး နှိမ့်နှိမ့်ချချ တွေးထားတာကိုး၊ အမေတောင် မချန်ဘူးနော်။ မွေးအမေ ကျေးဇူးတွေ ဆိုတာရော နားလည်ရဲ့လား"





"စာစီစာကုံးတော့ ရေးဖူးပါတယ်၊ ဆယ်တန်းတုန်းကလေ"

သူမက ဆက်ပြောရမှာ စိတ်ကုန်သွားသည့်ပုံစံဖြင့် ကျစ်ခနဲ စုတ်သပ်သည်။ သူက ဖူးပြည့်နေသော မာနမျက်နှာထားကို ငေးစိုက်ကြည့်နေရင်းမှ စိတ်ထဲတွင် ရီးတိုးရွတ ဖြစ်လာသည်။ ဒီလို ခပ်မြင့်မြင့် မာနရှင်မျိုးနဲ့ အချစ်တစ်ပွဲလောက် နွှဲလိုက်ချင်စမ်းရဲ့။ သူ့စိတ်ထဲကိုသာ သူမ လှမ်းမြင်နိုင်ပါက ပန်းကန်ပြားထဲမှ အကင်တံတွေဖြင့် သူ့မျက်လုံးကို ထိုးဖောက်ပစ်နိုင်ပါသည်။

"ရှင် ဝင့်လည်မယ့် တစ်နေ့ကို စောင့်နေပါဦးမယ်"

"ဒါဆို မြန်မြန်လေးပဲ ကိုယ့်အနားကို လာခဲ့တော့လေ။ ဒါဆို မင်းဆန္ဒ ပြည့်ဝသွားမှာပါ"

သူက ဝိုင်တစ်ခွက်ကို တစိမ့်စိမ့် ယူသောက်ရင်း ပြောလိုက်လျှင် သူမက ကျဉ်းမြောင်းသော မျက်ဝန်းများဖြင့် မေးစင်းကြည့်သည်။

"ရှင် တကယ်ဖွန်ကြောင်တဲ့ ယောက်ျား။ ကြားဖူးတာထက် ကြောင်တယ်။ ထင်ထားတာထက် ပိုအောက်တန်းကျတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... မိန်းမတွေကတော့ ယောကျ်ားတွေထက် အထက်တန်းကျတယ်ပေါ့၊ မွေးရာပါ ဘ၀ပေး ကုသိုလ်ကံ အရည်အချင်းကလေ။ သြော် ... သြော် ... ဒါကြောင့် တန်ခိုးကြီးဘုရားတွေမှာ အထက်ပစ္စယံတွေကို ယောကျ်ားတွေကိုပဲ တက်ခွင့်၊ ရွှေသင်္ကန်းကပ်ခွင့် ပေးထားတာပေါ့ နော် ...

တော်တော် တန်ဖိုးကြီးပြီး ဘုန်းမြင့်တဲ့ မိန်းမတွေပဲ"

"ရှင် ဘာမှမဆိုင်တာတွေ ထည့်ပြောမနေနဲ့"

"ဆိုင်လို့ ပြောနေတာပေါ့။ မိန်းမနဲ့ ယောကျ်ားဆိုတာ သဘာ၀တရားက ပေးထားတာကိုက အကွာကြီးပဲ။ မိန်းမ ဖြစ်ရတဲ့ဘ၀က ဘယ်လောက် စိတ်ပျက်စရာကောင်းလဲ။ မိန်းမဆိုတာ ယောကျ်ားတွေအတွက်တော့ အဖြည့်ခံပဲ"

"ရှင့် နှစ်ဆယ့်တစ်ရာစုထဲမှာနေပြီး ခေတ်နောက်ပြန်ဆွဲတဲ့ အတွေးအခေါ်တွေနဲ့ပါလား။ ရှင့်ကို အဲဒီလောက် ခေတ်နောက်ပြန်လိမ့်မယ်လို့ မထင်ဘူး ...





ဒါ ပဒေသရာဇ်ခေတ်ကို ရောက်နေတာ မဟုတ်ဘူး နော်"

သူက သူမရဲ့အပြောကို သဘောကျစွာနှင့် တဟာဟ် ဟက် ရယ်မိသည်။ ဒီမိန်းမက စကားပြောလို့တော့ ကောင်းသား ပဲ။ သူမနှင့်အတူ ကမ်းခြေလေးတစ်ခုမှာ အေးအေးဆေးဆေး အနုံးရှေသောက်ရင်း စကားပြောချင်ပါသည်။ (ဒါပေမဲ့ သူမ two pieces ၀တ်ထားဖို့တော့ လိုအပ်မည် ထင်သည်။)

သူမရဲ့ body structure နဲ့သာ two pieces ၀တ် ထားမည်ဆိုပါက ဂျိမ်းစ်ဘွန်းဇာတ်ကား Die Another Day ထဲ က ဟယ်လီဘယ်ရီ two pieces ၀တ်ထားပြီး ရေထဲက တက် လာတာထက်တောင် ပိုမိုက်ပါလိမ့်ဦးမည်။

"ပဒေသရာဇ်ခေတ်ကို ပိုတောင် ကြိုက်သေးတယ်။ အဲဒီ ခေတ်က မိန်းမတွေကမှ ယောကျ်ားတွေကို ရှယ်ပြုစုတတ် တာ ...

မသင်ရဘူး ... ဟဲ ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ ရယ်သံကို သူမက အော်ဂလီဆန်သွားသည့် အလား မထွေးနိုင် မအန်နိုင်သည့်ပုံစံဖြင့် ပျို့ခနဲ တစ်ချက်လုပ်ကာ အိတ်ကိုဆွဲလျက် ဝေါက်ခနဲပင် ချက်ချင်း ထထွက်သွားလေသည်။ သူသည် မျက်ခုံးပင့် ပါးစပ်ပွင့်လျက် ကျန်ရစ်ခဲ့ရပြီးမှ ပွင့်နေသော ပါးစပ်ဟာ ပြန်မပိတ်နိုင်ဘဲ တဟားဟားနှင့် အော်ရယ်မိလေသည်။

အင်း ... အဖော်မရှိလို့ ပျင်းစရာကောင်းမယ်လို့ ထင်တဲ့ ပါတီပွဲမှာ သူမကြောင့် ပျင်းစရာမကောင်းတဲ့ပြင် ပျော်စရာတောင် ကောင်းသွားပါလား။ ဒီကမ်းစပ်လေးကတော့ တဖြည်းဖြည်းနဲ့ ကပ်ချင်စရာ ကောင်းလာပြီနဲ့ တူပါတယ်။





# ၇

စိတ်ရှုပ်ထွေးစရာ၊ စိတ်အနှောင့်ယှက် ဖြစ်စရာကိစ္စများကို ခေါင်းထဲမှာ ဘယ်တော့မှ ထည့်မထားတတ်သော သူ့အတွက် စိတ်ရှုပ်စရာတွေက ဖြစ်မယ့်ဖြစ်လာတော့လည်း ဆက်တိုက်ပဲ ဖြစ်သည်။ သူသည် အဲဒီနေ့က မတွေ့တာ အတော်ကြာပြီဖြစ်သော မိခင်ဖြစ်သူနှင့် တွေ့ခွင့်ရခဲ့သည်။ မေမေက သူ့ကို စတင်ဆက်သွယ်လာကာ ဆိုင်တစ်ဆိုင်မှာ စကားပြောခဲ့ခြင်းဖြစ်သည်။

သူကတော့ သူ့ကို သတိရလွမ်းဆွတ်၍ ဆက်သွယ်လာသည်ဟု ထင်သော်လည်း တကယ်တမ်းကျတော့ မေမေက ဆုံးမဩဝါဒတွေခြွေဖို့ ဆက်သွယ်ခဲ့တာဖြစ်သည်။ သူက တွေ့



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်း မေမေ ဘာညာနှင့် ဖောရှောရိုက်ဖို့ စဉ်းစားထားသော်လည်း မေမေက တည်ငြိမ်သော မျက်နှာထားနဲ့ပဲ သူ့ကိုကြည့်ကာ ...

"သား ... မင်းသတင်းတွေ ကြားရတာလည်း နားနဲ့မဆံ့တော့ဘူး သားရယ်။ သား မိန်းကလေးတွေကို ဘယ်လိုသဘောထားမျိုးနဲ့ ဆက်ဆံနေတာလဲ။ မင်းအဖေ ရိုက်သွင်းထားတဲ့ စိတ်ဓာတ်တွေ ဘယ်လောက်များ မနည်းမနော ဝင်နေပြီလဲ"

"မေမေပဲ အဲဒီစိတ်ဓာတ်တွေ ဝင်အောင် ကျွန်တော့်ကို ဖေဖေနဲ့ ထားခဲ့တာ မဟုတ်လား"

"ကျွတ် ... မင်း အထင်မှားနေပြီသား။ မင်းအဖေက မိန်းမတွေကို ထမင်းချက်၊ အဝတ်လျှော်၊ ညအိပ်ဖော် လောက်သာ အသုံးဝင်တဲ့သူတွေလို့ ထင်နေတဲ့ ယောက်ျား။ တကယ့်မိန်းမတစ်ယောက်ရဲ့ စစ်မှန်တဲ့ အရည်အချင်းက ဘာလဲဆိုတာ သူ သဘောပေါက်စေချင်လို့ သိစေချင်လို့ မင်းတို့ သားအဖနှစ်ယောက်ကို မေမေ ထားပေးခဲ့တာ ...





ဒါပေမဲ့ မင်းအဖေကလည်း အမြင်မှန်မရတဲ့အပြင် မင်းကိုပါ သူ့ပုံစံဖြစ်အောင် သွပ်သွင်းလိုက်တာကိုး။ သားရယ် ... ပျက်အစဉ် ပြင်ခဏပါ၊ အမှားဆိုတာ ပြုပြင်လို့ ရပါတယ် ...

မင်းအဖေ သွင်းပေးထားတဲ့ မကောင်းတဲ့စိတ်ဓာတ်တွေကို ပြုပြင်လိုက်ပါတော့"

သူက အစုမှ ရွှေပြည်အေးတရား လာဟောပြနေသော မိခင်ကို ခေါင်းတစ်ချက် ယမ်းပြလိုက်သည်။

"ကျွန်တော်က ဖေဖေနဲ့ မေမေရဲ့ အစမ်းသပ်ခံပေါ့လေ၊ ဟုတ်လား။ မေမေ အစတည်းက ဒီလိုထားခဲ့ရင် ဒီလိုဖြစ်မယ်ဆိုတာ ဘာလို့ ကြိုမတွေးမိသလဲ။ ကျွန်တော့်ကို မေမေရဲ့ အစမ်းသပ်ခံလို့ သဘောထားခဲ့တာပေါ့၊ မဟုတ်ဘူးလား ...

နေပါစေတော့ မေမေရာ။ မှားနေတယ် ဆိုရင်လည်း အဲဒီမှားနေတဲ့ ဘဝမှာပဲ ကျွန်တော် ပျော်တယ်၊ စိတ်ချမ်းသာတယ်"



www.burmeseclassic.com

www.burmeseclassic.com



မေမေက သူ့ကို ဒေါသထွက်လာသော မျက်လုံးများဖြင့် ...

"မင်း စိတ်ချမ်းသာနေပေမယ့် သူတစ်ပါး မျက်ရည်ပေါက်ကြီးငယ်ကျပြီး စိတ်ဆင်းရဲနေရရင်ရော ဒါဟာ တရားသလား"

"တရားတယ်ဆိုတာ ဘာလဲ မေမေ။ တရားတယ် မတရားဘူး ဆိုတာ လူတွေရဲ့ ပညတ်ချက် သတ်မှတ်ချက်တွေပါ။ ကမ္ဘာဦးအစက တရားတယ် ဆိုတာလည်း မရှိဘူး၊ မတရားဘူး ဆိုတာလည်း မရှိဘူး"

"နေခြည် ... မင်း စကားတတ်တိုင်း လျှောက်ပြောမနေနဲ့။ မင်းရဲ့လုပ်ရပ်တွေက တော်တော်ဆိုးရွားနေလို့ မင်းကို ငါ ပြောနေရတာ ...

မင်း လုပ်နေတဲ့ အပြုအမူတွေက ဖအေထက် သားတစ်လကြီး၊ မင်းအဖေထက်တောင် ဆိုးရွားနေပြီ သိရဲ့လား"

"မေမေက ဘာတွေသိလို့ လာပြောနေရတာလဲ"





"မင်းနဲ့ ငါ အသေ့ဝးမှာ နေကြပေမယ့် မင်းသတင်းတွေကို ငါ အမြဲနားစွင့် စုံစမ်းနေတာပါ နေခြည်။ မင်း အကြောင်းတွေ နေရာစုံက ကြားရပါတယ်။ ကောင်းကွက် တစ်ကွက်မှ မရှိဘူး။ အဆိုးဆုံးက မင်း မိန်းကလေးတွေအပေါ်မှာ နမချင်း မစာနာ အခွင့်အရေးယူတဲ့ ကိစ္စပဲ ...

ငါ မအေတစ်ယောက်အနေနဲ့ရော မိန်းမတစ်ယောက်အနေနဲ့ရော ဒီစကားတွေကို မပြောချင်ဘူး။ ဒါပေမဲ့ မင်းလုပ်ရပ်တွေက အရမ်းကို ဆိုးရွားနေလို့ လာပြောရတာ။ (ဒီနေရာ အရောက်တွင် မေမေက အသံကိုနှိမ့်လျက်)

မင်း ဒေါ်စိန့် တူမလေးကို လုပ်ထားတာ ဘယ်လိုပုံစံလဲ ... ဟင်။ မင်းမှာ လူအချင်းချင်း စာနာထောက်ထားတဲ့ စိတ်ဓာတ်ရော ရှိသေးရဲ့လား။ နမချင်း အစ်မချင်း မစာနာတတ်ရင်တောင်မှ သူလည်းလူ ကိုယ်လည်းလူ လူလူချင်းဆိုတဲ့ စာနာထောက်ထားတတ်တဲ့ စိတ်ဓာတ်လေးတော့ ရှိဦးမှပေါ့ ...



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မင်း လုပ်ထားတဲ့ ပုံစံက သိပ်လူမဆန်ရာ ကျလွန်းတယ် နေခြည်။ အရမ်းရက်စက်လွန်းတယ်။ မင်းဟာက မိန်းကလေးတစ်ယောက်ကို ဘယ်အဆင့်မှာထားတယ်ဆိုတာ ငါ့ပါးစပ်ကတောင် ပြောမထွက်တော့ဘူး ...

မင်း အဲဒီ ဖြူနု ဆိုတဲ့ ကောင်မလေးကို ယူမှာလားပြော"

သူက ဒီတစ်ခါတော့ ခါးခါးသီးသီးပင် ပြန်အော်မိသည်။

"အာ ... ဘာကိစ္စ ယူရမှာလဲ၊ အဓိပ္ပာယ်မရှိတာ"

"ဒါဖြင့်ရင် မင်း သူ့ကို ဘယ်လိုများ သဘောထားထားတာလဲ နေခြည်ရဲ့။ မင်းက လက်ထပ်ဖို့လည်း မရည်ရွယ်၊ မင်းရဲ့ချစ်သူလည်းမဟုတ် ရည်းစားလည်းမဟုတ် မင်းဆန္ဒတစ်ခုကို ဖြည့်ဆည်းဖို့ သက်သက်နဲ့များ ...

ကျွတ် ... ဆိုးဝါးလွန်းလိုက်တာ နေခြည်ရယ်။ မင်း လုပ်ရပ်တွေကို ရပ်တန်းက ရပ်ပါတော့။ ငါ ရင်နာ





ရလွန်းလို့ပါ။ ငါ တောင်းပန်ပါတယ် နေခြည်ရယ်။ သူများသားသမီးကို မင်း ဒီလောက် အနိုင်မကျင့်ပါနဲ့၊ မင်းစိတ်ဓာတ် အဲဒီလောက် အောက်တန်းမကျစမ်းပါနဲ့"

မေမေက ဆို့နင့်နာကျင်နေသော လေသံဖြင့်ပြောလျှင် သူက တော်တော်ကြီး စိတ်ပျက်ကာ စိတ်ရှုပ်ထွေးလာရသည်။ မိန်းမတွေဟာ မေမေ ပြောသလို အားလုံးအတူတူချည်းပဲ။ သိပ်နားငြီးဖို့ကောင်းတယ်။ ဇယားရှုပ်တယ်။

"နေခြည် ... မင်း ငါ့ကို ကတိပေးစမ်း။ မင်း အချိုးတွေကို ပြင်ပါ့မယ်လို့ ကတိပေးစမ်းပါ"

"ဘာဆိုင်လဲ မေမေရာ။ ကျွန်တော် လုပ်နေတာတွေက မေမေ့ကို ဘာများ ထိခိုက်နေလို့လဲ"

"ငါ့ကို တိုက်ရိုက်မထိခိုက်ပေမယ့် ထိတော့ ထိခိုက်နေတယ် နေခြည်ရဲ့။ မင်းလုပ်ရပ်တွေက ကောင်းမှ မကောင်းတာ။ မကောင်းတဲ့အပြင် တရားလွန် ဆိုးသွမ်းတဲ့ဘက်တောင် ရောက်နေပြီ ...



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မင်း တစ်နေ့တော့ ဒုက္ခကောင်းကောင်းကြီး ရောက်လိမ့်မယ်။ ဆင်ခြင်ပါတော့ နေခြည်။ မင်းက မင်းအဖေကို ပြန်ဖျက်ဆီးတဲ့ဘဝမျိုးကို ရောက်နေပါ့မယ်၊ တော်ပါတော့။ မိန်းမယူမှာဖြင့်လည်း ယူပါ။ သူများသားသမီးတွေကိုတော့ ပန်းကောင်းအညွန့်ချိုး မလုပ်ပါနဲ့တော့"

"မေမေ ပြောချင်တာတွေက ဒါပဲ မဟုတ်လား။ ကျွန်တော် သွားတော့မယ်ဗျာ။ ဖေဖေရော ကျွန်တော်ရော မိန်းမ မယူချင်ကြတာ ဒီလို ပစိပစပ် နားငြီးတာကို မခံနိုင်လို့ပါ"

သူက ပြောပြောဆိုဆိုနှင့် ထထွက်လာခဲ့သည်။ စိတ်ကတော့ မကြည်တော့ပါ။ ဒီသတင်းကို မေမေ့နားထိပေါက်ကြားအောင် သွားလုပ်ခဲ့သော ဒေါ်စိန့်ကိုလည်း တင်းသည်။ အိမ်ရောက်လျှင် မောင်းတင်ချဲဖို့ စိတ်ကူးထားခဲ့သော်လည်း အိမ်မှာက သူ့ကို ပြဿနာအထုပ်က ဆီးကြိုနေသည်။ သူ အိမ်ထဲဝင်လာသောအခါ တစ်ဖက်ခြံက ဆရာဝန်နှင့် ဧည့်ခန်းအပေါက်ဝမှာ ဆုံသည်။ ဆရာဝန်က သူ့ကို တစ်မျိုးသောပုံစံနှင့်ကြည့်ကာ အသိအမှတ်ပြုသလို ခေါင်းတစ်ချက် ဆတ်ပြသွားသည်။





သူက ဆရာဝန်ထွက်သွားလျှင် ဒေါ်စိန့်ကို တစ်ချက်ငဲ့ကြည့်လျက် ...

"ဘယ်သူ ဘာဖြစ်လို့လဲ ဒေါ်စိန်"

ဒေါ်စိန်က သူ့မျက်နှာကို တစ်ချက်ကြည့်ကာ အပေါ်ထပ်သို့ မျက်ရိပ်ပြကာ ခေါ်သွားသည်။ ဖြူနုကိုပေးထားသော ထောင့်ချိုးနားရှိ အခန်းရှေ့သို့ရောက်လျှင် သူ့ကိုမော့ကြည့်ကာ ...

"အထဲမှာ ဖြူနု မိန်းနေတယ်၊ ခဏဝင်သွားကြည့်လိုက်ပါဦး မောင်နေခြည်"

"အဲဒါက အရေးကြီးလို့လား၊ နေစမ်းပါဦး၊ ခင်ဗျားကို မေးစမ်းပါရစေဦး၊ ခင်ဗျား ကျုပ်အမေကို ဘာတွေသွားပြောထားလဲ"

"ဘာ ... ဘာမှ ..."

"အပိုတွေ ပြောမနေစမ်းပါနဲ့ဗျာ၊ အခုပဲ ကျုပ်အမေနဲ့တွေ့ပြီး ပြန်လာတာ။ ခင်ဗျား သိပ်လျှာရှည်တယ်၊ ပေးထားရင် ပေးထားတဲ့အတိုင်း ပါးစပ်ပေါက်ကို ပိတ်မထားဘူး။ ခင်ဗျားတို့ မိန်းမတွေ အဲဒါတွေ စိတ်ပျက်ဖို့ကောင်းတယ် ...



www.burmeseclassic.com

www.burmeseclassic.com



မလိုအပ်ဘဲနဲ့ သိပ်လျှာရှည်တယ်၊ ပါးစပ်ကိုပိတ်မထားနိုင်ဘူး။ ဦးနှောက်မှ မရှိတာ ... တောက်"

ဒေါ်စိန်က သူ ပြောသမျှကို ရှုတည်တည်ဖြင့် နားထောင်ပြီးလျှင် ...

"မင်း ပြောချင်တာ ပြောပြီးရင် ငါလည်း ပြောပါရစေဦး။ အခု ဖြူနုမှာ ကိုယ်ဝန်ရှိနေပြီ နေခြည်"

"ဘာ ... မဖြစ်နိုင်တာ"

"ပြောမှ ပြောတတ်ပါလေ့ နေခြည်ရယ်။ ဖြူနုဟာ မင်း လက်ခုပ်ထဲကရေပါ၊ မင်း သွန်လိုသွန် မှောက်လိုမှောက် လုပ်ခွင့်ရနေတဲ့သူပါ ...

သူ့ခမျာ ဒီအိမ်ထဲက အိမ်ပြင် ဘယ်မှထွက်ရတာ မဟုတ်ဘူး။ တစ်ခါတလေမှ ဘုရားလေး ဈေးလေး ငါနဲ့ အတူတူသွားတာမျိုးရှိတယ်။ ဒီအိမ်ထဲမှာနေ ဒီအိမ်ထဲမှာပဲ မင်းရဲ့ကိုယ်လုပ်တော်စစ်စစ် ဖြစ်နေတဲ့သူပါ ...

ဒါကို မင်းက မဖြစ်နိုင်ဘူးဆိုတော့ ငါက ဘယ်လို ပြောရမလဲ။ မင်း မဟုတ်ဘူးလို့ ငြင်းချင်သေးတာလား"





"ဟာ ... ခင်ဗျားကြီး နည်းပညာကို နားမလည်ဘဲနဲ့ စွတ်ပြောနေပြန်ပြီ။ ကျုပ်နဲ့ ပတ်သက်တာ မှန်တယ်၊ ဒါပေမဲ့ ဘာပြဿနာမှ မရှိအောင် ကျုပ် ဖန်တီးပြီးသား ...

ကျွတ် ... ဒါက ဘယ်လိုဖြစ်ရတာလဲ၊ သေချာလား၊ အခုနက ဆရာဝန်လာတာ အဲဒီကိစ္စလား၊ ဘာပြောသွားလဲ"

ဒေါ်စိန်က သူ့ကို မျက်လုံးမပင့်တပင့် လှမ်းကြည့်ကာ ...

"ကိုယ်ဝန်ရှိနေတယ်တဲ့၊ နှစ်လကျော်ပြီလို့ ပြောသွားတာပဲ"

"ခင်ဗျားတို့ ခေါ်စမ်းနိုင်းတာလား"

"မဟုတ်ရပါဘူးတော်။ သူ့ဟာသူ မူးလဲတာပါ။ သတိမေ့ချင်သလို ဖြစ်နေတာကြောင့် နရီတို့က ဆရာဝန်သွားပင့်လာတာ။ ဖြူနုကတော့ စိတ်ဆင်းရဲပြီး တငိုငို တရယ်ရယ် ဖြစ်လို့နေလေရဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



မင်းဇာတ်လမ်းကို မင်း နိုင်အောင် ရှင်းပေတော့။

ဒါပေမဲ့ ဒီကိစ္စဟာ မင်းကိစ္စဆိုတာကိုတော့ မင်းလက်ခံလိုက်ပါ မောင်နေခြည်ရယ် ...

အဲဒါကတော့ ငါ ကြားထဲက ကျိန်ဆိုရဲပါတယ်"

"တော်ပြီဗျာ ... ဆက်မပြောနဲ့တော့"

သူက စိတ်တိုတိုနှင့် အော်ပစ်ခဲ့ကာ ဖြူနု ရှိနေသော အခန်းတံခါးကိုဖွင့်ကာ ဝင်လာခဲ့သည်။ ခုတင်ပေါ်တွင် ဖြူနုက လှဲရင်းမှ ရှိုက်နေသည်။ သူက ခုတင်ဘေးကနေ၍ ခြေထောက်တစ်ဖက်ကို ခုတင်ဘေးအစွန်းပေါ် ဒူးထောင်ကာ ဖြူနုကို ငုံ့ကြည့်ရင်းမှ ခပ်ဆတ်ဆတ် ဆိုမိသည်။

"ဖြူနု ... မင်းကို ဆရာဝန်က ဘာပြောသွားလဲ"

ဖြူနုက ပြန်မဖြေဘဲ ရှိုက်ကာ ရှိုက်ကာပဲ ငိုနေလေသည်။ သူက စိတ်တိုလာသဖြင့် ခုတင်ပေါ်ကို ဖနောင့်နှင့် တစ်ချက်ဆောင့်လိုက်ကာ ...

"ဖြူနု ... ငိုမနေစမ်းပါနဲ့ကွာ။ ဒီအချိန်က ငိုနေရမယ့် အချိန်မျိုး မဟုတ်ဘူး။ မင်းဟာက ဘာဖြစ်ရတာလဲ၊ ကျွတ် ... တောက် ... အဓိပ္ပာယ်မရှိတာ"





"ဟင့် ... အဟင့် ... အစ် ... အစ်ကိုလေး ပြောတော့ ... ဘာ ... ဘာမှ ... မ ... မဖြစ်ဘူးဆို ... ဟင့် ... အစ် ... အစ်"

သူက စိတ်ရှုပ်ထွေးစွာဖြင့် ခေါင်းကို တစ်ချက်ယမ်းလိုက်သည်။ ဒီကလေးမဟာ သူ့တစ်လက်ကိုင် ဆိုတာကိုတော့ သူ သိသည်။ ဒီကိစ္စဟာလည်း သူ့ရဲ့ သတိလက်လွတ် ပေါ့ဆမှုကြောင့်သာဖြစ်သည်။ ဒါပေမဲ့ သူက သူ့ကိုယ်သူ စိတ်မတိုဘဲ ဖြူနုကိုသာ စိတ်တိုသည်။ ဒီမိန်းမကို မေရီနဲ့ သင်တန်းထပ်မပေးနိုင်းလိုက်မိတာ မှားသွားလေသည်။

ဖြူနုကတော့ မျက်နှာတစ်ပြင်လုံး နီရဲမို့အစ်ကာ ရစရာမရှိအောင် ရှိုက်ကြီးတငင် ငိုယိုလျက်ရှိသည်။ သူက စိတ်ပျက်စရာကောင်းသော အနိဋ္ဌာရုံကို တစ်ချက်ကြည့်လိုက်ပြီးနောက် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

"ဖြူနု ... မင်း ဘာမှ ငိုမနေစမ်းနဲ့ကွာ။ မင်းကိစ္စကို ရှင်းလိုက်။ ငါ ပြောတာကြားလား။ ပိုက်ဆံဘယ်လောက်ကုန်ကုန် ငါ ပေးမယ်။ မြန်မြန်ရှင်းလိုက်"



www.burmeseclassic.com

www.burmeseclassic.com



အခုနကတော့ သေမလို ဖြစ်နေသော မျက်နှာနှင့် ပုံပုံလဲနေသော သူမသည် ဒီစကားလည်း ကြားလိုက်သောအခါ ဖုတ်သွင်းလိုက်သလို ငေါက်ခနဲထကာ ...

"ဟင့်အင်း ... အစ်ကိုလေး။ ကျွန် ... ကျွန်မ အဲဒါမျိုး မလုပ်ရဲဘူး။ လုပ်လည်း မလုပ်သင့်ဘူး။ ဒါ လူသတ်တာပဲ။ လူသတ်မှုပဲ ...

ဗိုက်ထဲက ကလေးက ဘာမှ အပြစ်မရှိတဲ့ ကျွန်မ ရင်သွေးလေး။ ကျွန်မ မလုပ်ရက်ဘူး၊ မလုပ်နိုင်ဘူး"

"အောင်မာ ... ဘာလူသတ်မှုလဲ၊ နင်ကများ ငါ့ကို။ နားရင်းပိတ်တီးလိုက်လို့ ဒီနေရာမှာတင် တစ်ခါတည်း ကိစ္စပြတ်သွားမယ် ...

ကိုယ့်ကိုယ်ကိုယ်တော့ ဘယ်လို ကာကွယ်ရမယ် ဆိုတာ မစဉ်းစားဘဲနဲ့ ဒါကျမှ စကားလာတတ်မနေနဲ့။ တောက် ... နင် ဘာမှ လျှာရှည်မနေနဲ့။ ငါ ပြောသလို လုပ်ရမယ် ကြားလား"





"ဟင့်အင်း ... အစ်ကိုလေး။ ကျွန်မ မလုပ်နိုင်ဘူး။ မလုပ်ပါရစေနဲ့။ ကျွန်မ တောင်းပန်ပါတယ်၊ ဒီကလေးကို ကျွန်မ မွေးပါရစေ"

"ဖြူနု ... မင်း သေချင်နေပြီလား။ မင်း ဘာနားလည်လို့ ဒီကလေးကို မွေးချင်နေရတာလဲ။ မွေးချင်ရင် ဒါကို ဖျက်ချပြီးမှ တခြားယောကျ်ားတစ်ယောက်နဲ့ သွားမွေး ...

ဒီမှာလာပြီးတော့တော့ ဟီးရှိုးလာလုပ်မနေနဲ့"

"အစ်ကိုလေး သိပ်ရက်စက်တယ်၊ ပြောထွက်ရက်လိုက်တာနော်။ ဒါ အစ်ကိုလေး ... အစ်ကိုလေး ... လုပ်ထားတဲ့ပြဿနာလေ။ ဒီရင်သွေးလေးကလည်း အစ်ကိုလေးရဲ့ ..."

"တော်စမ်းကွာ ... မင်း ကြည့်ဖူးတဲ့ ဇာတ်ပွဲထဲက ဒိုင်ယာလော့ခ်တွေ လာရွတ်မနေနဲ့။ ဘာရင်သွေးမှလဲ မလိုချင်ဘူး ...

ဒါ ရင်သွေးလည်း မဖြစ်သေးဘူး။ မင်းက ဘာသိလို့ လျှောက်ပြောနေရတာလဲ။ ဖြတ်ဦးနှောက်၊ ပုစွန်ဦးနှောက်နဲ့ လာလုပ်မနေနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့မိန်းမတွေကို အဲဒါကြောင့် အသုံးမကျဘူး လို့ပြောတာ။ လက်တွေ့သဘောတရား မရှိဘူး။ ဦးနှောက် မရှိဘူး။ မင်း မွေးလိုက်တာက လွယ်တယ်။ ကျန်တဲ့ဘဝ တစ်လျှောက်လုံး ဒီကလေးတစ်ယောက်နဲ့ ဘယ်လိုဆက် သွားမှာလဲ။ ငါ့လက်ကိုတွဲပြီး မိန့်မိန့်ကြီး အိမ်ရှင်မ လုပ်ဦး ဖို့ စိတ်ကူးထားလို့လား။ ဝေးသေးတယ်၊ ငါက တခြား မိန်းမတွေတောင် ယူဖို့မစဉ်းစားသေးတာ မင်းကိုတော့ လုံးဝပဲ”

ဖြူနုသည် သူ့ကို ဘာမှပြန်မပြောတော့ဘဲ ရှိုက်ကြီး တငင်သာ ငိုယိုနေတော့သည်။ သူကလည်း စိတ်တိုတိုနှင့် တက် ခွေ တစ်ချက်ပြီး တစ်ချက် ခေါက်နေရာမှ သူ့ခေါင်းထဲတွင် အတွေးတစ်ချက် ပေါ်လာသဖြင့် မေရီ့ထံ ဖုန်းလှမ်းခေါ်လိုက်သည်။ ဒီကိစ္စကို မေရီနဲ့ပဲ ဖြေရှင်းခိုင်းမှ ရတော့မည်။ ဒေါ်စိန့်ကိုလည်း မျက်နှာလွှဲ၍ ရမှာမဟုတ်။ ဖြူနု ဆိုသော ဟာမလေးကတော့ လုံးဝဒိုင်ကြောင်အတွေးပိုင်ရှင်သာ။





သူက မေရီရဲ့ ဖုန်းနံပါတ်တွေကို တတောက်တောက် နှိပ်ရင်းမှ ခဏကြာသောအခါ လိုင်းဝင်သွားသည်။

“ဟယ်လို ... အေး ... မေရီလား ကိုယ်ပါ”

“.........”

“ဒီမှာ ပြဿနာတစ်ခု ပေါ်နေတယ်ကွာ မေရီရာ။ အဲဒါ မင်း ကူညီမှရမှာ။ လုပ်ဦး ... လုံးဝအရှုပ်ထုပ်ပဲ။ မမိုက် လိုက်တာ”

တစ်ဖက်မှ မေရီက သူ အဲဒီလို ပြောလိုက်တာနှင့် ဘာကို ဆိုလိုတယ်ကို ချက်ချင်း သဘောပေါက်သည်။ နီးတဲ့ မေရီ။ မဝေးဘူး။

“အေး ... ဟုတ်တယ် အဲဒါပဲ။ အဲဒါ မင်း ဖြေရှင်းရမယ့် နည်းလမ်းကို သိလား။ ကိုယ်ကတော့ ဖယားအပြီးရှင်းချင် တယ်”

“ဖြစ်ရမယ်လေ။ မေရီ့ဆီ ခေါ်လာခဲ့ပေါ့။ ယူရော လိုက် မလား။ ယူ့တစ်ယောက်က စိတ်ချရပါ့မလား။ တော်ကြာ



www.burmeseclassic.com

www.burmeseclassic.com



ရှုးကြောင်မှုးကြောင်နဲ့ ထွက်ပြေးရင်-မေရီတော့ လိုက်မဖမ်းနိုင်ဘူးနော် ...

ယူပါ ပါနေမှ ကောင်းမှာ"

"အေး ... ကိုယ် လိုက်ပို့မယ်။ မင်းဟာက အခုဖြစ်မလား။ ဖြစ်ရင်လည်း အခုပဲ ဖယားရှင်းချင်တယ်။ နောက်ကြောင်းလည်း ရှင်းချင်တယ်နော်။ မသေမသပ်နဲ့ ကျိုင်တက်နေရမယ့်ကိစ္စမျိုး မလိုချင်ဘူး ...

တစ်ခါပဲ အုံးစားခံနိုင်တယ်။ ပိုက်ဆံက အရေးမကြီးဘူး"

"သိပါတယ် ဇောတိကရယ်။ အခုမှ သိပ်ပျာမနေစမ်းပါနဲ့။ မေရီတို့က ဒီအထာတွေ ကျွမ်းပြီးသားပါ။ လုံးဝစိတ်ချရတဲ့နေရာ ရှိတယ်။ ယူ ဘာမှ အုံးစားမနေနဲ့။ ယူ့လူသာ အေးဆေးလက်ခံနိုင်ဖို့ အရေးကြီးတယ် ...

ဒါကြောင့် ပြောတာပေါ့။ Brand new တိုင်းလည်း စိတ်ချရတာ မဟုတ်ဘူးရှင့်"





"အရေးထဲ ကြော်ငြာဝင်နေပြန်ပြီကွာ။ ကဲ ... အခု ကိုယ်တို့လာခဲ့လို့ဖြစ်မလား ပြော"

"ဖြစ်တယ်၊ မေရီ စောင့်နေမယ်။ ဟိုကိုလည်း လှမ်းချိတ်ထားလိုက်မယ်၊ အဆင်ပြေမှာပါ ...

ယူတို့သာ အခု ထွက်ခဲ့တော့"

"အိုကေ ... ပရီသင့်ခ်ယူ မေရီ ... ဒါပဲကွာ"

သူက ဖုန်းကို ထောက်ခနဲ ပိတ်ချလိုက်ရင်းမှ ဖြူနုကို တစ်ချက်လှမ်းကြည့်လိုက်လျှင် ဖြူနုက သူ့ကို နီရဲနာကျင်နေသော မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။ အခါများစွာက သူ့ကို မျက်လုံးတောင် လှန်မကြည့်ရဲသည့် ဖြူနုသည် အခုတော့ နာကျင်အခဲမကျေသည့် မျက်လုံးတွေဖြင့် စူးစူးရဲရဲ စိုက်ကြည့်နေသည်မှာ ကြောက်တတ်လျှင် ကြောက်ဖို့တောင် ကောင်းလေသည်။

ဟင်း ... မောပါ့။ သူက ဖြူနုကို မေးတစ်ချက်လှမ်းဆတ်ပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖြူနု အဝတ်အစားလဲစမ်း၊ မင်းပုံစံက လုံးဝချွဲနေတယ်၊ အပြင်သွားရမယ်၊ အင်္ကျီလဲတော့"

"ကျွန်မကို ဘယ်ခေါ်သွားမှာလဲ"

"မင်း အရုပ်ထုပ်ကို ရှင်းပေးမလို့လေ၊ မင်း မကြောင်စမ်းပါနဲ့ ဖြူနု။ ဒါ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ နောက်မှ နောင်တ ရသွားမယ် ...

ကဲ ... ကြာတယ်ကွာ အချိန်မရှိဘူး ... လုပ်"

"အစ်ကိုလေး တာဝန်မယူနိုင်ရင် ကျွန်မဘာသာ ဖြေရှင်းဖို့ စီစဉ်ထားပြီးသားပါ။ ကျွန်မမှာ သတ္တိရှိပါတယ်။ ဘယ်သူမပြု မိမိမှုပဲ။ ကျွန်မ ရင်ဆိုင်မယ် ...

ကျွန်မ ဒီကနေ ထွက်သွားပါ့မယ် အစ်ကိုလေး။ ဖအေမပေါ်လည်း ဒီကလေးကို ကျွန်မ ရဲရဲဝံ့ဝံ့ မွေးရဲပါတယ်"

သူက ဒီလောက်ပြောရကျိုးကာ ခေါင်းမာနေသော ဖြူနုကို ကိုင်ဆောင့် လှုပ်ယမ်းပစ်ချင်လာသည်။





"ဖြူနု ... မင်း လျှာရှည်မနေနဲ့ကွာ။ ငါက လုပ်ဆိုလုပ်လိုက်"

"ဟင့်အင်း ... ကျွန်မ မလိုက်နိုင်ဘူး အစ်ကိုလေး"

"တောက် ... ဒီငကြောင်မတော့ကွာ၊ အေး ... ကောင်းကောင်းမွန်မွန် ပြောနေရင် မရဘူး။ လာခဲ့ ဒီလောက်တောင် ဖြစ်နေတာ ဒီမသာမျက်ခွက်နဲ့ပဲ လိုက်ခဲ့"

"ဟင့်အင်း ... ဟင့်အင်း ... မလိုက်ဘူး၊ ကျွန်မ မလုပ်နိုင်ဘူး"

သူက ဖြူနုကို လက်မောင်းရင်းမှ ဆောင့်ဆွဲကာ ခေါ်လျှင် ဖြူနုက သူ့ကိုတွန်းလွှတ်ကာ ဖွတ်ရုန်းသည်။ သို့သော် သူ့ရဲ့ သန်မာလှသော အားအင်ကို အခုမှ အားဆေးထိုးပြီးကာစ ဖြူနုက နိုင်အောင်မရုန်းနိုင်ချေ။ သူ တရကြမ်းဆွဲခေါ်ရာနောက်သို့ ကိုးရိုးကားရားပုံစံဖြင့် ပါလာသည်။ သူ့ရဲ့ ဒေါသတကြီးပုံစံကြောင့် အိမ်ထဲမှလူတွေကလည်း ဘာမှ ဝင်မပြောရဲ၊ ဝင်မဆွဲရဲကြချေ။ သူသည် ပေါ်တီကိုအောက်မှ အဆင်သင့်ရပ်ထားသော ကားထဲ ဖြူနုကို ဆွဲခေါ်လာခဲ့သည်။ ငိုရှိုက်ကာ မောပန်းရင်း



www.burmeseclassic.com

www.burmeseclassic.com



ကျင်နေသောဒဏ်ကြောင့် ဖြူနုက တဖြည်းဖြည်း အားလျော့လာသည်။

သူက ကားတံခါးကို ဆွဲဖွင့်ကာ ကားထဲသို့ ဖြူနုကို ဆောင့်တွန်းထည့်လိုက်သည်။ ပြီးလျှင် ကားမောင်းသူနေရာမှာ ဝင်ထိုင်လျက် တရကြမ်း မောင်းထွက်လာခဲ့သည်။ ဖြူနုကဘေးမှာ ရှိုက်ကာ ရှိုက်ကာ ငိုလျက် ...

"အစ်ကိုလေး ကျွန်မ တောင်းပန်ပါတယ်၊ ရှိကြီးခိုးပါတယ်ရှင်။ ကျွန်မ ဒီလိုမလုပ်ပါရစေနဲ့ ... ကားကို ပြန်ကွေ့ပေးပါ ...

ကျွန်မ အစ်ကိုလေးတို့ အိမ်ကနေ ထွက်သွားပါ့မယ်"

"ဖြူနု ပါးစပ်ပိတ်ထားစမ်းကွာ"

"အစ်ကိုလေး ... ရှင် အဲဒီလောက်တော့ ရက်စက်ဖို့မကောင်းပါဘူး။ ကျွန်မကို ရှင် ကြိုက်သလို လုပ်ခွင့် အနိုင်ကျင့်ခွင့်ရှိတယ်။ ရှင် ဘယ်လိုပဲ ခြေတော်တင်တင် ဘယ်လိုပဲအသုံးချချ ရတယ် ...





ဒါပေမဲ့ ကျွန်မ ဗိုက်ထဲက ကလေးကိုတော့ ကျွန်မပိုင်တယ်။ ကျွန်မပဲ ယူမယ်။ ရှင် ကားကို အခုရပ်ပေးပါ"

"မရပ်ပေးဘူးကွာ လျှာရှည်မနေနဲ့။ မင်း ပါးစပ်ကို ပိတ်ထားလိုက်တော့။ အခုတော့ သတ္တိရှိတယ်တွေ ဘာတွေနဲ့ပြီးရင် မင်း လာနွယ်နေမှာ ငါ သိပြီးသား။ ငါ အလိုမရှိဘဲနဲ့ မင်းသဘောနဲ့မင်း လုပ်ပိုင်ခွင့်မရှိဘူး ...

ငါ ဘာမျိုးဆက် ဘာရင်သွေးမှ မလိုချင်ဘူး။ သဘောပေါက်ထား။ မင်းလည်း ဘာမှ အရှုံးထမနေနဲ့"

"အစ်ကိုလေး ... ရှင် သိပ်ရက်စက်တဲ့လူ။ လူမဆန်တဲ့လူ။ ကားကို အခုရပ်ပေး ... ရပ်ပေးနော်"

"တောက် ... ဘယ်လိုဖြစ်နေလဲကွာ။ မင်းပါ သေသွားရင်နားအေးမယ်"

"ဟုတ်တယ် ... ရှင်လည်း သေရင် နားအေးမှာပဲ။ ရှင့်လိုတစ်ကိုယ်ကောင်းဆန်ပြီး အင်မတန်ရက်စက်တဲ့သူ လူမဆန်တဲ့လူလည်း သေသင့်တယ် ...

ကားကို အခုပြန်ကွေ့ ... ကွေ့"



www.burmeseclassic.com

www.burmeseclassic.com



ဖြူနုဆိုသော မိန်းမဟာ သွေးပျက်ပြီး ရူးသွားပြီ ဟုထင်သည်။ သူ့ကားစတီးရာတိုင်ကို ဖွတ်ဆွဲလုကာ ကြမ်းရမ်းနေသည်။ သူက တွန်းလွှတ်သောအခါ သူ့ကို ကုတ်ဖဲ့သည်။ ကားက ရှပ်လာပြီဖြစ်သော လမ်းကျယ်ပေါ်သို့ ရောက်နေပြီဖြစ်သဖြင့် သူ့မှာ မနည်းလိုက်ထိန်းနေရလေသည်။

ဖြူနုဆိုသော သိုးငယ်မဟာ အစုတော့လည်း ဥစွေကို အနိုးခံ အခွဲခံရတော့မည့် မြွေမလိုပင် တရှူးရှူး တရှဲရှဲဖြင့် ဒေါသတွေကြီးကာ သူ့ကို ဖွတ်ထုရိုက် ကုတ်ဖဲ့သည်။ တစ်ချိမှာတော့ ကားစတီးရာတိုင်ကို ဆွဲမိသွားကာ ဆွဲလှည့်ပစ်လိုက်လျှင် သူ့ကားသည် တစ်ဖက်လမ်းကြောမှ မောင်းလာသော ကားတစ်စီးနှင့် ခေါင်းတည့်ပြီးသားဖြစ်သွားသည်။ သူက ထိတ်လန့်တကြားဖြင့် စတီးရာတိုင်ကို အမြန်ပြန်ဆွဲလှည့်သော်လည်း မမီတော့ချေ။

ဖြူနု ပါဝင်သော ဘေးဘက်ခြမ်းနှင့် တစ်ဖက်ကားတို့ လုံးဝ ဝင်တိုက်မိသံကြီးသည် မိုးခြိမ်းသံကြီးအလား ဆူညံကျယ်လောင်စွာ ထွက်ပေါ်လာသည်ကိုသာ သူ နောက်ဆုံးကြားလိုက်ရသည်။ ကျန်တာ ဘာမှ မသိတော့။ နာကျင်းမှန်း မသိလိုက်ရသော အကြီးမားဆုံး နာကျင်မှုကြီးကို ခံစားပြီးရသည့် နောက်ပိုင်းတွင် သူသည် အမှောင်ထုကြီးတဲ၌ ပျောက်ကွယ်သွားသည်။





ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သယ်န်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၈

သူ လျှောက်နေသောလမ်းသည် နိုင်ငံခြားရုပ်ရှင်တွေထဲမှာ မြင်ဖူးသလို အခိုးအငွေ့တွေ ထွက်နေလျက် အပြာရောင်အလင်းတွေဖြင့် မှိုင်းရီဝေပြီးနေသည်။ ဘေးတစ်ဖက်တစ်ချက်မှာရှိနေသော သစ်ပင်တွေဟာလည်း အရွက်ဟူ၍လည်း မရှိဘဲ ရိုးတံပြိုင်းပြိုင်းဖြင့် လူအရိုးစုပုံစံ ဖြစ်လို့နေလေသည်။ သူသည် တစ်ခါမှ မမြင်ဖူးသော ပတ်ဝန်းကျင်သစ်ကို အံ့သြတကြီး ငေးမောကြည့်ကာ လျှောက်လာပြီးမှ ငါ ဘယ်ကိုရောက်နေတာပါလိမ့် ဟူသော အတွေးဝင်လာမိသည်။





သူ ဒီကို ဘယ်လိုရောက်လာတာပါလိမ့်။ သူ့ကားရော၊ ပြီးတော့ ဟာ ...။ အဲဒီကျမှ သူ ပျာခနဲ ဖြစ်သွားရသည်။ သူ အိမ်ကနေ ကားနဲ့ထွက်လာစဉ်မှာ သူ့ဘေး၌ ဖြူနုပါသည်။ ဖြူနုရဲ့ ပြဿနာအတွက် သွားပြီးဖြေရှင်းဖို့ရာ ဖြူနုကို သူက ဇွတ်အတင်းခေါ်လျက် ကားမောင်းကာ ထွက်လာခဲ့သည်။ ဖြူနုဆိုသော အကြောင်းကျားမက မလိုက်ပါဘူး မလုပ်ပါဘူးဟု ဇွတ်ငြင်းဆိုသဖြင့် လမ်းမှာ ကုတ်ဖဲ့ရိုက်ပုတ်လျက် ကားစတီရာတိုင်ကို ဆွဲလုသည့်ပစ်ပုံ၊ နောက်ဆုံး သူတို့ကားဟာ တစ်ဖက်ယာဉ်ကြောက မောင်းလာသည့် ဒိုင်နာနှင့် ခပ်ပြင်းပြင်း ဝင်တိုက်မိပုံ စသဖြင့် သူ့အာရုံထဲတွင် တရေးရေး ပြန်ပေါ်ပြီးလာသည်။

သူရော ဖြူနုရော ကားနဲ့ တိုက်မိကြတာပဲ။ ဒါဖြင့်ရင် ဖြူနုကရော ဘယ်မှာလဲ။ သူတို့ကားတိုက်မိသောနေရာက ပြည်လမ်းမကြီးပေါ်မှာဖြစ်သည်။ အခု သူ ရောက်နေသောနေရာက ဆေးရုံလည်းမဟုတ်၊ လမ်းမကြီးပေါ်မှာ လဲကျနေခြင်းလည်းမဟုတ်ချေ။ ပြီးတော့ ကားတိုက်ထားသည့် လူတစ်ယောက် ဖြစ်သော သူ့မှာ ဘာဒဏ်ရာ ဒဏ်ချက်မှလဲ ရှိမနေပေ။ တစ်ခုခုတော့



www.burmeseclassic.com

www.burmeseclassic.com



များနေပြီဟု သူ ထင်သည်။ သူသည် အတွေးနှင့်အတူ လမ်းလျှောက်လာရင်းမှ တစ်နေရာအရောက်တွင် လူတစ်ယောက်ကို သွားတွေ့သည်။ ဒီလူကို သူ မြင်ဖူးလိုက်တာ ဘယ်သူပါလိမ့်။

သူ့ဦးနှောက်က စဉ်းစားနေဆဲမှာပင် မှတ်မိသွားသည်။ မှတ်မိသွားသဖြင့် အမည်က ပါးစပ်မှနေ၍ လွတ်ခနဲ ထွက်သွားလျှင် သူ့ကို ကျော်သွားပြီဖြစ်သော အဲဒီလူက ကိုယ်လုံးလှည့်မလာဘဲ ခေါင်းချည်းသာ ဆံလည်လို လှည့်၍လာလျှင် သူ့ခေါင်းက ဆံပင်မွေးတွေ ထောင်သွားသလို ခံစားသွားရလေသည်။

"ရန် ... ရန်ပိုင်"

သူ့ကို ခေါင်းချည်းသာလည်ပြီး လှည့်ကြည့်သူမှာ လွန်ခဲ့သော နှစ်နှစ်ခန့်က ပြင်ဦးလွင် BE fall တွင် ရေနစ်သေဆုံးသွားခဲ့သော သူ့သူငယ်ချင်းဖြစ်သူ ရန်ပိုင် ဖြစ်၍နေသည်။ ရန်ပိုင်က သူ့ကို အစိမ်းရောင် မျက်လုံးကြီးများနှင့်ကြည့်ကာ ဘာမှ မပြောဘဲ ခေါင်းပဲပြန်လည်သွားလျှင် သူသည် ကြက်သီး တဖြန်းဖြန်းထအောင်ပင် ချောက်ချားသွားရလေသည်။





ဘုရား ... ဘုရား ...။ သူ ရောက်နေတာ ဘယ်နေရာပါလိမ့်။ သူကရော သေသွားပြီတဲ့လား။ သူက သေသွားရင် ဖြူနုကရော ...။ သူ့ခေါင်းထဲတွင် မေးခွန်းတွေဖြင့် ချာချာလည်ကာ မူးနောက်လာသည်။ အဲဒီအချိန်မှာပဲ သူ့ရဲ့ခြေထောက်တွေဟာ မုခ်ဦးတစ်ခုလိုလို ဝင်ပေါက်တစ်ခုရဲ့ရှေ့မှာ ခြေစုံရပ်ပြီးသား ဖြစ်သွားသည်။ အပေါက်ဝမှာ အသားမည်းမည်း ရုပ်ဆိုးဆိုးနှင့် လူထက်စာလျှင် တိစ္ဆာန်တစ်ကောင်နှင့် ပိုတူနေသောသူ နှစ်ယောက်က လှံလိုလို အချွန်ကြီးကို ကိုင်ဆောင်ထားကာ သူ့ကို ရှုတည်တည်ကြည့်လျက် အထဲကိုဝင်ဖို့ လက်ဟန်ခြေဟန်ပြသည်။

သူသည် အထဲရောက်လျှင်တော့ တစ်ခုခု ထူးခြားမှာကို ကြိုသိသောစိတ်ဖြင့် ဝင်လာခဲ့သည်။ ပေါင်းဖိုထဲ ဝင်လိုက်ရသလို ပူပြင်းသော လိုဏ်ဂူထဲတွင် သူ ချက်ချင်းပဲ ချွေးပြန်လို့လာလေသည်။ အမြင့်တစ်နေရာမှာ ထိုင်နေသော ရုပ်ဆိုးဆိုး လူကြီးတစ်ယောက်ကပဲ သူ့ကို ခေါင်းဆတ်ကာ လှမ်းခေါ်၏။ ဒီမှာရှိသမျှ လူတွေအားလုံးဟာ ဘာကြောင့်များ ရုပ်ဆိုးလွန်းနေကြ



www.burmeseclassic.com

www.burmeseclassic.com



တာပါလိမ့်။ သူတို့ရုပ်တွေမှာ ဆိုးလွန်းသဖြင့် ကြောက်စရာတောင် ကောင်းနေသည်။

"မင်းက ဘယ်သူလဲ"

ထိုင်နေသောလူကြီးထံမှ အသံသြသြကြီးတစ်ချက် ထွက်လာလျှင် သူ့မှာ လန့်တောင် လန့်သွားရသည်။

"ကျွန်တော် ... ကျွန်တော် နေခြည်လင်းပိုင်ပါ။ ဦးလေးက ကျွန်တော့်ကို သိလို့လား"

ထိုလူဝကြီးက တစ်ချက်မဲ့သွားကာ ...

"သိတာပေါ့ကွ။ မင်းက မိန်းမကြမ်း အင်မတန်ကျေတဲ့ကောင် မဟုတ်လား။ ငါတောင် မင်းဆီမှာ သင်တန်းတက်ရင် ကောင်းမလားလို့ စဉ်းစားနေတာ"

"ဗျာ ... အဲ ... အဲဒါကို ဦး ... ဦးလေးက ဘယ်လိုလုပ်သိ ..."

"ထားစမ်းပါကွာ။ ဒီမှာ ငါက မင်းကို မေးရမယ့်ဥစ္စာ။ မင်းက ငါ့ကို မေးခွန်းပြန်ထုတ်မနေနဲ့ ..."





မင်း ဒီလို ဘယ်လိုလုပ် ရောက်လာတာလဲ မှတ်မိလား"

"ဟုတ်ကဲ့ ... ကျွန်တော် မှတ်မိပါတယ်။ ကားချင်းတိုက်ပြီး ရောက်လာတာပါ။ ဟို ... ဒါနဲ့လေ ကျွန်တော်နဲ့ပါလာတဲ့ ဖြူနုရောဟင်"

"သူ သေပြီ"

"ဗျာ ..."

"အေး ... ဟုတ်တယ်၊ သူတင်မကဘူး၊ မင်းသတ်ချင်နေတဲ့ သူ့ဗိုက်ထဲက ကလေးလည်း သေပြီ"

"ဟာ ... ဒါ ... ဒါဆို ကျွန်တော်ကရော"

"မင်းလည်း သေပြီပဲ"

"ဟာ ... ကျွန်တော် သေပြီ၊ ဒါ ... ဒါဖြင့်ရင် ဒီကို ဘယ်လိုလုပ်"

"အေး ... နားထောင် ငါ ပြောပြမယ်။ ဖြစ်စဉ်အတိုင်းဆိုရင်တော့ မင်းလည်း သေခဲ့ပြီ။ ဒါပေမဲ့ အထက်က ပို့လိုက်တဲ့ အကြောင်းအရာမှာတော့ မင်းဟာ သေဖို့ နေ့မစေ့သေးတဲ့ကောင်ပဲလို့ သိရတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက အလွန်အမင်း ဝမ်းသာသွားကာ ထခေါင်ခုန်ချင်သွားလေသည်။

"ဟာ … ဒါဖြင့်ရင် ကျွန်တော် လူ့လောကကို ပြန်သွားရမှာပေါ့နော်"

"အင်း … မင်းဟာ လူ့လောကထဲကိုလည်း ပြန်လွှတ်ဖို့ မသင့်တော်တဲ့ကောင်ပဲ"

"ဟာ … ရှေ့လျှောက် ကျွန်တော် လိမ္မာပါတော့မယ်ခင်ဗျာ၊ စိတ်ချပါ ကတိပေးပါတယ်"

သူ့စကားကြောင့် လူဝကြီးက တစ်ချက်မဲ့သွားပြန်သည်။

"ကတိပေးတာထက် မင်း လုပ်ခဲ့တဲ့လုပ်ရပ်တွေကိုပဲ ဘယ်လိုအပြစ်ပေးရမလဲဆိုတာ စဉ်းစားနေတာပါ။ မင်း လုပ်ခဲ့တဲ့ လုပ်ရပ်တွေက တော်တော့်ကို ဆိုးရွားတ…ပဲ နေခြည်လင်းပိုင်ရဲ့။ မင်း မိန်းကလေးတွေကို ရင်ထဲကလည်း တကယ် မချစ်ပါဘဲနဲ့ နှမချင်းမစာနာ အခွင့်အရေးယူ ခြေတော်တင်တာတော့ အင်မတန် ဆိုးလွန်းလှတယ်။ သူများသားပျို





သမီးပျိုကို ဂန်းကောင်းအညွန့်ချိုး ဖျက်ဆီးတာ အင်မတန် အပြစ်ကြီးတယ် မောင်နေခြည်ရဲ့"

"ဟုတ်ကဲ့ပါခင်ဗျာ"

သူ့မှာ ညှောင်နာနာသံဖြင့် ပြန်ဖြေရင်း ဘောင်းဘီအိတ်ကပ်ကို လက်နှင့် စမ်းကြည့်ရသည်။ ဒီလူကြီးကို လာဘ်ထိုးဖို့ ပိုက်ဆံအိတ်ကလည်း ပါမလာချေ။

"အခု ဖြူနုဆိုတဲ့ ကလေးမလေးကိုလည်း မင်း လူသားချင်း မစာမနာ ခြေတော်တင်ထားတာတော့ လွန်လွန်းအားကြီးတယ် …

ဒါတင်မကသေးဘူး မင်းက ကိုယ့်ရင်သွေးကိုတောင် သတ်ဖို့ကြံတယ်၊ မင်းရဲ့ အကုသိုလ်ကတော့ အတုံးလိုက် အတစ်လိုက်ပဲကွ။ မင်းကြောင့် ဖြူနု ဆိုတဲ့ ကလေးမလေး လည်း သေရသလို တစ်ဖက်ကားက လူနှစ်ယောက်လည်း သေရတယ် …

ပုံမှန်အတိုင်း ဆိုရင်တော့ မင်းလည်းသေပြီး ငရဲမှာ ကောင်းကောင်းကြီး အထောင်းခံရမှာပါ …



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ... အတိတ်က မင်းရဲ့ ကောင်းမှုကုသိုလ်ကံ အရှိန်က မသေသေးဘူး။ အတိတ်ဘဝမှာ မင်းက ဓိဝိတဒါန အများကြီး လုပ်ခဲ့တဲ့အတွက် အဲဒီကုသိုလ်ကံအကျိုးဆက်တွေက ခုချိန်ထိ လာပြီးရိုက်ခတ်နေသေးတယ်။ ဒါတွေကြောင့် မင်း သေနေ့မစေ့သေးဘူးလို့ သိရတယ်"

"ဟုတ်ကဲ့ ဝမ်းသာပါတယ်ခင်ဗျာ။ ကျေးဇူးလည်းတင်ပါတယ်။ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်သွားပါပြီ။ ဒါဆို ကျွန်တော်က လူ့ပြည်ကို ပြန်ရတော့မှာပေါ့နော်"

"အေး ... မင်း ပြန်တော့ ပြန်ရမယ်၊ မင်း ကုသိုလ်ကံလေး အကျိုးပေးနေသရွေ့တော့ မင်း နေထားဦးပေါ့ကွာ။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ မင်းကိစ္စကို စဉ်းစားဆုံးဖြတ်နေရတာ အချိန်နည်းနည်း ကြာသွားတော့ ဟိုမှာ ကျန်ခဲ့တဲ့ မင်းရဲ့ ခန္ဓာကိုယ်က ဘယ်လိုဖြစ်နေပြီလဲ ဆိုတာ မသိရဘူး ...

ဆိုလိုတာက မင်းဟာ ကားတိုက်ထားတဲ့အတွက် အစိမ်းသေလို့ ယူဆပြီး ချက်ချင်း သင်္ဂြိုဟ်ပစ်မယ်ဆိုရင်တော့ မင်း ရွာလည်ပြီသာ မှတ်ပေတော့ ...





အခု ဒီမှာရှိနေတဲ့ မင်းရဲ့နာမ်တရားပဲ၊ ဟိုမှာ ကျန်ခဲ့တဲ့ မင်းရဲ့ ရုပ်တရားဆီ ပြန်သွားပြီး ဝင်နိုင်ပါမှ မင်း လူ့ဘဝကို နဂိုပုံစံအတိုင်း ချောချောမောမော ရောက်နိုင်မှာဖြစ်မယ် ...

ကဲ ... ဒီတော့ အချိန်သိပ်မကျန်တော့ဘူး။ ဟော့ ကောင်တွေ ... သူ့ကို မြန်မြန်ပြန်လိုက်ပို့လိုက်ကြတော့။ ကဲ ... သွားတော့ကွာ"

"ဗျာ ... ဟုတ် ...ဟုတ်ကဲ့"

သူက လူဝကြီးရဲ့စကားတွေကို နားထောင်ပြီးလျှင် ထိတ်လန့်တုန်လှုပ်စွာဖြင့် မြန်မြန်ပြေးထွက်ခဲ့သည်။ ဘုရား ... ဘုရား ... ကံကောင်းထောက်မစွာဖြင့် အတိတ်ဘဝက ကုသိုလ် အကျိုးပေးလေးကို သူ ဆက်၍ ခံစားရရှိနိုင်ပါစေ။ သူ့ကိုချစ်သော ဖေဖေတစ်ယောက် သူ့ရုပ်ကလာပ်ကို ရေခဲတိုက်မှာ ခုနစ်ရက်လောက်ထားပြီး တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့်ပါစေ။ မီးသင်္ဂြိုဟ်မည့်သူတွေ များနေလို့ သူ့အလောင်းကို မီးသင်္ဂြိုဟ်ပစ်မည့်ရက် မရပါသေးနဲ့ဦး။ သူသည် တထိတ်ထိတ် ဖြစ်လာသေး



www.burmeseclassic.com

www.burmeseclassic.com



ရင်အစုံဖြင့် တစ်ဟုန်ထိုး ပြေးလာသည်။ သူ့နောက်မှ စိမ်းစိမ်းလူသားနှစ်ဦးကလည်း လေလိုပင် တရှပ်ရှပ်ဖြင့် ထက်ကြပ်မကွာပါလာကြသည်။

နောက်တော့ ထိုသူနှစ်ယောက်က သူ့ကို ချိုင်းမှဆွဲမလိုက်ကာ သူသည် လေထဲမှာ ဝဲပျံနေသလိုပင် ပါလာရသည်။ ဘာတွေမှန်းမသိ တရိပ်ရိပ်ဖြင့် ကျော်ပြီးသာအခါ သူ တလှပ်လှပ်ဖြင့် မူးလာသည်။ တစ်နေရာအရောက်မှာ လေထဲမှ အောက်သို့ ဖျတ်ခနဲ ပြုတ်ကျသွားသည့်ခံစားမှုမျိုးကို ခံစားလိုက်ရပြီးနောက် သူတို့ရောက်နေသောနေရာဟာ ဆေးရုံတစ်ခု ဖြစ်လို့နေသည်။ ဆေးရုံမှာလည်း ခပ်ထွားထွား ရုပ်ဆိုးဆိုး လူကြီးတစ်ဦးကို တွေ့ရကာ ...

"ဟော့ကောင်တွေ ဘာကိစ္စလဲ"

"ဒီမှာ ဒီကောင့်ကို လာပို့တာကွ။ သူ အချိန်မရောက်သေးဘူး။ အဲဒါ အရေးကြီးနေတယ်။ သူ့ရုပ်ရော ရှိသေးလားမသိဘူး"

"ဘာဖြစ်တာလဲ"





"ကားတိုက်တာပါခင်ဗျာ"

ဟိုလူတွေကိုယ်စား သူကပဲ အလျင်အမြန် ဝင်ဖြေပေးလိုက်ရသည်။ ဆေးရုံက လူကြီးက သူ့မျက်နှာကို သေချာစိုက်ကြည့်ပြီးလျှင် ...

"ကားတိုက်တာ ... ဪ ... သိပြီ။ နှစ်လောင်းပြိုင်ပွဲချင်းပြီးသေတဲ့ မသာပဲ။ မင်းနဲ့အတူ ကောင်မလေးတစ်ယောက်ပါ ပါသေးတယ်။ မင်းမိန်းမ မဟုတ်လား၊ ဗိုက်ထဲမှာ ကလေးလည်းပါတယ်လို့ ဆရာဝန်တွေ ပြောနေသံငါ ကြားတယ်"

အရေးထဲမှာမှ သတင်းထုတ်ပြန်နေသော ဂျာနယ်စစ်ဖင်ဆေးရုံစောင့် ပြိတ္တာကို သူက စိတ်ပျက်ပျက်ဖြင့် ရှုံ့မဲ့ကြည့်မိကာ ...

"ဟုတ်ပါတယ်၊ အဲဒါ ကျွန်တော့်ကိုယ်ခန္ဓာကိုယ်က ဘယ်မှာလဲ၊ လုပ်ပါဗျာ ... အရေးကြီးနေလို့ပါ"

"ဟ ... မင်းခန္ဓာကိုယ်က မနေ့ကပဲ မီးသင်္ဂြိုဟ်ပစ်လိုက်ပြီလေ။ မင်းရော မင်းမိန်းမရော အတူတူ သင်္ဂြိုဟ်တေး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

အခုမှ သူ့ဆံပင်တွေကို ထောင်သွားရတော့တာဖြစ်သည်။ သူသည် ခြေမကိုင်မိ လက်မကိုင်မိ ပြူးပြူးပျာပျာဖြစ်ကာ ထိုလူဝကြီးကိုပဲ အားကိုးတကြီးကြည့်လျက် နောက်ကပါလာသော စိမ်းစိမ်းလူများကိုပါ ငိုမလို လှည့်ကြည့်ကာ ...

"လုပ်ပါ ... လုပ်ပါဦး ဦးလေးတို့။ ဒါဆို ကျွန်တော်က ဘယ်လိုလုပ်ရတော့မှာလဲ ...

ကျွန်တော်က သေနေ့မစေ့သေးဘူးလေ။ ကျွန်တော့် ခန္ဓာကိုယ်က မရှိတော့ဘူးဆိုတော့ ကျွန်တော်က ဘယ်ထဲကို ပြန်ဝင်ရမှာလဲ"

"ဒါဆိုလည်း မင်း မဝင်ရုံပေါ့။ မတတ်နိုင်ဘူးလေ"

"ဟာ ... အဲဒီလိုတော့ မလုပ်ပါနဲ့ဗျာ။ ကျွန်တော်မှ သေနေ့မစေ့သေးတာ။ ကျွန်တော် ဘယ်ကိုသွားရမှာလဲ၊ မဖြစ်ဘူး၊ ကျွန်တော့်ဘဝကိုပဲ ကျွန်တော် ပြန်ချင်တယ်"

သူက အကြောက်အကန် အသည်းအသန် ငြင်းဆိုပုံကို ထိုလူသုံးယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်





ကာ နားထောင်ပြီးလျှင် သူတို့အချင်းချင်း မျက်စပစ်ပြလျက် သူ့ကို ရုတ်တရက် ကုပ်မှဆွဲမ,လိုက်ကြသည်။

"ဟော့ ... ဟော့ လူတွေ၊ ဒါက ဘယ်ကိုခေါ်သွားကြမှာလဲ"

သူသည် အဲဒီလူတွေရဲ့ လက်ထဲမှာ ယက်ကန်ယက်ကန်ဖြင့် ပါလာသည်။

"မင်းကို လူ့ဘဝ ပြန်ပို့ပေးမလို့လေ။ ဒါပေမဲ့ မင်းခန္ဓာကိုယ်က မရှိတော့ဘူးဆိုတော့ ရှိတဲ့ခန္ဓာကိုယ်ထဲကိုပဲ ထည့်ပေးရတော့မှာပေါ့ ...

မင်းကို ငါတို့ ပြန်လည်းခေါ်မသွားနိုင်တော့ဘူး။ ဒါလည်း မင်းထိုက်နဲ့ မင်းကံ။ မင်း ကုသိုလ်ကံအကြောင်းဆက်ပဲ။ မင်းက သူများသားပျိုသမီးပျိုကို စော်ကား၊ မိန်းကလေးတွေကို တန်ဖိုးမထား၊ ခြေတော်တင်တတ်တဲ့ လူဆိုတော့ မင်း ဝင်ရုံကြွေးကို ဆပ်လိုက်တော့"

"ဟာ ... ခင်ဗျားတို့ ဘာတွေပြောနေတာလဲ၊ ဖယ်ပါ လွှတ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com

ထိုလူတွေက သူ့စကားကို အရေးတောင် မစိုက်ဘဲ သူ့ကို ပိတ်ဖြုအုပ်ထားသော တစ်နေရာသို့ ခေါ်သွားလျှင် သူသည် ပိတ်ဖြုအောက်မှာရှိသော ခန္ဓာကိုယ်က ဘယ်သူ ဘယ်ဝါ ခန္ဓာကိုယ်ဆိုတာ မသိရဘဲ ဇောချွေးတွေပြန်လို့လာလေသည်။ သူ့ကို အဲဒီခန္ဓာကိုယ်ထဲ ထည့်ပေးကြတော့မှာဖြစ်သည်။

"ဟော့လူတွေ ... အဲဒါက ဘယ်သူလဲ။ ကျုပ်က ယောကျ်ားနော်၊ ပြီးတော့ လူငယ်ဗျ ...

ဘယ်သူ့ထဲကို ထည့်ပေးမှာလဲ၊ မဝင်ဘူးဗျာ ... လွှတ်"

"မရဘူး ကိုယ့်လူ။ သွားပေတော့။ မင်း ဘဝသစ်မှာ ကိုယ်ချင်းစာစိတ်နဲ့ ရှင်သန်ပေါ့ကွာ၊ ဟား ဟားဟား"

ရယ်သံဝါဝါကြီး အဆုံးတွင် ထိုလူတွေက သူ့ကို ထိုခန္ဓာကိုယ်ကြီးထဲ ဆောင့်တွန်းပစ်ထည့်လိုက်ကြလေသည်။ သူသည် ဘယ်လိုမှ ရှောင်လွှဲငြင်းဆန်ချိန် ထွက်ပြေးချိန် မရဘဲ တစ်ကိုယ်လုံးက ခန္ဓာကိုယ်ကြီးထဲသို့ ပစ်ဝင်ပုံကျသွားသည်။ တခြားဘယ်ဘက်ကိုမှ ရုန်းထွက်မရအောင်ပဲ အင်မတန် ပြင်းထန်





သော သံလိုက်ဓာတ်တစ်မျိုးက ဆွဲနေသလို သူ့နာမ်ဝိညာဉ်တစ်ခုလုံးဟာ ခန္ဓာကိုယ်ကြီးထဲသို့ တစိမ့်စိမ့် ဝင်ရောက်သွားသည်။

သူ ဝင်ရောက်သွားခဲ့ရသော ခန္ဓာကိုယ်ဟာ ဘယ်သူ့ခန္ဓာကိုယ်မှန်းလည်းပဲ မသိရ။ သူသည် စိတ်တိုတိုနှင့် အော်ဟစ်ရင်း ခြေကုန်လက်ပန်းကျကာ အမှောင်ထုထဲ၌ နစ်မြုပ်ပျော်ဝင်လို့ သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၉

အမှောင်ထုထဲတွင် စမ်းတဝါးဝါး လမ်းလျှောက်နေရသူလို ဖြစ်နေသော သူ့အတွက် အလင်းရောင် ဝါးဝါးလေးကို လှမ်းမြင်ရသောအခါ သူက အဲဒီဆီသို့ ခနော်ခယိုင် လျှောက်လာခဲ့ရသည်။ အဆုံးတွင် အဖြူရောင် အလင်းတန်းကြီးတစ်ခုက ပွင့်သွားကာ သူက အဲဒီဆီ လွင့်မြောသွားရသည်။ သူ့အာရုံတစ်ခုလုံး လင်းသွားချိန်ဝယ် သူ့မျက်လုံးတွေလည်း ဆတ်ခနဲ ပွင့်သွားရသည်။

သူ့ကို စိုးရိမ်တကြီး စိုက်ကြည့်နေသော မျက်လုံးတစ်စုံက ပုံမှန်ထက် ပို၍ပြူးကျယ်လာကာ ပါးစပ်ပြိုပြိုနှင့် ထ၍အော်လေသည်။ ထိုသူမှာ အင်မတန် အာကျယ် အာပြဲမည်ဟု သတ်မှတ်၍ရသော အဒေါ်ကြီးတစ်ယောက် ဖြစ်သည်။





"ရွှေ ... ရွှေလွှာ ... သမီးလေး။ အမယ်လေး မသေကောင်း မပျောက်ကောင်း သမီးလေး၊ ငါ့တူမလေး သတိရလာပြီနော် ...

အမယ်လေး ... ဝမ်းသာလိုက်တာ သမီးလေးရယ်"

ထိုအဒေါ်ကြီးက ပြောပြောဆိုဆို သူ့ရင်ဘတ်ကို အုန်းခနဲမြည်အောင် ပုတ်ကာ ဖိလိုက်လျှင် သူ့မှာ အွန်ခနဲဖြစ်သွားရသည်။ သူ့ခန္ဓာကိုယ်မှာလည်း ဘာတွေဖြစ်နေမှန်းမသိ။ ခေါင်းတစ်ခုလုံး ချာချာလည်မူးကာ တစ်ကိုယ်လုံးလည်း နာကျင်ကိုက်ခဲနေသည်။ ပြီးတော့ သူ စိုးရိမ်အထိတ်လန့်ဆုံးကိစ္စမှာ သူ ဘယ်သူလဲ ဆိုတာပဲ ဖြစ်သည်။ မိန်းမကြီး ခေါ်လိုက်တာကတော့ ရွှေလွှာ ဆိုလားပဲ။ သူက ဒိန်းခနဲ ခုန်သွားသော စိုးရိမ်စိတ်ဖြင့် အိပ်ရာထက်မှ ငေါက်ခနဲထဖို့ ကြိုးစားလိုက်သည်။ အဒေါ်ကြီးက သူ့ကို ကပျာကယာ ဆွဲကာ ...

"အို ... အို ... မထသေးနဲ့ဦးလေ သမီးရဲ့။ သမီးမှ နေမကောင်းသေးတာ။ အေးအေးဆေးဆေး နားရဦးမယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးကြူလေ သမီးရဲ့ဦးကိုလည်း ဖုန်းဆက်ပြီး လှမ်းခေါ်ထားတယ် သိလား။ ဦးလည်း ဝမ်းသာအားရနဲ့ ခုချက်ချင်းပဲ လာခဲ့မယ်တဲ့ ...

သမီး သက်သက်သာသာနေ၊ အခု ဘယ်လိုနေသေး လဲ"

"ကျွန် ... ကျွန်တော် ဘယ်ရောက်နေတာလဲ"

အဲဒီအခါမှာ သူ အံ့သြထိတ်လန့်သွားတာက သူ့ နှုတ်ဖျားမှ ထွက်ပေါ်လာသော အသံမှာ သူ့ရဲ့နဂိုမူလအသံ မဟုတ်ဘဲ မိန်းကလေးတစ်ယောက်၏ ချိုသာကြည်လွင်သော အသံမျိုးဖြစ်နေသည်။ သူသည် ထိတ်လန့်တကြား ခေါင်းတွေကို ယမ်းပစ်ကာ ...

"ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲ၊ ဒါ တကယ်ပဲလား၊ မဖြစ်နိုင်ဘူး၊ ဟာ ... လုံးဝမဖြစ်နိုင်ဘူး။ ယုတ္တိမရှိဘူး"

သူ စူးစူးဝါးဝါး အော်ဟစ်လိုက်သော အဲဒီစကား လုံးတွေ ထွက်ပေါ်လာရာ အသံတွေကလည်း မိန်းကလေးတစ် ယောက်ရဲ့အသံပဲ ဖြစ်လို့နေလျှင် သူသည် ရူးချင်လောက်အောင်





ပင် စိတ်ဓာတ်ကျ စိတ်ပျက်သွားရသည်။ သူ တွေ့ကြုံခဲ့ရသော အိပ်မက်လိုလို အရာတွေဟာ တကယ်ပဲလား။ မဖြစ်နိုင်ဘူးဟု ထင်သည်။ ဒီလိုကိစ္စမျိုးတွေက တကယ်မရှိနိုင်ပါ။

"သမီး ... သမီးလေး ရွှေလွှာ။ စိတ်ကိုထိန်းပါဦးကွယ်။ သမီးလေးကို အားလုံးက လက်လျှော့ထားလိုက်ကြတယ် ကွယ်၊ မထင်မှတ်ဘဲ နှလုံးပြန်ခုန်လာလို့ သမီးလေး အသက် ရှင်လာတာပါ ...

ယုတ္တိရှိပါတယ်။ သမီးလေး မသေနိုင်တော့ပါ ဘူး"

"ကျွတ် ... စိတ်ပျက်လိုက်တာ၊ ခင်ဗျားက ဘယ်သူလဲ"

သူ့ရဲ့ စိမ်းကားသော မျက်လုံးနှင့် စိမ်းကားသော အမေးကို အဒေါ်ကြီးက ငိုမလိုမျက်နှာနှင့် မျက်လုံးပြူး မျက်ဆန် ပြူး ဖြစ်သွားကာ ...

"အမယ်လေး ... ရွှေ ... ရွှေလွှာ။ သမီးလေး တစ်သက် လုံး ပြုစုစောင့်ရှောက်လာတဲ့ ဒေါ်လေးကြိုင်ကိုတောင် မမှတ်မိတော့ဘူးလားကွယ် ...



www.burmeseclassic.com

www.burmeseclassic.com



အတိတ် ... အတိတ် မေ့သွားတာလားဟင်။ ကား တိုက်ပြီး ခေါင်းချောင်သွားပြီလား။ အမယ်လေး ... သမီး လေးရယ်၊ ဒီဆေးရုံကနေ စိတ်ရောဂါကုဆေးရုံကိုပြောင်း ပေးရဦးမှာလား။ အဖြစ်ဆိုးလိုက်တာ"

ထိုမိန်းမကြီးမှာ တော်တော်စကားများ:ဟန်တူပါ သည်။ စကားတစ်ခွန်းရလျှင် မပြီးတော့ဘဲ စီကာပတ်ကုံး သံဆေး သံကြောင် အသံပြာနှင့် အော်နေသည်ကို သူက စိတ်အပျက်ဆုံး ပဲ ဖြစ်တော့သည်။ မိန်းမတွေ စကားများပြီး ပစိပစပ် ပြောလွန်း လျှင် အင်မတန် စိတ်တို စိတ်ရှုပ်တတ်သော သူ့အတွက်တော့ ခေါင်းမူးရသည့်အထဲ ဒီမိန်းမကြီးရဲ့အသံကြောင့် ဝင့်ကြေးပဲဖြစ် တော့သည်။ သူသည် ခေါင်းတွေ တဆစ်ဆစ်ကိုက်ကာ နာကျင် နေသည့်ကြားမှ ကုန်းထကာ သူ့အခြေအနေသူ ကြည့်ဖို့ပြင်သည်။

"အဲ ... အဲဒါက ဘယ်သွားမလို့လဲ ရွှေလှာ။ မထနဲ့ဦး လေ"

"ထမဖြစ်မယ် ... ထမှာ၊ နည်းနည်းလောက် ထူပေးစမ်း ပါဦးဗျာ၊ ကြည့်ကောင်းနေတယ် ဟုတ်လား"





"အမယ်လေး ... ရွှေလှာရယ်၊ အတိတ်သာ မေ့တာ၊ အပြောအဆိုတွေတော့ အရင်အတိုင်းပါပဲလား ...

ထပြီး ဘာလုပ်ဦးမှာလဲ၊ ဆရာဝန်က လှုပ်လှုပ်ရှား ရှား မလုပ်ဖို့၊ ငြိမ်ငြိမ်လေးနေဖို့ မှာသွားတယ်"

"လျှာရှည်လိုက်တာဗျာ။ ထူဆို ထူပေးစမ်းပါ"

သူ့အပြောကို နဂိုတည်းကလည်း ဇွာတာတာရှိနေ သော အဒေါ်ကြီးမှာ ပါးဖောင်းအောင် ဒေါသထွက်သွားပုံဖြင့် ခါးကိုပင် ထောက်လိုက်သေးသည်။

"အောင်မယ် ... သေရွာပြန်မကများ ကြီးကြီးကျယ်ကျယ် နဲ့။ တောက် ... အဲဒါကြောင့် ခြေနှစ်ချောင်း မကယ် ကောင်းဘူးလို့ ပြောတာပေါ့ ....

တစ်သက်လုံးက ကျွေးမွေးလာတဲ့ ကျေးဇူးတရားတွေ ကို မထောက်ထားဘဲနဲ့ ငါ့ကို ခုထိ ပြန်ပက်တုန်းပေါ့လေ၊ ဟုတ်လား"

သူက စိတ်ကုန်လွန်းသဖြင့် ဘာမှကို ပြန်မပြောနေ တော့ဘဲ သူ့ကိုယ်သူပင် အိပ်ရာမှ ကုန်းထကာ ကြိုးစားအားယူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဒီလိုဆိုပြန်တော့လည်း ကြည့်မနေရက်သော အဒေါ်ကြီးက ဝင်ထူမပေးကာ ...

"မထသေးပါနဲ့ဦးဆို ဇွတ်ထချင်နေတော့တာပဲ။ နင်က ဘာကိုများ ကြည့်မလို့ ဒီလောက်တောင် ထချင်နေရတာလဲဟဲ့"

"ကိုယ့်ဟာကိုယ် ကြည့်မလို့ဗျို့"

"အမယ်လေး ... ဘုရားငုတ်တုတ်၊ ဘာပြောတယ်"

သူက အဒေါ်ကြီးရဲ့စကားကို ပြန်ချေပ မနေတော့ဘဲ ထထိုင်လိုက်ကာ သူ့ကိုယ်သူ ငုံ့ကြည့်လိုက်စဉ် အလွန်အမင်း မျက်လုံးပြူးလို့ သွားလေသည်။ သူ့ခန္ဓာကိုယ်သည်လည်း ဘုရားရှူး မိုးကြိုးပစ် ယောကျ်ားခန္ဓာကိုယ် မဟုတ်တော့။ သူက ရင်ဘတ်နေရာကို ငုံ့ကြည့်လိုက်သည်။ အားပါး ... ဖရင်သခါး ... အဲလေ ဘုရားသခင်။

တစ်ချိန်က သူ မက်မောတောင့်တခဲ့ရသော ရွှေရင်အစုံမှာ သူ့ရင်ဘတ်နေရာတွင် ရှိလို့နေသည်။ ဟင် ... ဟုတ်ကော ဟုတ်ရဲ့လား။





သူက မယုံကြည်နိုင်သဖြင့် လက်နှစ်ဖက်နှင့် ဖြန်းခနဲဆို ဆုပ်ကိုင်ကြည့်လိုက်သည်။ အိခနဲ ဖြစ်သွားသော အထိအတွေ့သည် သူ့စိတ်ထဲမှာတော့ အီခနဲ ဖြစ်သွားစေသည်။ သူက မတွေးနိုင် မအန်နိုင်သော ပုံစံဖြင့် အဒေါ်ကြီးကို ကြည့်လိုက်လျှင် အဒေါ်ကြီးကလည်း သူ့ကို ပြူးကြောင်ကာ အံ့အားသင့်နေသော မျက်လုံးကြီးများဖြင့် စိုက်ကြည့်လို့နေသည်။ သူ့ကိုသည်းခြေပျက်ကာ ရူးများသွားပြီလား ဟူသော အကြည့်များ။

ဒါမှမဟုတ် ကားတိုက်စဉ်မှာ အဲဒါတွေပါ ပြုတ်ထွက်သွားလို့ အခု သတိရတဲ့အချိန်မှာ ရှိရောရှိသေးရဲ့လားဟု လိုက်စမ်းနေပုံမျိုးနှင့် တူနေသဖြင့် အဒေါ်ကြီးက အံ့အားတသင့်ငေးကြည့်နေခြင်းဖြစ်မည်။ သူက ထပ်၍ အောက်ပိုင်းမှာ လွှမ်းခြုံထားသော စောင်ကိုပါ ဖြန်းခနဲ ဆွဲခွာလိုက်လျှင် အဒေါ်ကြီးက ဒီတစ်ခါတော့ လက်သွက် ခြေသွက်ပင် သူ့လက်တွေကို ပြေးဖမ်းဆွဲကာ ...

"ဟဲ့ ... ဟဲ့ ... အဲဒါ ဘာလုပ်မှာတုန်း။ နင့်ဟာတွေ အကုန်လုံး မိမွေးတိုင်း ဖမွေးတိုင်း ရှိပါတယ်ဟဲ့။ ဩော် ... ဒုက္ခပါပဲ၊ ငါ့နှယ်နော် ...



www.burmeseclassic.com

www.burmeseclassic.com



အတိတ်သာမေ့တာ ဒါမျိုးကျတော့ သိတတ်သလား

ဟဲ့"

သူသည် ရူးချင်လာသောစိတ်ဖြင့် အကြီးအကျယ် ကုန်းအော်ပစ်ဖို့ စိတ်ကူးရသည်။ သို့သော် ပိုဆိုးသွားမည်ဖြစ်တာကြောင့် ပါးစပ်ကိုပိတ်ကာ အံကိုတင်းတင်းကြိတ်လျက် တက်တစ်ချက်ကို ပြင်းစွာခေါက်မိသည်။ ဒီအဖြစ်အပျက်ကြီးဟာ တကယ်ပဲဆိုတာကို သူ မယုံကြည်နိုင်ချေ။ သို့သော် မယုံကြည်လို့ကလည်း မရ။

သူ ဘယ်လိုမှ လက်ခံနိုင်စရာ အကြောင်းမရှိသော အဖြစ်အပျက်သည် လုံးဝကို ကွက်တိ တည့်တည့်ကြီး ဖြစ်ပွားလို့နေသည်။ သူ့တစ်သက်နဲ့ တစ်ကိုယ် စဉ်းတောင် မစဉ်းစားခဲ့ဘူးသော ခန္ဓာကိုယ်ကြီးသည် သူ့အပေါ်တွင် ရောက်လို့နေသည်။ သူ့အပေါ်ကို ရောက်နေတာလား သူက အဲဒီအောက်ကို ရောက်သွားတာလား သူ စဉ်းတောင်မစဉ်းစားနိုင်တော့ချေ။

ဒီပုံအတိုင်း ဆိုလျှင်တော့ သူ သေသွားတာမှပဲ ကောင်းပါဦးမည်။ သူ လုံးဝအထင်မကြီး၊ ရွှတ်ချလေသော





မိန်းမတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲကိုမှ သူက ဝင်ကစွပ် ဖြစ်မိရက်သားတဲ့။ သူက ခေါင်းတွေကို သွက်သွက်ခါယမ်းကာ ...

"မဖြစ်နိုင်ဘူး ... မဖြစ်နိုင်ဘူး။ ဒီဘဝကို ရောက်တာနဲ့စာရင်တော့ သေသွားတာကမှ ပိုကောင်းလိမ့်ဦးမယ် ... တောက် ... ငါကွာ"

"ဟဲ့ ... ရွှေလွှာ။ ဘာတွေပြောနေတာလဲ၊ ငါ စိတ်ညစ်လိုက်တာနော်။ နင် အသက်မသေဘူးဆိုတာ သိရလို့ ဝမ်းသာရမလား မှတ်တယ် ...

နင်က ဘာတွေ ရူးကြောင် မူးကြောင် ဖြစ်ပြနေတာလဲ။ နင် ငါ့ကိုရော မှတ်မိရဲ့လား ရွှေလွှာ"

"မမှတ်မိဘူး"

"အမယ်လေး ... ဘုရား ... ဘုရား။ ဒါဖြင့်ရင် နင့်ကိုယ်နင်ရော"

"မသိဘူး ... မသိဘူး။ ဒီမှာ ကျုပ်က ရွှေလွှာလည်း မဟုတ်ဘူး၊ မိန်းကလေးလည်းမဟုတ်ဘူး။ ကျုပ်ယောကျ်ား။ ယောကျ်ားစစ်စစ်။ ဒါ ခန္ဓာကိုယ်မှားဝင်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ကြီးက သူ့စကားတွေကို ကြားလျှင် မျက်လုံးပြူးကာ ရင်ဘတ်စည်တီးပြီး အော်သည်။

"အမယ်လေး ... ဘာတွေလဲ ... ဘာတွေလဲ မိရွှေလှရယ်။ ညည်းဟာက အတိတ်မေ့ရုံတင် မဟုတ်ဘဲ ရူးပါရူးသွားတာပေါ့ ...

အောင်မယ်လေးတော့ ... အရပ်ကတို့ရေ၊ ကျုပ်တော့ သေချင်တာပဲ၊ ဟောဒီက မိကြျူဝင်းတို့တော့ သေချင်တာပါပဲ ...

သူ မသေလို့ ဝမ်းသာအားကိုးရမလားလို့ မှတ်ပါတယ်။ အခုတော့ အတိတ်မေ့ပြီး ရူးပါ ရူးသွားတယ်တဲ့။ စိတ်ဆင်းရဲလိုက်တာ ... စိတ်ဆင်းရဲလိုက်တာ၊ ဘဝပေးကုသိုလ်ကံများက မကောင်းလိုက်တာနယ်"

"နားငြီးလိုက်တာဗျာ၊ လာအော်မနေနဲ့၊ 'ကျုပ် သေတာမဟုတ်ဘူး၊ အဲဒီလောက် အော်ငိုစရာ အကြောင်းမရှိဘူး...

ငိုချင်ရင် အပြင်ထွက်ငို ..."





"အောင်မယ်လေး ... အောင်မယ်လေး ... အတိတ်မေ့ပြီး ရူးသာရူးသွားတာ၊ အရင်သောက်ကျင့်အတိုင်းပါပဲလားဟဲ့၊ ညည်းဟာက နှစ်မျိုးပေါင်း အရူးပေါ့"

"ဟာ ... နားငြီးတယ် ဆိုမှကွာ။ ပါးစပ်ပိတ်ထားစမ်းပါ။ ဘာကြီးလဲ"

သူနဲ့ အဒေါ်ကြီးတို့ တစ်ယောက် တစ်ပေါက် အော်ဟစ်နေကြတုန်းမှာပဲ ဆူသံပူသံတွေကြောင့် နာ့စ်တစ်ယောက်က ပြေးဝင်လာကာ လက်က ဒရစ်ပိုက်တွေကိုဖြုတ်ဖို့ ကြိုးစားနေသော သူ့ကိုဆွဲသည်။

"ညီမလေး ဒီလို မလုပ်ရဘူးလေ၊ စိတ်ကို ငြိမ်ငြိမ်ထားမှပေါ့ ညီမလေးရဲ့ ...

အေးအေးဆေးဆေး အနားယူပါ"

"မဟုတ်ဘူး ... မဟုတ်ဘူး ... ခင်ဗျားတို့ မှားနေပြီ။ ကျုပ် ညီမလေး မဟုတ်ဘူး။ ကျုပ် မိန်းကလေး မဟုတ်ဘူး။ ကျုပ်က ယောကျ်ားလေး၊ ဒီအတိုင်းတော့ ကျုပ်မနေနိုင်ဘူးဗျာ ...



www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ကားတိုက်ခံမှ ဖြစ်မယ်၊ ဟိုလူကြီးတွေဆီကို ပြန်သွားမှဖြစ်မယ်၊ ကျုပ်ကို ဒီလိုတော့ ဘတ်ကီးရိုက်လို့ မရဘူး”

လက်မှာ ဒရစ်ပိုက်ကြီးတန်းလန်းဖြင့် သွေးရူးတမ်းရူးအော်နေသော သူ့ကို နာ့စ်နှင့်အတူ အဒေါ်ကြီးကပါ ကြောက်လန့်တကြား ကြည့်နေသည်။ နာ့စ်က အဒေါ်ကြီးကို “ဆရာဝန်ကို သွားခေါ်မှဖြစ်မယ်”ဟု ခပ်တိုးတိုး ပြောသည်။ သူက နာ့စ်ကို ဒေါသတကြီး လက်ညှိုးထိုးကာ ...

“ဘာဆရာဝန်မှ သွားခေါ်စရာ မလိုဘူး။ ငါ အကောင်းပြောနေတာ ငါ့လက်က ဒရစ်ပိုက်ကို လာဖြုတ်ပေးစမ်း”

နာ့စ်နှင့် အဒေါ်ကြီးက သူ့ကို ကြောက်လန့်သလိုလိုကြည့်ကာ နာ့စ်က ခပ်မြန်မြန်ပင် လှည့်ထွက်သွားသည်။ သူက စိတ်တိုတိုဖြင့် လက်ကပိုက်ကို ဆောင့်ဆွဲကာ ဖြုတ်ပစ်လိုက်လျှင် အဒေါ်ကြီးက အားခနဲ အော်သည်။ သူက ခုတင်ပေါ်မှ အရင်လိုပင် လွှားခနဲ ခုန်ဆင်းလိုက်လျှင် အဒေါ်ကြီးက သူ့ကို မျက်လုံးပြူးဖြင့် ကြည့်ကာ သူ့ရှေ့မှ ခြေကားယား လက်ကားယားဖြင့် ကာသည်။





“မ ... မသွားပါနဲ့ ရွှေလွှာရယ်၊ ငါ ... ငါ ... တောင်းပန်ပါတယ်၊ ဘယ် ... ဘယ်ကိုသွားမှာလဲ”

“ဘယ်ကိုသွားသွားဗျာ၊ ဖယ်စမ်းပါ”

“ဟင့်အင်း ... ဟင့်အင်း ... ဒုက္ခပါပဲ၊ ကိုယ်ကျိုးတော့ နည်းကုန်တော့မှာပဲ၊ မသွားပါနဲ့ ရွှေလွှာရယ်”

“ဟာ ... ခင်ဗျားက တစ်မျိုး”

သူက ဒေါ်ကြူဝင်း ဆိုသော အသက်လေးဆယ်ကျော်အရွယ် မိန်းမကို လက်မောင်းကနေပြီး တွန်းဖယ်ကာ သွားမည်အလုပ်မှာပဲ သူတို့အခန်းတံခါးက ဖျတ်ခနဲ ပွင့်လာကာ လူတစ်ယောက် ဝင်လာလျှင် သူသည် အလွန်အမင်း အံ့သြလို့ သွားရလေသည်။ မျက်လုံးပြူး၍ ပါးစပ်အဟောင်းသားပွင့်ကာ အဲဒီလူကို ကျောက်ရုပ်လိုပင် ကြောင်ပြီးကြည့်နေမိသည်။

ထိုသူကတော့ ရွှေလွှာကို တွေ့လျှင် အလွန်အမင်း ပျော်ရွှင်နှစ်သိမ့်သွားသော မျက်နှာဖြင့် ဝမ်းသာအားရ အနားသို့ တိုးကပ်လာသည်။

“ရွှေ ... ရွှေလွှာလေး”



www.burmeseclassic.com

www.burmeseclassic.com



သူသည် အဲဒီလူရဲ့ ပြုံးရှုံ့မြနေသော မျက်နှာကြီးကို မြင်လိုက်ရလျှင် ဝက်သားဆယ်တုံးလောက် တစ်ပြိုင်နက်စားလိုက်ရသလို အီလည်တစ်ဆို့သွားရသည်။ အခြေအနေက ဝမ်းသာရမှာလား၊ ဝမ်းနည်းရမလားတော့ မပြောတတ်တော့ချေ။ သို့သော် ဇာတ်လမ်းက မိုရှပ်သွားပြီ ဆိုတာတော့ သဘောပေါက်လိုက်ရသည်။

"ရွှေလွှာ"

ကြည်နူးလှိုက်ဖြာနေသော အသံဖြင့် ခေါ်သော်လည်း အဲဒီအသံဟာ သူ့နားထဲမှာတော့ ဘယ်လိုမှ နားဝင်မချိုပေ။ သူသည် အနားတိုးကပ်လာသော အကြင်နာမျက်ဝန်းတို့ ပိုင်ရှင်ကို ဝမ်းနည်းအားငယ်စွာဖြင့် တစ်ခွန်းတည်းသာ ခေါ်နိုင်သည်။

"ဖေဖေ"

သူ့ခေါ်သံကြောင့် ဖေဖေက ရုတ်တရက် အံ့ဩသလို ဖြစ်သွားကာ မျက်ခုံးပင့်သွားသည်။ ပြီးမှ သူ့ပခုံးတစ်ဖက်ကို နွေးထွေးကြင်နာစွာ ဆုပ်ကိုင်ကာ တစ်ချက်ပြုံးပြရင်း ...





"ရွှေလွှာက နောက်နေတာကိုး။ ဦးကတော့ စိုးရိမ်လိုက်ရတာ ရွှေလွှာရယ်။ ဒေါ်လေးကြိုင်ဆီက ဖုန်းဝင်လာတာနဲ့ ချက်ချင်းထပြေးလာရတာ ...

သူကတော့ နောက်အားသေးတယ် ...

ဘယ်လိုနေလဲ ရွှေလွှာလေး၊ သက်သာရဲ့လားဟင်"

ဖေဖေက သူ့နဖူးကိုစမ်းရင်း ကြင်နာစွာနှင့် မေးသည်။ အဲဒီတော့မှပင် သူသည် ပြင်းပြင်းပြပြ ငိုချင်စိတ် ပေါ်သွားတာ ဖြစ်သည်။ ဖေဖေက သူ့ကို သားတစ်ယောက်အဖြစ်နဲ့ ကြင်နာနေတာ မဟုတ်။ သူ့အသည်းလည်း အမှတ်နဲ့သာ ကြင်နာနေခြင်း ဖြစ်ပါသည်။

သူသည် တကယ့်ကို ဝမ်းနည်းလာစိတ်ဖြင့် မျက်ရည်တွေတောင် ဝေ့သီလာရသည်။ ဒါကို ဖေဖေက အတော်ကြီး ဟတ်ထိကာ စာနာသနားသွားပုံဖြင့် သူ့ကို ရင်ခွင်ထဲဆွဲသွင်းကာ ပွေ့ဖက်နှစ်သိမ့်လိုက်သည်။ အဲဒီမှာပဲ သူ တွန့်ခနဲဖြစ်သွားလေသည်။ ဖေဖေ့ရင်ဘတ်နှင့် သူ့ရင်ဘတ် ထိလို့သွားလျှင် သူ့ခန္ဓာကိုယ် တစ်ခုလုံး ဓာတ်လိုက်သလို ဖြစ်သွားသည်။ သူ အဲဒီအဖြစ်အပျက်ကို မခံစားနိုင်ပါ၊ ဘယ်လိုကြီးမှန်းလဲ မသိ။



www.burmeseclassic.com

www.burmeseclassic.com



သူက ဖေဖေ့ကို ချက်ချင်းပင် တွန်းထုတ်လိုက်သည်။ အဲဒီအချိန်မှာပင် ဆရာဝန်တစ်ယောက်နှင့်အတူ နာ့စ်က ပြန်ရောက်လာသည်။ ဆရာဝန်က သူ့ကို တစ်ချက်ပြုံးပြကာ ...

"သမီး နေကောင်းလား။ ဆရာတို့ ဝမ်းသာပါတယ်ကွာ။ သမီးအခြေအနေက ရှောခ်ရစရာ ကြုံခဲ့ရတော့ နည်းနည်း စိတ်လှုပ်ရှားသွားတဲ့ သဘောပါ။ သမီး ဖြစ်ခဲ့တာတွေကို မှတ်မိလား"

"မှတ်မိဘူး"

သူ့ရဲ့ ဘုအပြောကို ဆရာဝန်က နောက်တယ်ဟု သဘောထားကာ လှစ်ခနဲ ပြုံးသည်။ ပြီးတော့ ခေါင်းတစ်ချက် ညိတ်ပြပြီး သူ တကယ်မသိခဲ့တာတွေကို ပြောပြပါသည်။

"သမီး အပါအဝင် သူငယ်ချင်းတစ်စု ချောင်းသာကို အပျော်ခရီး သွားကြတာလေ။ အဲဒီက အပြန်မှာ ကား မှောက်ပြီး ဒဏ်ရာရသူတွေလည်း ရတာပေါ့ကွာ၊ တစ်ယောက်ကတော့ ပွဲချင်းပြီး ဆုံးသွားရှာတယ်။ သမီးလည်း အခြေအနေ တော်တော်ဆိုးခဲ့တယ် ...





လက်လျှော့မရလို အခြေအနေမျိုးမှာ နောက်ဆုံး ဘယ်လိုမှ မယုံနိုင်စရာ နှလုံးပြန်ခုန်လာလို့ ဆရာတို့ ဆက်ကုသပေးခဲ့ကြတာ။ အခြေအနေ တော်တော်ကြီး ပြန်ကောင်းလာတာပေါ့။ သမီး ဘာတွေပဲ ကြုံခဲ့ ကြုံခဲ့ မေ့ထားလိုက်တော့။ သမီး အိပ်မက်ဆိုးက နိုးလာပြီ၊ အဲဒီလို ပဲ မှတ်ထားတော့၊ ဟုတ်ပြီလား"

ဘာအိပ်မက်ဆိုးက နိုးလာတာလဲ။ အခုမှ အိပ်မက်ဆိုးကို စ,မက်တာ။ မဟုတ်သေးပါဘူး၊ အိပ်မက်ဆိုရင်တောင် နိုးဖို့က အကြောင်းတရား ရှိသေးတယ်။ ဒါက အိပ်မက်လည်း မဟုတ်။ အိပ်မက် မဟုတ်တာကတော့ သေချာသည်။ သူသည် ဆက်ပြောနေလျှင် ပိုရှုပ်ကုန်ကာ အခြေအနေ မဟုတ်ပါက အရူးထောင်ကိုပါ ရောက်ကိန်းမြင်သဖြင့် စိတ်ပျက်လက်ပျက် ဖြင့် ပါးစပ်ကို ပိတ်လိုက်ရသည်။

ဆရာဝန်က သူ့ပခုံးကို ညင်သာစွာ ပုတ်ကာ ...

"ကဲ ... သမီးလေး၊ ခုတင်ပေါ် ပြန်တက်လိုက်၊ အနားယူ လိုက်တော့နော်၊ သမီးအတွက် အားလုံးက စိတ်ပူနေကြ တယ် ...



www.burmeseclassic.com

www.burmeseclassic.com



သမီး စိတ်ချမ်းသာသွားမှာပါ၊ ကဲ ... ကဲ ... အိပ်

သမီးလေး"

သူက ဆရာဝန်ကို ရှုတည့်တည့် တစ်ချက်ကြည့်ကာ အားမတန်၍ မာန်လျှော့လိုက်ရသည့် ပုံစံမျိုးဖြင့် ခုတင်ပေါ်သို့ အောင့်သက်သက် ပြန်တက်လိုက်ရသည်။ ဆရာဝန်က သူ့ကို ထပ်၍စမ်းသပ်ကာ ဆေးတစ်လုံး ထပ်ထိုးပေးသည်။ ဆရာဝန်နှင့် နာ့စ်တို့ ထွက်သွားလျှင် ဖေဖေက သူ့ကို နူးညံ့စွာပြုံးပြရင်း သူ့အနားသို့ ကပ်လာသည်။ ပြီးတော့ သူ့လက်ဖဝါးတစ်ဖက်ကို နွေးထွေးစွာ လာရောက်ဆုပ်ကိုင်လျှင် သူ တော်တော်စိတ်ဆင်းရဲသွားသည်။

ဖေဖေနဲ့ သူဝင်နေရသော ခန္ဓာကိုယ်ပိုင်ရှင်မိန်းမတို့ဟာ ဘယ်လိုများ ပတ်သက်နေတာပါလိမ့်။ ပတ်သက်ပုံကိုတော့ သူ နားလည်သည်။ သို့သော် ဘယ်လောက်အတိုင်းအတာထိ ပတ်သက်တယ် ဆိုတာကိုသာ သူ မသိနိုင်တာဖြစ်သည်။

"ရွှေလှာလေး ... သက်သာလားဟင်"

"အင်း"





သူကတော့ စိတ်မပါသဖြင့် အင်းဟု ခပ်တိုးတိုး ဖြေလိုက်တာ ဖြစ်သော်လည်း သူ့နှုတ်မှ ထွက်ကျသွားတာကတော့ မပီသ မသဲကွဲသည့် မိန်းကလေး ခပ်ညုညု အင်းသံဖြစ်၍ သူ တော်တော် စိတ်ဆင်းရဲသွားရသည်။ အခါများစွာက မိန်းကလေးတွေ သူ့ကို ချွဲချွဲနွဲ့နွဲ့ပြောလျှင် သဘောကျတတ်သော သူသည် တစ်ခါတော့ ကိုယ့်အသံကိုယ် စိတ်ပျက်သွားသည်။

"မသေကောင်း မပျောက်ကောင်း ရွှေလှာလေးရယ်။ ဦးဖြင့်လေ ရွှေလှာ သတိပြန်ရလာပြီဆိုတော့ အရမ်းကိုဝမ်းသာသွားရတာ"

သားတစ်ယောက်လုံး သေသွားတာကျတော့ ဖေဖေ ဝမ်းမနည်းဘူးလား။ တကယ်တမ်း ဖေဖေ့သားက မသေဘူး ဖေဖေရဲ့။ သူသည် အဲဒီလို အော်ပြောချင်စိတ်တို့အား အထူးပင် ထိန်းချုပ်ထားရသည်။ သေခြင်းနဲ့ ရှင်ခြင်းဆိုတာက ဘာတွေလဲ။ တကယ်ဆို သူ့ဘဝက ရှင်လျက်နဲ့ သေခြင်းလား။ သူ ဝင်လာခဲ့ရသော ခန္ဓာကိုယ်ပိုင်ရှင် ရွှေလှာ ဆိုသော ကောင်မလေးကရော သေလျက်နဲ့ ရှင်နေတာလား။

သူ ဘာကိုမှ လိုက်မမီတော့ချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဦးရဲ့သား သေသွားတာ ကျတော့ရော ဦး ဝမ်းမနည်းဘူးလားဟင်"

သူ့အပြောကြောင့် ဖေဖေ့မျက်နှာ တစ်မျိုးဖြစ်သွားသည်။ သူ့ကို အံ့ဩသလို ငုံ့ကြည့်ရင်း ...

"သား ဆုံးသွားတုန်းက ရွှေလွှာက ချောင်းသာမှာလေ။ ဒီအကြောင်းကို ရွှေလွှာ ဘယ်လိုလုပ်သိလဲ"

"သူနဲ့ တွေ့ခဲ့လို့ပေါ့"

သူ့အပြောကြောင့် ဖေဖေ့ရဲ့မျက်နှာ ဖြစ်ပျက် ပြောင်းလဲသွားပုံသည် သူ တွေ့ဖူးသမျှတို့ထဲတွင် ကြည့်အကောင်းဆုံးပဲဖြစ်သည်။ ဖေဖေသည် ဘယ်တုန်းကမှ အဲဒီလောက် အမူအရာပျက်မသွားဖူးချေ။ ရုတ်တရက် ဖြူဖျော့သွားသော ဖေဖေ့မျက်နှာသည်သူ့စကားကိုနောက်နေသည်ဟု ယူဆသွားပုံမပေါ်ပါ။ သို့သော် အတိအကျလည်း ယုံပုံမဟုတ်ပဲ မတင်မကျ ဖြစ်လို့နေသည်။

"ရွှေလွှာရယ် ... သား ဆုံးသွားပြီး သုံးရက်ကြာတဲ့အခါမှာ ရွှေလွှာ ကားအက်ဆီးဒင့် ဖြစ်တယ်ဆိုတဲ့ သတင်းကို ကြားရတော့ စိတ်ထဲမှာ တော်တော် ကွဲကြေသွားတယ်လေ ...





ရွှေလွှာ့ကိုလည်း ခဏ ခဏ ကိုယ်ပြောဖူးသားပဲ။ ဒီကမ္ဘာပေါ်မှာ ကိုယ် သံယောဇဉ်အရှိဆုံးက ကိုယ့်သားနဲ့ ရွှေလွှာပါလို့ ...

အဲဒီလူ နှစ်ယောက်စလုံးက ရှေ့ဆင့် နောက်ဆင့် ကားအက်ဆီးဒင့်တွေ ဖြစ်တယ်ဆိုတော့ ကိုယ် တော်တော် စိတ်ထိခိုက်ရတာပါ ...

တကယ်ပါ။ ရွှေလွှာလည်း ဦး အကြောင်းကို သိသားပဲ။ ဦးက ဘာကိုမှ ခေါင်းထဲထည့်တဲ့သူ မဟုတ်ဘူး။ ဒီတစ်ခါတော့ ဦး တော်တော်လေး ခံစားလိုက်ရတယ်။ တရားတောင် ကျသွားမိတယ်။ ကိုယ် အချစ်ဆုံး သားတစ်ယောက်နဲ့ အချစ်ဆုံးမိန်းမတစ်ယောက် ပြိုင်တူလိုလိုဖြစ်တာ ကိုယ် တော်တော်လည်း အံ့ဩမိတယ် ...

ဒါပေမဲ့ ကံတရားက ရက်စက်မထားဘဲ သေမင်းက ရွှေလွှာ့ကို လူ့ပြည်ပြန်လာခွင့် ပေးလိုက်တယ် ဆိုတော့လည်း ကိုယ် တစ်မျိုးဝမ်းသာတာပေါ့ကွယ်"

ဟင့်အင်း ဖေဖေ။ ကံတရားက ရက်စက်လိုက်တာပါ။ တကယ်တမ်း လူ့ပြည်ကို ပြန်လာခွင့်ရတာက ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ဖေဖေ့ ကောင်မလေး မဟုတ်ပါဘူး။ သူသည် အဲဒီစကားကို ရင်ထဲ၌ အကြိမ်ပေါင်းများစွာ အော်ဟစ်ပြောနေခဲ့သော်လည်း ဖေဖေကတော့ ကြားနိုင်မှာ မဟုတ်ချေ။

"ကျွန်တော် နားချင်ပြီ"

"ဟား ... ရွှေလွှာတောင် အပြောအဆိုတွေ ပြောင်းသွားပါလား။ အေး ... ဟုတ်သားပဲ။ ဆရာဝန်က ဆေးထိုးပေးသွားတယ်၊ အိပ်ချင်ရောပေါ့။ နား ... နား ... ကိုယ်လည်း ပြန်တော့မယ်၊ ညဘက်ရောက်မှ တစ်ခေါက်ထပ်လာခဲ့မယ်။ ဒေါ်လေးကြူ လိုအပ်တာရှိရင် ကျွန်တော့်ကို လှမ်းပြောနော်၊ ရွှေလွှာ့ကိုလည်း သည်းခံလိုက်ပါဦး ...

သူ့ခမျာ ထိတ်လန့်စရာတွေနဲ့ချည်း ကြုံခဲ့ရတော့ စိတ်နည်းနည်း အနှောင့်ယှက် ဖြစ်နေမှာပေါ့"

"သည်းခံပါတယ်ဗျာ ... သည်းခံပါတယ်၊ ဒါပေမဲ့ သတိစရလာတုန်းက သည်းခြေပျက်သွားတဲ့ပုံကိုတော့ ရှင့်ကို မြင်စေချင်တယ် ...

သူ့ရဲ့အဖိုးတန်ပစ္စည်းတွေကို ပြုတ်ကျခဲ့တယ် ထင်လို့လား မသိဘူး၊ လိုက်စမ်းနေတာများ"





သူက လှျာရှည်လွန်းသော မိန်းမကြီးကို မျက်လုံးလှန်ကာ မကျေမနပ် ကြည့်လိုက်လျှင် တစ်မျိုးအဓိပ္ပာယ်ပေါက်သွားဟန်တူသော ဖေဖေက ...

"ဘာလဲ ... ဦး ပေးထားတဲ့ လော့ကတ်လေး ကျပျောက်ခဲ့လို့လား။ သြော် ... ရွှေလွှာလေးရယ်၊ အဲဒါတွေက တန်ဖိုးမရှိပါဘူး၊ အရေးကြီးတာက ရွှေလွှာ တစ်ယောက် အသက်မသေတာပဲ တန်ဖိုးကြီးတာပါ ...

ဒီထက် ကောင်းတာတွေ ဦး ရွှေလွှာ့ကို အများကြီး ဝယ်ပေးမှာပေါ့၊ နော် ... စိတ်ထဲမှာ ဘာမှမတွေးနဲ့တော့၊ ဟုတ်ပြီလား ကလေးလေး"

ဖေဖေက အဆုံးသတ်စကားကို ပြောရင်း သူ့နဖူးကို ငုံ့နမ်းလိုက်လျှင် သူ့မှာ တောင့်တောင့်ကြီး ဖြစ်သွားလျက် ကြက်သီးမွေးညင်းတွေ ဖြာလို့သွားရလေသည်။

"ဦး သွားတော့မယ်နော် ကလေး"

ဖေဖေက နားအနားသို့ကပ်ကာ တိုးတိုးလေး ပြောသွားသည်။ ခါတိုင်း ကောင်မလေးတွေကို သူ လုပ်နေကျပုံစံမျိုး ဖြစ်တာမို့ သူသည် အသည်းတယားယားဖြင့် ကျန်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကုန် စိတ်ပျက်ခြင်းကြီးစွာဖြင့် ခုတင်ပေါ်မှာ ဆန့်ဆန့်ကြီး ငြိမ်သက်သွားသော သူ့ကို ဒေါ်ကြူဝင်း ဆိုသော မိန်းမကြီးက နှုတ်ခမ်းတစ်ချက် မဲ့ပြရင်းမှ ...

"အစကတော့ ရူးသလိုလို ကြောင်သလိုလိုနဲ့ သူ့ဘဲကြီးလာ တော့မှပဲ သည်းခြေငြိမ်သွားတော့တယ် ...

ဟင်း ... မိန်းမကိုက"

သူသည် အဲဒီမိန်းမကြီးကို စူးစူးရဲရဲ တစ်ချက်စိုက်ကြည့်လိုက်ပြီးနောက် မျက်လုံးတွေ ရီဝေလာကာ မဟန်နိုင်တော့သဖြင့် အိပ်ပျော်ခြင်းသို့ ရောက်ရှိသွားသည်။ အိပ်ပျော်ပါစေ။ အခု ကြုံတွေ့နေရတာတွေဟာ အိပ်မက်ဖြစ်ပြီး သူ နိုးထလာရသော နံနက်ခင်းမှာ သူ့ရဲ့နဂိုဘဝ အစစ်အမှန်ကို ပြန်ရောက်ဖို့ သူ တိုင်တယ်ဆုတောင်းပါသည်။

ဒါဟာ အိပ်မက်ပဲ ဖြစ်ပါစေ။





## ၁၀

အိပ်မက်ပဲ ဖြစ်ပါစေ ဟူသော သူ့ဆုတောင်းသည် တကယ်တမ်းကျတော့ မပြည့်ဝခဲ့ချေ။ နောက်တစ်နေ့ သူ နိုးလာသောအခါမှာလည်း သူ့ခန္ဓာကိုယ်ဟာ ဒီအတိုင်း ဒီပုံစံအတိုင်းပဲသာ ဖြစ်သည်။ သူသည် စိတ်ပျက်လက်ပျက်နှင့် ခေါင်းခါယမ်းကာ ကြိတ်မနိုင် ခဲမရ ဖြစ်လျက်ရှိသည်။ ဒီကိစ္စကြီးကို ဘယ်လိုဖြေရှင်းရပါ့မလဲ။ ဒါဟာ လွယ်လွယ်နဲ့တော့ ဖြေရှင်းရသည့်ကိစ္စ မဟုတ်ချေ။ သူ တော်တော်ဦးနှောက်ခြောက်လျက် ရှိနေသည်။

"ရွှေလွှာ ... မျက်နှာလေး ဘာလေးသစ်၊ ကိုယ်လက်သန့်စင်ရအောင်လေ၊ သမီး အိပ်နေတုန်း ဖုန်းလာသွားတယ်။ သမီးရဲ့ဦး လာဦးမယ်တဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ လုလုပပလေး ဖြစ်အောင်နေ၊ ဆံပင်ရှင်းရှင်း အောင်နေဉ်"

သူက ဒေါ်လေးကြူဆိုသော မိန်းမကြီးကို မကျေမနပ်နှင့် မျက်ထောက်တစ်ချက် လှန်ကြည့်လိုက်သည်။ ဒီလောက်သေလုမြောပါး ဝေဒနာခံစားထားရပြီး နေကောင်းခါစလူကို၊ အလှတွေ လာပြင်နိုင်းနေသည့် မိန်းမကြီးကို တစ်ခုခု ပြန်ပြောချင်လှသော်လည်း တွန်းပြောလျှင် ဆယ်ခွန်းလောက် အရစ်ပြန်တက်ကာ တိုင်ပတ်တတ်သည့် မိန်းမကြီးကို သူက ရှည်ရှည်ဝေးဝေး ထပ်မပြောချင်တော့ပေ။

သူက ထိုမိန်းမကြီး ကမ်းပေးသော ရေခွက်နှင့် မျက်နှာသုတ်ပဝါကိုယူကာ သန့်စင်သည့် အလုပ်ကို လုပ်လိုက်သည်။ အဲဒီတော့မှပဲ သူ သူ့ရဲ့မျက်နှာကို သွားသတိရတာဖြစ်သည်။ မျက်နှာ ... ဟုတ်သားပဲ။ သူဟာ မိန်းကလေးတစ်ယောက်၏ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားခဲ့တာကို သိရသော်ငြား သူ့မျက်နှာသွင်ပြင်ဟာ ဘယ်လိုပုံစံလဲ ဆိုတာကိုတော့ မသိရချေ။ သို့သော် ဖေဖေရဲ့ အသည်းကျော်တစ်ယောက်ဖြစ်သော ဤမိန်းကလေးရဲ့ပုံဟာ ရုပ်မချောတောင် ရုပ်ဆိုးမှာ မဟုတ်ပေ။





သူသည် စိတ်ဝင်စားစိတ် အပြည့်ဖြင့် မှန်ကိုယူကာ မျက်နှာရှေ့မှာ ထောင်ကြည့်လိုက်သည်။ သူ တွေ့လိုက်ရတာက မျက်လုံးတောက်တောက်လေးတွေနှင့် ဆွဲဆောင်မှုရှိသော ကောင်မလေးတစ်ယောက်ရဲ့မျက်နှာ ဖြစ်လို့နေလေသည်။ နှာမည်နှင့် လိုက်ဖက်အောင်ပင် အသားအရည်က ရွှေဝါရောင် သမ်းနေသလို ငါ့ဝါဝင်းဝင်းလေး ဖြစ်သည်။ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ မျက်နှာကျ အားမှ ပြောစရာမရှိသော ကောင်မလေး ဖြစ်သဖြင့် သူတောင် ကြိုက်ချင်သွားလေသည်။

မျက်နှာတင် မဟုတ်ဘဲ ကိုယ်လုံးကိုယ်ပေါက်က အစ မော်ဒယ်လ်ကိုယ်လုံးကိုယ်ပေါက်ဖြစ်သည်။ ချပ်သင့်သည့်နေရာချပ်လျက် ထွက်သင့်သည့်နေရာ ထွက်နေသော တကယ့်မိန်းမချော မိန်းမလှလေးတစ်ယောက်၏ ကိုယ်လုံးကိုယ်ပေါက်ထဲသို့ ဝင်မိနေပါရောလား။ သူသည် မှန်ကို မျက်နှာရှေ့မှ စိတ်ပျက်လက်ပျက်ဖြင့် ဖယ်ချလိုက်လျှင် ဒေါ်လေးကြူ ဟူသော မိန်းမကြီးက သူ့ရဲ့ဆံနွယ်တွေကို ဖြည်းဖြည်းချင်း ဖြီးသင်ရှင်းလင်းပေးနေရာမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... တော်သေးတာပေါ့။ ငါ့တူမလေးရဲ့ လှပတဲ့ မျက်နှာလေးမှာ ဘာမှထိခိုက်ဒဏ်ရာ မရလို့။ သမီးလေး အိပ်နေတဲ့ နေ့တုန်းက သမီးရဲ့ဦးက ဒေါ်လေးကို ပြောတယ် ...

သမီးကို လက်ထပ်ဖို့ နားချပေးပါတဲ့။ သမီးအတွက် သူ စိုးရိမ်တယ်တဲ့။ စိတ်မချတော့ဘူးတဲ့။ သမီးရယ် ... သမီးလေး တစ်သက်လုံး မတောင့်မတ မကြောင့်မကျ နေသွားရမယ့်ကိစ္စကို အဲဒီလောက်ကြီး စဉ်းစားမနေပါနဲ့တော့ ...

ဦးလင်းပိုင်က သမီးအတွက် အကောင်းဆုံးလူတစ်ယောက်ပါ။ ဟုတ်တယ်မှုလား၊ အခုဆိုရင် သမီးကြောက်တယ်ဆိုတဲ့ သူ့သားခပ်ဆိုးဆိုး အော့ကြောလန်လည်း ရှောသွားပြီဆိုတော့ ရှိသမျှပစ္စည်းတွေ အားလုံးဟာ ..."

"ခင်ဗျား ပါးစပ် ပိတ်ထားလိုက်"

"ဟဲ့ ... ဟဲ့ ... အဲဒါက ဘာဖြစ်ရပြန်ပြီတုန်း၊ ညည်းဟာကလည်း ... ကြောက်,ကြောက်စရာအေး၊ ထ,ထ ဖောက်နေပါလား"





"နေစမ်းပါဦး၊ ကျုပ် မေးစမ်းပါရစေဦး၊ ရွှေလွှာ ဆိုတဲ့ မိန်းမနဲ့ ဦးလင်းပိုင်နဲ့ ဖြစ်တာ ကြာပြီလား"

ဒေါ်လေးကြူဟူသော မိန်းမကြီးက သူ့ကို အံ့အားသင့် ထိတ်လန့်သော မျက်လုံးများဖြင့်ကြည့်ကာ ...

"ဘုရား ... ဘုရား ... ရွှေလွှာ တစ်ယောက် သေရွာက ပြန်လာပြီး အပတွေ ဘာတွေ မှီလာလား မသိပါဘူး ...

အကောင်းကြီးကနေ ထ,ထဖောက်လာနေပါလား"

"သေရွာပြန်ပြီး အပမှီလာတာ မဟုတ်ဘူး။ လွဲနေတာ ... လွဲနေတာ ... ကျွတ် ... ပြောရင်လည်း ပိုပြီးတိုင်ပတ်ကုန်ရုံပဲ ရှိမယ် ...

ဆေးရုံက ဆင်းချင်ပြီဗျာ၊ ဘယ်တော့ဆင်းရမှာတဲ့လဲ၊ ဆရာဝန်က ဘာပြောလဲ"

ဒေါ်လေးကြူသည် ရွှေလွှာ ဆိုသော တူမချောရဲ့ ပြောပုံ ဆိုပုံတွေကို ပါးစပ်အဟောင်းသားပွင့်ကာ ငေးကြည့်နေမိသည်။ ခါတိုင်းက စကားတစ်ခွန်းပြောလျှင် အီပျစ်ရွှဲလဲနေသော ဒီကောင်မလေးဟာ အခုတော့ ပြောပုံ ဆိုပုံတွေဟာ အရင်ကနဲ့



www.burmeseclassic.com

www.burmeseclassic.com



လားလားမျှ မတူချေတော့။ မျက်ခုံးကြီးရှုံ့ကာ ပါးစပ်ကို ရွဲ့ကာ ရွဲ့ကာ ပြောနေပုံသည်။ ယောကျ်ားကြီးတစ်ယောက်ရဲ့ ပုံစံမျိုးနှင့် ချွတ်စွပ်ပင်ဖြစ်သည်။

ထိုင်နေတဲ့ပုံကိုလည်း ကြည့်ပေဦး။ ဒူးတစ်ဖက်ကို ထောင်ကာ ကျန်တစ်ဖက်ကို ခြေဆင်းပြီး ခပ်ကြမ်းကြမ်းနှင့် စိတ်ပျက်လက်ပျက် ထိုင်နေပုံသည် မိန်းကလေးတစ်ယောက်၏ ပုံစံနှင့် လုံးဝမတူချေ။ ကားအက်ဆီးဒင့် ဖြစ်ပြီးကာမှ ဘယ်လို အတွေးအခေါ်တွေနှင့် ဘယ်လိုအချိုးတွေ ပြောင်းသွားမှန်းမသိ သော ကောင်မလေးကို ဒေါ်လေးကြူက ကြာတော့ လန့်တောင် လန့်လာလေသည်။ ကိုယ့်ကိုကြည့်သော မျက်လုံးတွေဟာလည်း ခါတိုင်းလို နွေးထွေးမနေဘဲ စိမ်းနေတာကိုလည်း သတိထားမိ သည်။ ဆရာဝန်ကြီးကတော့ ဒါမျိုးတွေက ဖြစ်တတ်ပါတယ်ဟု ပြောသော်လည်း ဒေါ်လေးကြူကတော့ ဒီလောက်ကြီးလည်း မဖြစ်တတ်ပါဘူးဟု တွေးမိသည်။

"ဆရာဝန်က နောက်တစ်ပတ်လောက်နေမှ ဆေးရုံက ဆင်းရမယ်လို့ ပြောတယ်။ အဲဒါမှ စိတ်ချရမယ်တဲ့"





"ဟင်း ... နောက်တစ်ပတ်ထိ မစောင့်နိုင်တော့ဘူးဗျာ။ ကျုပ် အခု နေကောင်းနေပြီ။ အခုပဲ ဆင်းချင်တယ်၊ ဆရာဝန်ကို သွားပြောပေး"

"ဟယ် ... ပြောလို့ မရဘူးလေ။ သမီးမှ ကောင်းကောင်း နေမကောင်းသေးတာ"

"ကျွတ် ... ကောင်းပါပြီ ဆိုမှဗျာ။ ဆရာဝန်လာရင် ကျုပ် ကိုယ်တိုင် ပြောမယ်။ ခင်ဗျား မပြောချင်ရင်နေ"

ဒေါ်လေးကြူသည် ယောကျ်ားကြီးတစ်ယောက်လို ပြောဆိုလှုပ်ရှားနေသော ရွှေလွှာကို ကြည့်ကာ မျက်လုံးပြူးလာ သည်။ တစ်ခုခုတော့ လွဲနေပြီ။ အဲဒီအချိန်မှာပဲ အခန်းတံခါးက ဖျတ်ခနဲ ပွင့်လာကာ ဦးလင်းပိုင် ရောက်လာသည်။

ဒေါ်လေးကြူက ဖျတ်ခနဲ လှည့်ကြည့်ကာ ...

"ဟော ... ဦးလင်းပိုင်တောင် ရောက်လာပြီ။ လာ ... လာ ဦးလင်းပိုင်"

ဖေဖေက ခုတင်ပေါ်မှာ ဆောင့်ကြောင့်ထိုင်နေသော သူ့ကို တစ်ချက်လှမ်းကြည့်ကာ ပြုံးပြသည်။ သူက ဖေဖေ့ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်မပြုံးပြဘဲ ခုတင်ပေါ်ကနေ၍ ရှုတည်တည် လှမ်းကြည့်နေမိသည်။ ကြည့်ပေဦး ... ဒီကောင်မလေးထံသို့တော့ ဖေဖေ နေ့တိုင်း ခ,စားနေရတာ။ မေမေ့ကိုကျတော့ရော အဲဒီလို သတိရပါသလား။ အဲဒီမှာ သူ ဖျတ်ခနဲပင် မေမေ့ကို သတိသွားရသည်။ မေမေ ဟုတ်သားပဲ၊ သူ့မှာ မေမေ ရှိသေးသည်။ ဒီမိန်းမခန္ဓာကိုယ်ကြီးကို ရထားသော သူ့အတွက် တိုင်ပင်အားကိုးစရာ မေမေတစ်ယောက်လုံး ရှိသည် ဆိုတာကို သူ ဘာကြောင့် သတိမရမိတာပါလိမ့်။

သူ မေမေ့ကို အရမ်းပဲ တွေ့ချင်လို့ လာလေသည်။ အဲဒီနေ့က ကားအက်ဆီးဒင့် မဖြစ်မီ မေမေနဲ့ သူ နောက်ဆုံးတွေ့ခဲ့သည်။ မေမေသာဆိုလျှင်တော့ သူ့ကို နားလည်လက်ခံပေးနိုင်မှာပဲ။ သူ့ဘဝတွင် ပထမဆုံးအကြိမ် အမေဖြစ်သူကို ပြင်းပြင်းပြပြ တောင့်တသတိရမိသွားလေသည်။ သူ မေမေ့ကို ချက်ချင်းတွေ့ချင်လာသည်။ မေမေ ခုလောက်ဆို သူ့အတွက် မေမေကြေကွဲခံစားနေမှာလား။ သေချာတာကတော့ မေမေ သူ့အတွက် ငိုကြွေးမှာပါပဲ။





"ရွှေလွှာ ... သက်သာလားဟင်"

ဖေဖေက နူးညံ့သော အပြုံးများနှင့် သူ့အနားသို့ တိုးကပ်လာသည်။ သူ့အတွက် ဖေဖေရဲ့ချိုအီသော အပြုံးတွေဟာ ဘယ်လိုမှ ခံစား၍မရပါ။ ဖေဖေ့ရဲ့မျက်နှာကို တစ်ချက်ရှုံ့မဲ့ကြည့်ကာ မျက်နှာလွှဲပစ်လိုက်လေသည်။ ဒါကို အသည်းငယ်စွာ မခံစားနိုင်သော ဖေဖေက သူ့ရဲ့လက်လေးတစ်ဖက်ကို ဆုပ်ကိုင်ကာ ...

"ရွှေလွှာ ... ဦးကို စိတ်ကောက်နေတာလား၊ ဘာအလိုမကျဖြစ်လဲ၊ ဟင် ... ကလေး၊ ပြောပါဦး"

ဖေဖေက အရည်လဲ့ကာ စိုအိနေသော မျက်လုံးများဖြင့် သူ့ကို ဂရုတစိုက် ကြည့်ရှုလို့မေးလျှင် သူ တော်တော်စိတ်ပျက်သွားရသည်။ သူ့ကို အဲဒီလို မျက်လုံးကြီးတွေနှင့် ကြည့်တာကို သူ ဘယ်လိုမှ မခံစားနိုင်ပါ။ သူက မိန်းကလေးတစ်ယောက် မဟုတ်တာကြောင့် အဲဒီလို အကြည့်ခံရလေတိုင်း အသည်းထဲမှာ ကျလိ ကျလိနှင့် အတော်အခံရခက်လေသည်။

"ဆေးရုံက ဆင်းချင်ပြီတဲ့၊ အဲဒါ အခုနကလေးတင် ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးကြူ ဆိုသော မိန်းမကြီးက ပြန်ပြောသည်။ သူသည် ဆေးရုံကဆင်းမယ် ပြောသာပြောရသော်လည်း ဆေးရုံက ဆင်းပြီးပါက သူ ဘယ်ကိုသွားရမယ် ဆိုတာလည်း မပြောတတ်ချေ။ သူက ဒေါ်လေးကြူ ဆိုသော မိန်းမကြီးနှင့် ပြန်လိုက်သွားရမှာလား။ ရွှေလွှာ ဆိုသော မိန်းကလေးက ဘယ်မှာနေတာလဲ။ ဘယ်လိုမိန်းကလေးမျိုးလဲ ... စသဖြင့် သူ ဘာမှမသိရသေး။

ဘာမှ မသိရသော ဘဝထဲမှာ သူ ဘယ်လိုများ ရှင်သန်ရမှာပါလိမ့်။ ကံတရားသည် သူ့အတွက်တော့ တစ်ဆိတ်ရက်စက်ပြင်းထန်လွန်းလေသည်။

"ဆေးရုံကဆင်းလို့ မရသေးဘူးလေ ကလေးရယ်၊ ကလေးမှ ကောင်းကောင်းနေမကောင်းသေးတာ။ နော် ... ကလေးက လိမ္မာတယ်"

အဲဒီလိုပြောလျှင် ဟိုကောင်မလေးကတော့ ခြေဆောင့်ကာ ဘယ်လိုချွဲနွဲ့လဲတော့ မသိချေ။ သူကတော့ ဘာမှ ပြန်မပြောနိုင်ဘဲ စိတ်ပျက်လက်ပျက်ဖြင့်သာ ထိုင်ငိုင်နေမိသည်။ ဒီလိုဖြစ်လျှင် ဖေဖေက ခြေမကိုင်မိ လက်မကိုင်မိ ပိုဖြစ်ပြကာ...





"ကလေး ဘာဖြစ်နေတာလဲ၊ စိတ်မကြည်ဘူးလား... ဟင်၊ ဒါမှမဟုတ် ဘာဖြစ်ချင်တာလဲ၊ ဦးကို ပြောပြ၊ ကလေးအတွက် ဦး မဖန်တီးပေးနိုင်တဲ့ကိစ္စဆိုတာ မရှိဘူးလေ"

"ဆေးရုံက ဆင်းချင်တယ်"

ဖေဖေက တစ်ချက်တွေသွားသည်။ ပြီးလျှင် ခေါင်းကိုတစ်ချက်ငဲ့ကာ ...

"အိုကေ ... ဖြစ်စေရမယ်။ ရတယ် ... ကလေးစိတ်ချမ်းသာဖို့ပဲ လိုတယ်"

ဖေဖေက အဲဒီလိုပြောပြီး လှစ်ခနဲ ပျောက်သွားသည်။ သူ့ကို မျက်လုံးပြူးနှင့် စိုက်ကြည့်နေသော ဒေါ်လေးကြိုင်ကို သူက မျက်စတစ်ချက် ပစ်ပြလိုက်သည်။ ပြီးလျှင် လာဦးဟု အနားသို့ လက်ယပ်ခေါ်သဖြင့် အဲဒီမိန်းမကြီးက အူကြောင်ကြောင်ပုံစံဖြင့် ရောက်လာသည်။

"ကျုပ်တို့ ဘယ်ကိုပြန်ကြမှာလဲ"

"အိမ်ကို ပြန်မှာပေါ့တဲ့၊ ဘာလဲ ... ညည်းက ဦးလင်းပိုင်နဲ့ တစ်ခါတည်း လိုက်သွားချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူက တစ်ချက်တော့ တွေခနဲ ဖြစ်သွားသည်။ ဒါပေမဲ့ ရွှေလွှာဆိုသော မိန်းကလေးဟာ ဘယ်လိုဘဝမျိုးက လာသလဲဆိုတော့ သူ သိချင်လှပါသည်။

“မလိုက်သေးပါဘူး၊ ကျုပ်တို့အိမ်က ဘယ်နားမှာလဲ”

“အမယ်လေး ... မိရွှေလွှာ၊ ညည်း ငါ့ကို တမင်ရစ်နေတာတော့ မဟုတ်ပါဘူးနော်”

“ကျွတ် ... ဒုက္ခပါပဲဗျာ၊ အဲဒါတွေ ခက်တာပဲ၊ မေးရင် မေးတာကိုဖြေ၊ ပြန်မေးမနေနဲ့၊ ကျုပ် တကယ် မသိလို့ မေးနေတာ”

“ဘုရား ... ဘုရား ... စိတ်ညစ်လိုက်တာ၊ မိရွှေလွှာ တစ်ယောက်တော့ ဘယ်လိုများ ဖြစ်သွားပါလိမ့် ...

ညည်း တကယ်ပဲ အတိတ်မေ့သွားတာလားဟင်”

“အတိတ်မေ့တာ မဟုတ်ဘူး၊ အစတည်းက အဲဒီအတိတ်မှာ မရှိတာ။ ပေါက်လား ...”

“ပေါက်ပါတယ် ... ပေါက်ပါတယ်။ ငါတော့ ညည်းနဲ့ တကယ်ကိုပဲ ပေါက်ချင်နေပါပြီ။ အမယ်လေး ရူးချင်နေပါပြီ ...





စိတ်ညစ်လိုက်တာ၊ ညည်းနဲ့ ငါ ရှေ့ဆက် ဘယ်လို နစ်ပါးသွားရမှာပါလိမ့်”

“အေး ... ကျုပ်နဲ့ ခင်ဗျား နစ်ပါးသွားရမယ်ဆိုရင်လည်း ဘုရားတရားသာ တ,ထားပေတော့”

သူ့စကားကို ဒေါ်လေးကြူက မထွေးနိုင် မအန်နိုင် ပုံစံ ဖြစ်သွားစဉ်မှာပဲ ဖေဖေက ဆရာဝန်တစ်ယောက်နဲ့အတူ အခန်းထဲသို့ ပြန်ရောက်လာသည်။ ဆရာဝန်က သူ့ကို တစ်ချက် နှစ်ချက် စမ်းသပ်ကာ ...

“အင်း ... သမီးက နေတော့ ကောင်းနေပါပြီ။ အရမ်း ဆင်းချင်နေပြီဆို ဟုတ်လား”

“ဟုတ်ကဲ့”

“အေး ... အေး ... ဒါဆိုလည်း ဆင်းပေါ့။ ဆေးတွေတော့ မှန်မှန်သောက်ရမယ်နော်”

“ဟုတ်ကဲ့ ခင်ဗျ”

“ဟေ ... သမီး”



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်က အံ့သြကာ မျက်လုံးပြူးသွားချိန်တွင် သူက ကိုယ့်အခြေနေ ကိုယ်သိကာ အဟဲ နောက်တာပါ ဆရာ ဟု ရှုးချင်ယောင်ဆောင်ပေးလိုက်ရသည်။ အဲဒီနောက် သူဟာ ဖေဖေ မောင်းပို့သော ကားကြီးဖြင့် ဆေးရုံမှ သူတို့အိမ်ဆိုသော နေရာသို့ ပြန်ခဲ့ရသည်။ သူတို့အိမ်သည် ကျောက်မြောင်းထဲရှိ လမ်းသွယ်တစ်ခုထဲမှ ခုနစ်လွှာတိုက်ခန်းဖြစ်သည်။ သူ ရောက်လာသောအခါ ရပ်ကွက်ထဲရှိ အခန်းတိုင်းမှ စိတ်ဝင်တစား စပ်စုတာနှင့် ကြုံရလေသည်။

ဖေဖေရဲ့ တောက်ပြောင်သားနားလှသော ကားကြီးပေါ်မှ ဆင်းလာသော သူနှင့် ဖေဖေ့ကို ကြည့်သော မျက်လုံးတွေကို သူက ချက်ချင်းပဲ ဒေါသတကြီး ရွံမုန်းသွားသည်။ လူတွေကတော့ ရွှေလွှာ ဆိုသော ကောင်မလေးကို စိတ်ဝင်တစား စပ်စုအတင်းတုပ်နေကြတာ ဖြစ်သော်လည်း သူကတော့ ကြားထဲက ဘယ်လိုမှ မခံစားနိုင်ချေ။

ဒီကြားထဲ တစ်သက်နဲ့တစ်ကိုယ် မတက်စဖူး ခုနစ်လွှာသို့ တက်လာရသဖြင့် အပေါ်ရောက်လျှင် သူ့မှာ အသက်





ထွက်မတတ် မောပန်းလို့ နေရသည်။ ချွေးတွေစို့နေသော သူ့နဖူးကို ဖေဖေက ကြင်နာစွာ သုတ်ပေးရင်းမှ ...

"အဲဒါကြောင့် ရွှေလွှာ့ကို ဦး ပြောတာပေါ့။ ဦး အိမ်မှာ လာနေပါလို့ ဒီတိုက်ခန်းကို ရောင်းချင်လည်းရောင်း၊ မရောင်းချင်လည်း ငှားခဲ့၊ ဒေါ်လေးကြိုင်ကို မြေညီထပ်မှာပဲဖြစ်ဖြစ် ဦး ဝယ်ပေးလိုက်မယ်လို့ ...

ခုလိုမျိုး နေမကောင်း အားမပြည့်သေးတဲ့ အချိန်မှာ တက်လိုက် ဆင်းလိုက်နဲ့ ကလေး ပင်ပန်းမှာပေါ့ ...

ဩော် ... ကလေး၊ ဦးအိမ်မှာ လာနေပါ။ ဦးအတွက် ကလေး လိုအပ်တယ်"

"ဟုတ်သားပဲ ရွှေလွှာရဲ့၊ ဟိုမှာကျတော့ သမီး ခိမ်ရှိရှိနဲ့ အေးအေးဆေးဆေး နေလို့ရတာပေါ့"

သူက အကြဲဆိုးကြီးနှင့် တွန်းပို့ လုပ်နေသော ဒေါ်လေးကြူကို မျက်လုံးတစ်ချက် လှန်ကြည့်လိုက်လျှင် အဲဒီမိန်းမကြီးက တွန့်ခနဲ ဖြစ်သွားသည်။ သူ အဲဒီလိုကြည့်လျှင် ထိုမိန်းမကြီးမှာ တော်တော်ကြောက်ဟန်တူပါသည်။ တစ်ချက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တိုင်း တွန့်ခနဲ ဖြစ်သွားကာ ဇက်ပုသွားလျက် ဘာမှဆက် မပြောတော့ချေ။

"ဘယ်လိုလဲ ရွှေလွှာ၊ ဦး ပြင်ဆင်ထားလိုက်တော့မယ် နော်"

"ခဏလေး နေပါဦး။ အခုတော့ သား ... အဲ ... ကျွန်... ကျွန် ... မ ... နားချင်နေပြီ"

သူက ပါးစပ်ဖျားမှနေ၍ ကျွန်မ ဟူသော စကားလုံးကို ဖျစ်ညှစ်ထုတ်လိုက်ရလျှင် ရင်ထဲမှာ တော်တော်ခါးသီးသွားရသည်။ ခုချိန်မှာ သူ့အနားနား၌ ဘယ်သူ့ကိုမှ မရှိစေချင်ပေ။ အခန်းထဲမှာ တစ်ယောက်တည်း စိတ်လွတ်ကိုယ်လွတ်နှင့် သူ့ခန္ဓာကိုယ်ကို ကြည့်ချင်လှသည်။

"အေးပေါ့ ... ရွှေလွှာ ပင်ပန်းနေပြီ၊ နားပါ ... နား။ နောက်နေ့ကျမှ ဦး ဖုန်းဆက်လိုက်ဦးမယ်၊ ဦး ပြောတာကိုလည်း စဉ်းစားထား၊ ဟုတ်ပြီနော်"

ဖေဖေက အဆုံးသတ်စကားကို ပြောရင်း သူ့ပါးပြင်နားသို့ကပ်ကာ ရှလွှတ်ဟု မွှေးမွှေးပေးလိုက်လျှင် သူ့ပါးပြင်တစ်





ဖက်လုံး ရှူးစပ်သွားရသည်။ အားပါး ရှူးလိုက်တာ။ သူတော့ ဝဋ်စတင်လည်နေပြီဆိုတာ သဘောပေါက်လိုက်လေသည်။ ယခင်က မုတ်ဆိတ်မွေးကို တမင်ထားကာ မိန်းကလေးတွေကို အသားယူခဲ့သော သူသည် အဲဒီအရသာကို မိန့်မိန့်ကြီး ခံစားရာမှ အခု မခံစားနိုင်တော့ချေ။

ဖေဖေက နှာခေါင်းကို သူ့ပါးမှခွာကာ သူ့ကို ကြည့်ကြည့်ရှုရှု ပြုံးပြသည်။ ပြီးတော့ ပါးတစ်ဖက်ကို ထိုးပေးလာလျှင် သူ့မှာ ကြက်သီးတွေတောင် ထသွားရလေသည်။ ဘေးဘီဝဲယာကို ကြည့်လိုက်သောအခါ ဒေါ်လေးကြိုင် ဟူသော မိန်းမကြီးက ရှိမနေတော့ချေ။ ရှောင်ပေးသွားပြီဖြစ်သော မိန်းမကြီးကို သူက စိတ်ထဲမှကျိတ်၍ ကျိန်ဆဲလိုက်ပြီးမှ ဖေဖေ့ဘက်သို့ လှည့်ကာ မအီမလည် ပြုံးပြလိုက်ရသည်။

ဒါကို ဖေဖေက လက်မခံနိုင်သေးဘဲ သူက မရှုဘူး ဟူသော ပုံစံမျိုးဖြင့် နှုတ်ခမ်းကိုဆူကာ ခေါင်းယမ်းရင်း ပါးကို ပြန်ထိုးပေးပြန်သည်။ သူက ငိုချင်လာသောစိတ်ဖြင့် ခေါင်းကို တဖြင်းဖြင်း ကုတ်မိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဦး ... ဦးကလည်း နေမကောင်းပါဘူးဆို ... ဖွတ်"

ဖေဖေက အဲဒီတော့မှ လက်ဖျောက်တစ်ချက်တီး ကာ အဲဒါပဲ ဟူသော ပုံစံမျိုး လုပ်ပြကာ ...

"ဟား ... အဲဒါမှ ဦးရဲ့ရွှေလွှာ အစစ်။ ဦးက အဲဒီစကား လေးကို အမြဲတမ်း ကြားချင်နေတာ ...

ဦး ဆိုတဲ့အခါတိုင်း နေမကောင်းပါဘူးဆို ဖွတ် ဆိုတဲ့စကားလေးကို အရမ်းလွမ်းနေခဲ့တာကွ။ ဟား ဟား အခုမှ ဆန္ဒပြည့်ဝသွားတယ်၊ ကလေးရယ် ... သင့်ခ်ယူပဲ ကွာ ...

ရပါတယ်၊ ကလေး နေမကောင်းသေးရင် ဦးက ဖွတ်မလုပ်ပါဘူး၊ ကဲ ... ကဲ ... ဘိုင့်ဘိုင် My heart လေး"

ဘုရားရေ ... နေကောင်းရင်တော့ ဖွတ်လုပ်မယ်ဆို တဲ့ သဘောပေါ့။ သူက အဲဒီအတွေးကြောင့် ကြက်သီးဖြန်းဖြန်း ထသွားရသည်။ မထွေးနိုင် မအန်နိုင်သော ပုံစံကြီးဖြင့် ဖေဖေ့ကို ပြန်တောင်နှုတ်မဆက်နိုင်ဘဲ တောင့်တောင့်ကြီး ကျန်ခဲ့လေသည်။





ဒီပုံအတိုင်းဆိုလျှင်တော့ သူ့အတွက် အရာရာဟာ မလွယ်တော့ပါ။ သူသည် ဒယီးဒယိုင် ခြေလှမ်းများဖြင့် အခန်း တစ်ခန်းထဲသို့ ဝင်ရောက်လာခဲ့သည်။ အခန်းက ရွှေလွှာ ဆိုသော မိန်းကလေးရဲ့အခန်း ဖြစ်ဟန်တူပါသည်။ သူဟာ ဒရွတ်ဆွဲနေသော ခြေလှမ်းများဖြင့် အခန်းထဲက ကိုယ်လုံးပေါ်မှန်ရှေ့ကို သွားရပ် ကြည့်လိုက်သည်။ မှန်ထဲမှာ တစ်ကိုယ်လုံးကို ရှင်းလင်းစွာ မြင် ရတာက ညိုးခြောက်သော မျက်နှာနှင့် ကြောင်စီစီကြည့်နေသော မိန်းမတစ်ယောက် ဖြစ်သည်။

ဘဲဥပုံမျက်နှာနှင့် သွယ်သွယ်လျလျ ကောင်မလေး တစ်ယောက်သည် မှန်ထဲမှနေ၍ သူ့ကို စိုက်ကြည့်လို့နေသည်။ သူသည် တစ်ကိုယ်လုံးကို မှန်ထဲမှာ လှည့်ပတ်ကြည့်လိုက်သည်။ ဒီပုံစံ ဒီကိုယ်လုံးနှင့် ဒီရုပ်ကို အပြင်မှာ သူသာအရင်တွေ့ခဲ့ပါက သူလည်း ကြိုက်မိမှာ သေချာသည်။ တမ်းတမက်မောသော မျက် လုံးတွေနှင့် အငမ်းမရ ဖြစ်ခဲ့မိမှာ သေချာသည်။

သို့သော် အခုချိန်မှာတော့ သူဟာ ဒီခန္ဓာကိုယ်ကြီး ကို ဘယ်လိုမှ တပ်မက်စိတ် မဖြစ်တော့ချေ။ သူ စိတ်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်၏ အလှအပတွေရှိသော ဒီခန္ဓာကိုယ်ကြီးထဲသို့ ဝင်ရောက်လာရစဉ်မှာ သူ ဘယ်လိုမှ မပျော်နိုင် စိတ်မဝင်စားနိုင် တော့။ ဒီဘဝကြီးထဲမှာ သူ ဘယ်လိုရှင်သန်ရမှာတဲ့လဲ၊ သူ ဘယ်လိုပုံစံမျိုးနဲ့ အသက်ရှင်ရမှာလဲ။

ဘယ်လိုမှ မဖြစ်နိုင်သော ကိစ္စကြီးပဲ ဖြစ်တော့လေသည်။





၁၁

မနက် မိုးသောက်လို့ အိပ်ရာကနိုးလေတိုင်း သူ့အဖြစ်ဟာ အိပ်မက်ဆန်စွာ ပြီးဆုံးသွားခဲ့ပြီး ယခင်ဘဝကိုပဲ ပြန်ရောက်လေမည်လားဟု မျှော်လင့်နိုးထခဲ့ရသော်လည်း သူ့မျှော်လင့်ချက်တွေ မပြည့်ဝခဲ့ပါ။ မနက် အိပ်ရာက နိုးလေတိုင်း အိပ်မက်မဟုတ်ဘူး ဆိုတာကို သိရလေတိုင်း စိတ်ဓာတ်ကျရလေသည်။

သူ ရောက်နေသော ခန္ဓာကိုယ်က အရက်သမား တေလေကြမ်းပိုးတစ်ကောင်ရဲ့ ခန္ဓာကိုယ်ဆိုရင်တောင် သူ ဒီလောက် စိတ်ပျက်မိမှာ မဟုတ်ချေ။ အခုတော့ မနက်မိုးလင်းလို့ အိပ်ရာ



www.burmeseclassic.com

www.burmeseclassic.com



တက်ရင်ကို သူက စိတ်ပျက်နေပြီ။ တောက် ... ငါကွာ။ ရှုံးပေါက်တော့လည်း ဘယ်လိုမှ အဆင်မပြေတဲ့ဘဝ။ မိန်းမတွေဘဝများ တော်တော် စိတ်ပျက်စရာကောင်းသည်ဟု ဆိုတာကို သူ လက်တွေ့ခံစားနေရပြီဖြစ်သည်။

ရေချိုးတော့လည်း သူ့မှာ စိတ်ပျက်လက်ပျက်ဖြစ်ရ။ ဘယ်ဘက်ကမှ မသက်သာချေ။ အဆိုးဆုံးက အပြင်ထွက်ဖို့ ပြင်ဆင်ရာမှာ အတွင်းခံအင်္ကျီဝတ်ရတာကိုပဲဖြစ်သည်။ မဝတ်လို့ကလည်းမရ။ မဝတ်ရင်လည်း ပြဿနာကတက်ဦးမည်။ ရှော့ကရှိသည်။

သူ့မှာ ဘရာစီယာတစ်ထည်နှင့် တော်တော်ချာလပတ်ရိုက်ကာ ဝိုတောင်ဝိုချင်လာလေသည်။ ဘယ်လိုမှဝတ်မရဘဲ လည်ထွက်နေသဖြင့် ဒေါ်လေးကြူဟူသော မိန်းမကြီးကိုသာ ကုန်းအော်ရတော့သည်။

"ဒေါ်ကြူ ... ဒေါ်ကြူ ... လာစမ်းပါဦး"

"အေး ... အေး ... လာပါပြီ ... လာပါပြီ။ ဘာတွေ အလိုမကျဖြစ်ပြန်ပြီလဲအေ"





"ကျုပ်ကို ဘရာစီယာချိတ် တွယ်ပေးဦးဗျာ၊ ကျွတ် ... တောက် ... စိတ်ကုန်ဖို့ကောင်းလိုက်တဲ့ မိန်းမဘဝ ... ဟာင်း"

ဘရာစီယာချိတ်တွယ်တာကို နွားရိုင်းသတ်ပွဲဝင်လာသူအလား ချွေးတပြန်ပြန်နှင့် ဒေါသတွေထွက်ကာ တရှူးရှူး တရှဲရှဲ ထွက်နေသော သူ့ကို ဒေါ်လေးကြိုင်က အံ့ဩထူးဆန်းသော မျက်လုံးများဖြင့်ကြည့်ကာ ...

"မိချွေလွှာ ... ညည်း ငါ့ကို သက်သက်ရစ်နေတာတော့ မဟုတ်ပါဘူးနော်"

"ရှည်တယ်ဗျာ ... တွယ်ဆို တွယ်ပေးစမ်းပါ။ ကျုပ်ကဖြစ်နိုင်ရင် ဝတ်ကိုမဝတ်ချင်ဘူး။ မဝတ်တော့လည်း တောက် ...

ရုပ်လိုက်တာ ... ဆိုက်ဇ်ကလည်း (34)တဲ့။ လူနဲ့ ဟိုဟာနဲ့တောင် မလိုက်ဘူး"

"ဟင် ... ညည်းပဲ အစကတော့ ဒီလို ဒီလို စိတ်ချမ်းသာစရာ ပစ္စည်းကောင်းလေး ရထားတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပစ္စည်းကောင်းမှမဟုတ်ဘူး။ အရုပ်တွေ အစုတ်ပလုတ်တွေ"

ဒေါ်လေးကြူက မပြောတော့ဘူး ဟူသော ပုံစံဖြင့် ပါးစပ်ကို မဲ့ကာရွဲ့ပြသည်။ ဘာရာစီယာချိတ်တွယ်ပြီးလျှင် သူက အဝတ်ဗီရိုကိုဖွင့်ကာ ဝတ်ရမည့်အင်္ကျီကို ရှာဖွေသည်။ အင်္ကျီတွေကလည်း အတွန့်အတက် တိုးလိုးတွဲလောင်းတွေ ဖြစ်လေရာ တစ်ထည်မှ သူ့စိတ်ကြိုက်မဖြစ်။ အဝတ်အစားတွေအားလုံးကို ရှုပ်ဖွပစ်သော သူ့ကို ဒေါ်လေးကြူက ကမန်းကတန်း ကာဆီးကာ...

"ဟဲ့ ... ဟဲ့ ... ဘာတွေ ဖွဦးမှာလဲ။ ငါတော့ စိတ်ဆင်းရဲလိုက်တာအေ၊ ဒုက္ခပါပဲ"

"တီရှပ်တစ်ထည်ပဲဖြစ်ဖြစ် စပို့ရှပ်တစ်ထည်ပဲဖြစ်ဖြစ် ပေးစမ်းပါဗျာ။ စိတ်ကုန်လိုက်တာ၊ အင်္ကျီတွေက ဘာအင်္ကျီတွေလဲ ... တောက်"

"ဟဲ့ ... အဲဒါတွေက ညည်းပဲ ဈေးတွေ မတန်တဆပေးပြီး ဝယ်ထားတဲ့ အင်္ကျီတွေလေ။ ဒါတွေမှ မဝတ်ရရင် သေမလိုဖြစ်ခဲ့တာက ညည်းလေ ...





ရော့ ... ခက်လိုက်တာ၊ ငါတော့ ဦးနှောက်ခြောက်လိုက်တာပါပဲ"

"ခြောက်ရင် ရေဖျန်းဗျာ၊ ကြာတယ် ပေး၊ ပေး ဂျင်း(န်)တစ်ထည်ပါပေး၊ ဟင် ... ဘောင်းဘီကလည်း ဖင်ရှောလိုက်တာလွန်ပါရော ...

ဒီမိန်းမနှယ် လုံလုံခြုံခြုံကို မဝတ်တတ်ဘူးနဲ့တူတယ်"

သူက ပြောပြောဆိုဆိုနှင့် ဆောင့်ဆောင့်အောင့်အောင့် ဝတ်နေပုံကို ဒေါ်လေးကြိုင်က မျက်လုံးအပြူးသားဖြင့် ငေးကြည့်လို့နေလေသည်။ ယခင်က မိန်းကလေးတွေ ဟော့တ်ရှော့ဝတ်စားတာကို သဘောကျခဲ့သောသူသည် အခုတော့ ဒီအဝတ်အစားတွေကို ကိုယ်တိုင်ဝတ်ဆင်ရတော့မည်ဆိုပါက ဘယ်လိုမှ အထာမကျနိုင်ပေ။ ဒီလို ကျပ်ကျပ်သပ်သပ် ဟိုမလုံ ဒီမလုံ အဝတ်အစားတွေကို မိန်းကလေးတွေ ဘယ်လိုများ ဝတ်နိုင်ခဲ့ပါလိမ့်။ သူ့အတွက် အဆိုးဆုံးကတော့ အောက်ခံအင်္ကျီ အတွင်းခံအင်္ကျီ ဝတ်ရခြင်းပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်ကြီးတစ်ခုလုံး ပိတ်ကျပ်နေကာ နေရထိုင်ရတာ ဘယ်လိုမှ သက်သောင့်သက်သာမရှိဘဲ မွန်းကျပ်၍နေသည်။ ပခုံးသိုင်းကြိုးတွေကလည်း တင်းနေအောင် ဆွဲထားရသဖြင့် ကြာလာသောအခါ ဇက်ကြောတွေတက်လျက် ခေါင်းတွေပါကိုက်လို့လာလေသည်။ ကြိုးလျှော့လိုက်တော့လည်း အခြေအနေကမကောင်းတော့ပြန်။ မိန်းကလေးတွေအားလုံးဟာ ဒီဝေဒနာကို ခံစားကာအောင့်အည်းပြီး ဝတ်နေကြလားတော့ သူလည်းမသိ။ သူကတော့ဘယ်လိုမှ မခံစားနိုင်ပါ။

"ဒါက ဘယ်ကိုသွားဦးမှာလဲ။ ဦးလင်းပိုင်က အပြင်သွားမှာဆိုရင် ကားလှမ်းမှာလို့ မှာထားတယ်လေ"

"မမှာဘူးဗျာ"

သူက ဘုပြန်ပြောရင်း အပါးဆုံး ဖိနပ်တစ်ရန်ကိုကောက်စွပ်ကာ အခန်းထဲက ထွက်လာခဲ့သည်။ လှေကားထစ်ပေါင်းများစွာကို နင်းဖြတ်ပြီးနောက် အောက်သို့ရောက်လာလျှင်သူ့အတွက် ပတ်ဝန်းကျင်က အသစ်အဆန်းဖြစ်သွားသည်။ လူတွေ





က သူ့ကို ကွက်ကြည့် ကွက်ကြည့် လုပ်ကြသည့်ဒဏ်တွေကိုလည်းအထူးပဲခံရလေသည်။ မိန်းမတွေက အတင်းတုပ်ကြသည့် မျက်လုံးတွေနှင့်ကြည့်တာကိုခံရသလို ယောကျ်ားတွေကလည်း ပြိတ်တီရှိသဲ့သဲ့ စောင်းလားမြောင်းလား လာကြည့်ကြသောအခါ သူတော်တော်တင်းသွားသည်။ ဒီကြားထဲ လက်ဖက်ရည်ဆိုင်ကကောင်တစ်ကောင်က စပ်ဖြဲဖြဲဖြင့် ထလာကာ သူ့ကို နှုတ်ဆက်သည်။

"ရွှေလှာ ... နေကောင်းသွားပြီလား။ အခု ဘယ်သွားမလို့လဲ။ ကိုယ် လိုက်ပို့မယ်လေ"

"မလိုဘူး"

သူက ခပ်ပြတ်ပြတ်ပြောရင်း ရှေ့ဆက်လှမ်းလိုက်လျှင် အဲဒီကောင်က ရှေ့မှပိတ်ရပ်ကာ ...

"ဟ ...စိမ်းလှချည်လား ရွှေလှာရ။ ကိုယ်က မင်းကို အမြဲနားလည်ပေးထားခဲ့တဲ့ကောင်ပါ။ ဘာကြောင့် စိမ်းသွားရတာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



မင်း စပွန်ဆာကြီးကြီး ရသွားပြီဆိုတာ သိပါတယ်။ ဒါပေမဲ့ ဒီလောက်ကြီးတော့လည်း ခေါက်ဖို့မလိုပါဘူးကွာ၊ အေးဆေးပေါ့။ လာ ... မင်းကို ကိုယ် Breakfast လိုက်ကျွေးချင်တယ် ...

မင်းကို ကိုယ် တွေ့ဖို့စောင့်နေတာ ကြာပြီ"

သူက အီစကလီမျက်ဝန်းတွေဖြင့် လမ်းလယ်ကောင်မှာ လာညုနေသော သကောင့်သားကို စိတ်ပျက်လက်ပျက်ဖြင့် တစ်ချက်ကြည့်ကာ ကျွတ်ခနဲ စုတ်သပ်လိုက်သည်။

စိတ်ကတော့ တော်တော်ကို မရှည်တော့တာဖြစ်သည်။ မိုးလင်းတည်းက ထွက်နေသောဒေါသများ၊ စိတ်အလိုမကျမှုများကို အမြဲတမ်း မျိုချနေခဲ့ရာမှ ကြာရင် ပွင့်ထွက်တော့မှာကို သူက သိသဖြင့် အသာပဲ လှည့်ထွက်ဖို့ပြင်လိုက်သည်။ သို့သော် မရပါ။ ထိုကောင်က သူ့လက်တစ်ဖက်ကို ဖျတ်ခနဲ လှမ်းဆွဲထားကာ ...

"အဲဒီလို ဂရုမစိုက်တတ်တဲ့ အထာလုပ်ပြရင် ကိုယ်က ပိုငြိတာကိုသိလို့ မျှားတာလား ရွှေလှာ ...





မကျွေးစမ်းပါနဲ့ကွာ လာပါ"

"ဟေ့ကောင် ... ကြာရင် မင်းကို ငါ ထိုးမိတော့မယ်နော်။ ငါ့လက်ကို လွှတ်စမ်း"

သူ့စကားကို အဲဒီကောင်က အံ့သြသွားဟန်ဖြင့် မျက်လုံးတစ်ချက်ပင့်ပြကာ ပြီးတော့ ဟက်ခနဲရယ်သည်။ သူ့ကို ဟာသ ဆိုသည့်သဘော။ သူ တော်တော်တင်းသွားသည်။

"ရွှေလှာ ... ဒီနိုင်းတွေက ပြောင်းလုချည်လား။ ဘာပဲပြောပြော မင်းကိုတော့ ရေလည်ကြွေတယ်ကွာ ...

မင်းက အခုထိ စွဲမက်ဖို့ ကောင်းတုန်းပါပဲ။ ကဲ ... လာ၊ သွားစို့"

အဲဒီကောင်က သူ့လက်ကို တစ်ချက်ဆောင့်ဆွဲ၍ ခေါ်လျှင် ဒီတစ်ခါတော့ သူ့ရဲ့ ခံနိုင်ရည်စွမ်းအားက ကုန်ဆုံးလို့သွားရသည်။ မိန်းကလေးတစ်ယောက်လို ဆက်ဆံခံနေရတာလောက် မုန်းတာမရှိ။ သူသည် အဲဒီကောင်ဆွဲထားသော ဘယ်လက်ကို ဆောင့်ရုန်းရင်းမှ တစ်လက်စတည်း ညာဝိုက်လက်သီးဖြင့် ဒီကောင့်မေးဖျားကို ပင့်ကျွေးလိုက်သည်။ ဟိုကောင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ထင်မထားသဖြင့် မျက်နှာလည်သွားသလို သူ့လက်တစ်ဖက်လည်း အွတ်ခနဲ ဖြစ်ကာ ကျိုးသွားသလားတောင် ထင်ရလေသည်။

အား ... သေပြီကွာ။ သူ့လက်သီးက အရင်လို ကြမ်းကြမ်းတမ်းတမ်း လက်သီးကြီးမှ မဟုတ်တော့တာ။

"ဟာ ... တောက် ... မင်း ဘာလုပ်တာလဲ။ ဟာကွာ ... ငါ သတ်မိတော့မယ် ဒီမိန်းမတော့ ...

လူကို လက်သီးနဲ့ လာထိုးတယ်၊ မိုက်ရိုင်းတယ်"

သူတို့ပွဲက ချက်ချင်းပဲ ဆူလို့သွားသည်။ လူတွေက စိတ်ဝင်တစားဖြင့် ပို၍ လှုပ်လှုပ် လှုပ်လှုပ် ဖြစ်လာလျှင် သူ့ဒေါသကလည်း တားမရဆီးမရ ငယ်ထိပ်ထိ တက်နေပြီဖြစ်သည်။

"မင်းကရော ငါ အေးဆေးပြောနေတာ ဘာလို့ လက်မခံလဲ။ မင်းက ဘာကောင်လဲ သေသွားမယ်။ ငါ လူသတ်ချင်နေတာကွ နားလည်လား။ အေးဆေးနေ ခွေးသား။ သွားတော့ မင်း သွားတော့"

ယောကျ်ား တစ်ယောက်၏ အခြိမ်းအခြောက်ကို တစ်စက်လေးမှ မကြောက်သည့်အပြင် သူကတောင် လက်သီး





လက်မောင်းတန်းကာ မီးဝင်းဝင်းတောက်သည့် မျက်လုံးများဖြင့် ပြောနေသည့်အတွက် အဲဒီကောင်က သူ့ကို ရုတ်တရက်ကြောင် ေးကာ အံ့သြတကြီး စိုက်ကြည့်နေသည်။ ဘေးကလူတွေက အနားရောက်လာကာ ဝင်ဆွဲတော့မှသာ ဟန်ကိုယ့်ဖို့ဖြင့် မဆွဲနဲ့ မဆွဲနဲ့ဟု ဝူးဝူးဝါးဝါးတွေ လျှောက်အော်နေသောကောင်ကို သူက လှည့်ကိုမကြည့်တော့ဘဲ ထွက်လာခဲ့သည်။

သူ တကယ်ကိုပဲ စိတ်ပျက်သည်။ ဒီအဖြစ်အပျက်ကြီးထဲက သူ ဘယ်လိုမှ ရုန်းမထွက်နိုင်တော့ဘူးတဲ့လား။ သူ့ကို စာနာနားလည်ပေးနိုင်တဲ့သူ ဘယ်သူမှ မရှိတော့ဘူးတဲ့လား။ သူသည် အတွေးများစွာနှင့် ခေါင်းငိုက်စိုက်ကျကာ ငိုချင်သည်။ သူ မေမေ့ဆီကိုသွားမည်။ မေမေသာဆိုလျှင်တော့ သူ့ကို စာနာနားလည်ပေးနိုင်ကောင်းပါရဲ့။ သူသည် အတွေးတစ်ချက်နဲ့အတူ Taxi တစ်စီးကို ငှားကာ မေမေ့ဆီသို့ ထွက်လာခဲ့သည်။

မေမေ နေသောနေရာလေးသို့ ရောက်လျှင် ဒါဟာ အမေ့အိမ်ဟူသော အသိနဲ့တင် သူ့နှလုံးသားတစ်ခုလုံး ချမ်းမြေ့သွားရပါသည်။ မေမေ့အိမ်သည် ဖေဖေ့အိမ်လို မကြီးကျယ်

www.burmeseclassic.com

www.burmeseclassic.com



မခမ်းနားသော်လည်း သစ်ပင်ပန်းမန်လေးများဖြင့် စိမ်းစိုကာ သာယာလှပပေသည်။ ရေနံချေးဝနေသော ပျဉ်ထောင်တစ်ထပ် အိမ်လေးကိုကြည့်ကာ သူ့ရင်ထဲ၌ တစ်ချက် နင့်သွားသည်။ သူတို့သားအဖတွေ သောက်စားပျော်ပါး လောကီအာရုံ ကာမဂုဏ်တွေကို အပြည့်အဝ အလျှံအပယ်ခံစားနေချိန်မှာ ဒီအိမ်လေးထဲ၌ မေမေတစ်ယောက် အထီးကျန်နေခဲ့မှာပါလား။

သူ့ဘဝတစ်လျှောက်လုံးမှာ အဲဒီလို တစ်ခါမှ မတွေးပေးခဲ့ဖူးချေ။ ဘဝတစ်လျှောက်လုံးမှာ မိခင်ကို သူ မေ့ထားခဲ့သည်။ အခု သူ့ဘက်မှာ ဘယ်သူမှ မရှိတော့ဘူး ဆိုမှသာ သူက အမေကို သတိရသည်။ သူသည် တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ ဝမ်းမနည်းဖူးသောစိတ်ဖြင့် အိမ်မည်းလေးစီသို့ တရွေ့ရွေ့ ချဉ်းကပ်လာခဲ့သည်။ အိမ်မည်းလေးက ဘာသံမှ မကြားရဘဲ တိတ်ဆိတ်နေသည်။

သူသည် လှေကားထစ်လေးများမှတစ်ဆင့် တက်လာကာ အိမ်အပေါက်ဝမှာ ခြေစုံရပ်မိသည်။ အိမ်ဦးခန်းက ဘုရားခန်းမှာ မေမေက သူ့ကို ကျောပေးလျက် ဘုရားဝတ်ပြု





နေသည်။ အဆုံးသတ်မှာ သူ့အတွက် ဆုတောင်းမေတ္တာပို့ကာ အမျှဝေနေလျှင် သူသည် သာဓု မခေါ်နိုင်ဘဲ မျက်ရည်တွေသာ တပေါက်ပေါက်ကျလို့ လာလေသည်။ မေမေက သူ့ကို သတိရနေပါလား။ သူ့ကို ကောင်းရာမွန်ရာဘဝရောက်စေဖို့ ဆုတောင်းပေးနေတာပါလား။ သူ့ရင်ထဲတွင် တနင့်တပိုးဖြင့် ပြည့်ကျပ်သပ်လာသည်။

အဲဒီအချိန်မှာပဲ မေမေက ဘုရားဝတ်ပြုခြင်း ပြီးဆုံးသွားသဖြင့် ဘုရားစင်ရှေ့မှ ထလာကာ ဒီဘက်သို့ လျှောက်လာသည်။ အိမ်ပေါက်ဝမှာ ရပ်နေသော သူ့ကိုမြင်လျှင် တစ်ချက် အံ့သြသွားသည်။ စူးစူးစမ်းစမ်းအရိပ်များဖြင့် သူ့အနားသို့ ရောက်လာကာ ...

"ဧည့်သည်များလားကွယ် ... ဘာကိစ္စရှိလို့လဲ သမီး"

မေမေက မျက်ရည်စက်လက်နှင့်ဖြစ်နေသော သူ့ကို ကြည့်ကာ တော်တော်အံ့သြနေဟန်ရှိသည်။ မေမေ့ရဲ့ သမီးဟူသော ခေါ်သံကြောင့် သူ ပိုပြီး စိတ်ဆင်းရဲသွားလေသည်။ သူက မျက်ရည်တွေကို ခပ်ကြမ်းကြမ်းပွတ်သုတ်ကာ တစ်ချက်ရှိုက်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မှ ဘာပြောရမှန်းမသိ ဆို့နင့်နေသည်။ သူ ပြောပြတာကိုရော မမေက ယုံမှာတဲ့လား။

"သမီး ဘာကိစ္စရှိလို့လဲကွယ် ... ထိုင်ပါဦး သမီး"

မမေက သူ့ပခုံးတစ်ဖက်ကို ဖွဖွလှမ်းကိုင်ကာ ဆက်တီကို ညွှန်ပြသည်။ မေမေ့ရဲ့ ကြင်နာသောအပြုအမူတွေကို မြင်ရလေလေ သူ ရင်ထဲမှာ ပိုပြီး ဝမ်းနည်းလာလေလေပဲဖြစ်သည်။ သူ့ဘဝမှာ ဒီလို နွေးထွေးကြင်နာမှုတွေနဲ့ ဝေးနေတာ ဘယ်လောက်ကြာခဲ့ပြီလဲ။ ဒါကို သူက တမ်းတရကောင်းမှန်းလည်း မသိခဲ့ချေ။ ခလုတ်ထိမှ အမိတ ဆိုတာ သူ့လိုလူမျိုးကို ပြောတာ ဖြစ်နိုင်ပါသည်။

"အန် ... အန်တီက နေခြည့်ရဲ့အမေလားဟင်"

သူ့ပါးစပ်က ဖျစ်ညှစ် ထုတ်လိုက်ရသော စကားတစ်ခွန်းကို မမေက ဘယ်လိုအဓိပ္ပာယ်ကောက်သွားလဲတော့ မသိချေ။ သူ့ကို ကြင်နာနူးညံ့သိမ့်သော မျက်ဝန်းများဖြင့် ကြည့်ကာ ...

"ဟုတ်တယ် သမီး၊ သမီးကရောဟင်"





"သမီး ... သမီးက ..."

သမီးက မေမေ့ရဲ့သားပါဟု သူက ဘယ်လိုလုပ် ပြောထွက်ပါမည်နည်း။

ဒီအဖြစ်အပျက်ကိုရော ဘယ်သူက လက်သင့်ခံနိုင်မှာမို့လို့လဲ။ သူက ဆို့နင့်စွာဖြင့် အသံဆက်မထွက်နိုင်တာကို မမေက တစ်မျိုးနားလည်သွားဟန်တူသည်။ သူ့ကို စိုးရိမ်တကြီး ကြည့်ကာ ...

"သမီး ... သမီးမှာ အခက်အခဲတစ်ခုများ ..."

မမေ ဘာကိုဆိုလိုတယ်ဆိုတာကို သူက ချက်ချင်း သဘောပေါက်သည်။ စိတ်လည်းတော်တော်ဆင်းရဲသွားပါသည်။ လောကမှာ သူနဲ့ပတ်သက်သောမိန်းကလေးတိုင်း မျက်ရည်လည်ရွဲ ဖြစ်ကြပြီဆိုလျှင် ဒီကိစ္စကိုပဲ ပြေးမြင်နေကြပြီထင်။ သူက သူ့ သိက္ခာကိုသူ အမြန်ဆယ်ရပါသည်။

"မဟုတ်ပါဘူး အန်တီ၊ အဲဒါမျိုး မဟုတ်ပါဘူး။ ဒီအတိုင်း ပဲ သက်သက် ဟို ..."



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ စကားမဆက်နိုင်ပုံကို မေမေက စာနာစွာ ခေါင်းတစ်ချက်ညိတ်ပြသည်။

"အန်တီ နားလည်ပါပြီ။ ဘာလို့လဲတော့မသိဘူး သမီးကို အန်တီ့စိတ်ထဲမှာ ရင်းနှီးနေသလိုပဲ။ အနှစ်နှစ်အလလက သိကျွမ်းခဲ့ဖူးသူလို ရင်းနှီးနွေးထွေးနေတယ် ...

သားအတွက် ကြေကွဲခံစားတာလည်း ခံစားပေါ့ သမီးရယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် ဒုက္ခရောက်တဲ့အထိတော့ မဖြစ်စေနဲ့ပေါ့။ အန်တီလည်း သားအတွက် အများကြီးခံစားရပါတယ်။ တကယ်တော့ သား ဒီလိုဖြစ်သွားတာဟာလည်း အန်တီ့ပယောဂ မကင်းဘူးလို့ ယူဆရပါတယ်၊ အန်တီ ... အန်တီလေ သူနဲ့ နောက်ဆုံးတွေ့တဲ့နေ့မှာပဲ သူ ဆုံးသွားတာ ဆိုတော့ တော်တော်ကြီး ထိခိုက်ခံစားရပါတယ် သမီးရယ် ...

သား ဆုံးသွားတာ အန်တီ့အတွက်တော့ အိပ်မက်ကြီးလိုပါပဲ။ ဘယ်လိုမှမယုံနိုင်ဘူး။ ဘယ်လိုမှ လက်ခံလို့လည်း မရပါဘူး"





မေမေက ပြောရင်းမှ မျက်ရည်တွေ ကျလာလျှင် သူသည် မေမေ့ခြေထောက်ကို ပြေးဖက်ချင်စိတ် ပေါက်သွားသည်။ သူ့ဘဝတွင် မိခင်မေတ္တာကို အခုချိန်မှာ ရင်နဲ့ရင်း၍ ခံစားနားလည်လို့ သွားလေသည်။ ဖေဖေနဲ့ မေမေဟာ သူ့ရဲ့မိဘတွေချင်းအတူတူဖြစ်ပေမယ့် ဖေဖေ့မှာတော့ သူ့အတွက် ကြေကွဲပူဆွေးမှုများကို သိပ်ရှာ၍မတွေ့ရ။ မေမေကတော့ မြင်လိုက်တာနဲ့ကို သူ့အတွက် အလွန်တရာ ကြေကွဲထိခိုက်ခံစားနေရသည်ဆိုတာ သိသာစေပါသည်။

ဒီအမေကို သူ ဘာကြောင့် အကြာကြီးပစ်ထားမိပါလိမ့်။

"နေခြည် တကယ်သေသွားပြီလို့ အန်တီ ထင်လားဟင်"

သူ့အမေးကို မေမေက အံ့ဩသော မျက်လုံးများနှင့် ငုံ့ကြည့်သည်။ ပြီးတော့မှ သက်ပြင်းတစ်ချက်ချရင်း ...

"(၁၅၀၀)မီးနဲ့ (၅၂၈)မီးမှာ ဘယ်မီးက ပိုပူသလဲ ဆိုတာ အန်တီ သေချာမသိပေမယ့် ပူတာတော့ ပူကြတာချည်းပါပဲကွယ် ...



www.burmeseclassic.com

www.burmeseclassic.com



အန်တီက သား အက်ဆီးဒင့်ဖြစ်ပြီ ဆိုတည်းက ဆေးရုံကို ရောက်သွားတာပါ။ သူ့ရုပ်ကလာပ်ကို အခေါင်းထဲထည့်တာ၊ မီးသင်္ဂြိုဟ်စက်ထဲသွင်းလိုက်တာအစ အန်တီ့ရှေ့မှာပါပဲ သမီးရယ်။ သား သေဆုံးသွားပြီ ဆိုတာကို သိစိတ်က လက်ခံပေမယ့် မသိစိတ်က လက်မခံနိုင်တာမျိုးပါ ...

ဒါနဲ့ သမီးက သားကို တော်တော်သံယောဇဉ်ရှိပုံရတယ်နော်။ သမီးနာမည် ဘယ်လိုခေါ်လဲ၊ အန်တီ့ကိုရော သမီးက ဘယ်လိုလုပ် သိတာလဲ"

သူ့မှာ တအီးအီး တအဲအဲဖြင့် အဲဒီမေးခွန်းကို မဖြေနိုင်ချေ။ သို့သော် မေမေ့မျက်ဝန်းတွေကို အားနာသောကြောင့် အဆင်ပြေတာကို ရွေးဖြေလိုက်ရသည်။

"သူ ... သူ ပြောပြထားလို့ပါ"

မေမေ့မျက်ဝန်းတွင် ကြည်နူးရိပ်တို့ လက်ခနဲ ဖြာသွားသည်။ တကယ်တော့ မေမေ့အကြောင်းကို သူ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ မပြောပြဖူးချေ။ မိန်းကလေးတွေနှင့် တွေ့နေ





သည့်အချိန်မှာ ဘယ်တုန်းကမှလဲ အမေကို သတိမရပါ။ ဒါပေမဲ့ မေမေကတော့ အဲဒီလိုကြားရသည့်အတွက် ပျော်ရွှင်ကြည်နူးသွားဟန်ရှိသည်။ သေဆုံးသွားသော သားတစ်ယောက်ရဲ့အကြောင်းကို အမှတ်တရ ကြားရသည့်အတွက် မေမေ ဝမ်းသာရှာပါလိမ့်မည်။

"နေခြည်က တကယ်နှမြောဖို့ကောင်းတဲ့ကလေးပါ သမီးရယ်။ သူ့ကို ကောင်းကောင်း ပြုစုပျိုးထောင်ပေးခဲ့ရင် သူဟာ သိပ်ကို ထူးချွန်ထက်မြက်တဲ့ ကလေးတစ်ယောက် ဖြစ်လာမှာပါ ...

သူက မိဘနှစ်ယောက်ရဲ့ ပဋိပက္ခကြားထဲမှာ မြေဇာပင်ဖြစ်ရတဲ့ကလေးပါ။ အန်တီ့ရဲ့ အရွဲ့တိုက်မှုတွေကြောင့် သူ့ဘဝ နစ်မွန်းသွားခဲ့ရတာပါ"

သူက ခေါင်းကို ဖြည်းဖြည်းချင်း ခါယမ်းမိသည်။ အခုချိန်မှတော့ သူ ဒါတွေကို ဘာမှ မကြားလိုတော့ပေ။ သူ ပြောပြချင်သော စကားတွေဟာလည်း ပါးစပ်ဖျားမှ ထွက်မလာခဲ့။ ထွက်လာခဲ့ရင်ရော မေမေက ယုံနိုင်မှာမဟုတ်ဘူး ဆိုတာကို သူ သိနေသည်။ သူ့မှာ သူနဲ့တူတာ ဘာတစ်ခုမှမရှိတော့။ ပြောသည့်



www.burmeseclassic.com

www.burmeseclassic.com



စကား၊ ထွက်သမျှအသံတို့ဟာ သူ့အသံတောင်မဟုတ်။ ဒီအဖြစ်အပျက်ကြီးကို ဘယ်သူက ယုံကြည်နိုင်ပါမည်နည်း။

သူသည် ခေါင်းငိုက်စိုက်ကျကာ ရင်ဘတ်ထဲ၌ တစ်ဆို့၍နေသည်။

"သမီးလေးနာမည်က ဘယ်လိုခေါ်လဲ"

"ဟို ... ဟိုဒင်း ... ရွှေလွှာပါ"

"ဩော် ... ရွှေလွှာ။ ချစ်စရာလေးပဲ။ အင်း ... သမီးဆန္ဒရှိရင် အန်တီ့ဆီ လာလည်လို့ရပါတယ်။ တစ်လပြည့်ရင် သားအတွက် အန်တီ့အိမ်မှာ ဆွမ်းကျွေးဦးမှာ၊ အဲဒီကျရင် လာခဲ့လေ"

ဘုရား ... ဘုရား ... ကိုယ့်ကိုယ်ကိုယ်တောင် ပြန်ပြီး အမျှဝေပေးရဦးမှာပါလား။ သူသည် အတွေးထဲမှာတင် ကျောချမ်းလာသည်။ သူ တကယ်သေဆုံးသွားခဲ့ရင်တောင် ဒီလောက်ဝမ်းနည်းစိတ်ဆင်းရဲမိမှာ မဟုတ်ချေ။ အခုတော့ သူ့ဘဝဟာ ဘယ်သောင်ဘယ်ကမ်းကို ဆိုက်ရမည့်ဘဝမှန်းလဲ မသိတော့။ သူ့ တော်တော်လေးပါသည်။





သူ့ရဲ့ ညှိုးနွမ်းနေသော ရုပ်သွင်ကို မေမေက အကဲခတ်ခတ်နှင့်ရှိကာ ကရုဏာသက်ဟန်ဖြင့် ...

"ဘာဖြစ်လို့မှန်း မသိဘူးကွယ်။ သမီးကို မြင်ရတာ စိတ်ထဲမှာ တကယ်ပဲ ရင်းနှီးနေသလိုပါပဲ။ အန်တီ့သမီးလေးသာဆို ဘယ်လောက်ကောင်းမလဲ ...

အင်း ... နေခြည်ကတော့ ပြောရတာလည်းမကောင်းပါဘူး။ သွားလေသူဆိုတော့လည်း ခက်တယ်။ သူ့အဖေ မကောင်းတာပါကွယ်။ အန်တီ သတိထားပြီး ဆုံးမတဲ့အချိန်မှာ သူ အရမ်းပျက်စီးနေပြီ ...

လူရော စိတ်ဓာတ်ရော ဆိုးဆိုးရွားရွားကို ပျက်စီးနေပြီ။ အထူးသဖြင့် မိန်းကလေးတွေအပေါ်မှာ ထင်တိုင်းကြဲတော့တာပါပဲ။ သမီးလည်း သူ့ကို တော်တော်သည်းခံခဲ့ရမှာပဲနော်"

သူက မေမေ့ကို ဘာမှ ပြန်မပြောနိုင်ဘဲ လေးပင်ပင်နှင့်သာ ခေါင်းညိတ်ပြနိုင်သည်။ ကြာကြာဆက်နေလျှင် သူ့ရင်ထဲမှာ မျိုသိပ်ထားတာတွေ ပွင့်ထွက်ကာ အော်ငိုမိတော့မည်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ပြန်ဖို့ရာအတွက် သူက မတ်ဘတ်ရပ်လိုက်သည်။ မေမေက သူ့ကို မော့ကြည့်ကာ ...

"ပြန်တော့မလို့လား သမီး၊ အေးအေးဆေးဆေး ထမင်းစားပြီးမှ သွားပါလား"

"နေပါစေ အန်တီ၊ ဒါနဲ့ ဒီအိမ်လေးမှာ အန်တီ တစ်ယောက်တည်းနေတာလားဟင်"

"ဟုတ်တယ် သမီး၊ ဘာဖြစ်လို့လဲဟင်"

"အော် ... တစ်ယောက်တည်း အထီးကျန်ဆန်မှာပေါ့နော်။ နေခြည် သူ ... သူက ရောက်မလာဘူးလားဟင်"

မေမေက ပြုံးသည်။ အဲဒီအပြုံးဟာ သရော်သောအပြုံးလည်းမဟုတ်၊ လှောင်သောအပြုံးလည်းမဟုတ်ဘဲ ဆိုးတတ်သော သားသမီးတစ်ယောက်အပေါ်မှာ ခွင့်လွှတ်ရုံသက်သက်သာ ပြုံးသော အပြုံးဖြစ်လျှင် သူ့ရင်ထဲ နာကျင်သွားပါသည်။

"နေခြည်က သူ့အလုပ်နဲ့သူတောင် မအားပါဘူးကွယ်။ သူ ဆုံးတဲ့နေ့က သူနဲ့အန်တီ တွေ့ဖြစ်တာပါပဲ။ အဲဒါနောက်ဆုံးပဲ။ အန်တီနဲ့တွေ့ပြီး သူ ပြန်သွားတော့ အဲဒီနေ့





ညနေခင်းလောက်မှာ ကားအက်ဆီးဒင့် ဖြစ်တယ်ဆိုတဲ့ သတင်းကို ရတာပါပဲ။ အန်တီ ဆေးရုံရောက်သွားတော့ သူက ဆုံးသွားပါပြီ။ အန်တီလေ သေခြင်းတရားကို သိပ်အံ့သြတုန်လှုပ်သွားတယ်။ လွန်ခဲ့တဲ့ နာရီပိုင်းကတင် အန်တီနဲ့ စကားပြောနေခဲ့တဲ့ အန်တီ့သားဟာ အသက်မရှိတော့ဘူးတဲ့ ...

ယူကျုံးမရ ဖြစ်လိုက်တာ သမီးရယ်။ ဒါပေမဲ့ ဘာမှ မတတ်နိုင်တော့ဘူးလေ။ အန်တီ စိုးရိမ်တာက သူ ဘဝကူးမကောင်းမှာကိုပဲ စိုးရိမ်တာပါ ...

ဘဝကူးကောင်းဖို့ဆိုတာကလည်း အင်း ... ခက်တော့ ခက်ပါတယ် ...

သမီးလည်း သိသင့်သလောက်တော့သိမှာပါ။ ဒေါသစိတ်နဲ့ ကားမောင်းရင်း ဖြစ်ရတာဆိုတော့ သူ့အတွက် အန်တီ ရတက်မအေးရပါဘူး သမီးရယ် ...

ဒါကြောင့် နေ့တိုင်း မေတ္တာပို့ အမျှပေးနေရတာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



သူက မေမေ့ကို ဆို့နင့်ကြေကွဲစွာဖြင့် ကြည့်နေမိသည်။ အိမ်နေရင်းဖြစ်သော်လည်း ပါတိတ်ဝမ်းဆက် တစ်ပတ်နွမ်းလေးကို သပ်သပ်ရပ်ရပ် ဝတ်စားထားကာ အေးချမ်းသော သွင်ပြင်အပြည့်ရှိသည့် မေမေ့ရဲ့ မေတ္တာတွေကို သူ ဘာကြောင့် လျစ်လျူရှုထားမိတာပါလိမ့်။ သူက ဂရုမစိုက်ဘဲ ထားခဲ့သော်လည်း မေမေကတော့ သူ့အတွက် သတိတရ ရှိထားခဲ့သည်။ မေတ္တာ မပျက်ခဲ့။

သူသည် ငိုချင်လာသောစိတ်အခံဖြင့် မေမေ့ကို တုန်ယင်စွာ နှုတ်ဆက်လိုက်သည်။

"ခွင့်ပြုပါဦး အန်တီ၊ သွားလိုက်ပါဦးမယ်"

မေမေက မတ်တတ်ရပ်ကာ သူ့ကို အပေါက်ဝထိ လိုက်ပို့နှုတ်ဆက်သည်။

"ရွှေလွှာ ... ရွှေလွှာ ဟုတ်တယ်နော်။ နောက်လည်း လာလည်ပါ သမီး။ သမီးကိုမြင်တော့ သားကို ပိုသတိရတယ်၊ ပြီးတော့ သားကို ပြန်တွေ့နေတဲ့အတိုင်းပဲ ...





သား တစ်လပြည့်ကျရင်လည်း လာခဲ့ဦးနော် သမီး။ ဘယ်အချိန်ပဲဖြစ်ဖြစ် အန်တီ့အိမ်က တံခါးဖွင့်ထားပါတယ်"

သူက မေမေ့စကားကို ခေါင်းညိတ်ပြကာ အံကို တင်းတင်းကြိတ်လျက် လှည့်ထွက်လာခဲ့သည်။ မေမေကတော့ သူ့ကို နားမလည်သော မျက်လုံးများဖြင့် အသာအယာ ငေးမောကာ ကျန်ရစ်ခဲ့လေသည်။ သူသည် လမ်းမထက်မှာ ဦးတည်ရာမဲ့စွာဖြင့် လျှောက်လာခဲ့သည်။ ဘယ်သွားလို့ ဘယ်လာမှန်းလဲ မသိ။

ဒီဘဝကြီးထဲတွင် သူ မသေမချင်း နေထိုင်သွားရတော့မှာလား။ ဖြေရှင်းနိုင်စရာနည်းလမ်း မရှိတော့ဘူးလား ဟူသော မေးခွန်းကို သူ့ကိုယ်သူ အကြိမ်ကြိမ် ပြန်မေးလျက်ရှိကာ သူ့ကိုယ် သူလည်းပဲ မဖြေနိုင်ချေ။

ဒီလိုနှင့် သူ စိတ်ကူးပေါက်ရာတွေ လျှောက်သွားသည်။ သူ ရောက်သွားသောနေရာတိုင်းက ယောကျ်ားတွေက သူ့ကို ပြစ်မှားစော်ကားသော မျက်လုံးတွေနှင့် ကြည့်ကြတာကို



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ မခံနိုင်။ မခံနိုင်ပေမယ့် အသားပုံပါသွားတာမဟုတ်၊ ပါးစပ်က လှမ်း၍ သရမ်းခြင်းမဟုတ်သောကြောင့် သူ့မှာ ဘာမှ ပြန်ပြော၍မရချေ။

အခုမှပဲ သူ ဝင့်တွေ ကောင်းကောင်းကြီးလည်တာ ဖြစ်တော့သည်။ အခါများစွာက မိန်းကလေးတွေကို မစားရဝခမန်း စိတ်ရောကိုယ်ပါပြစ်မှားခဲ့သမျှ အခု သူ့အလှည့်မှာတော့ မျက်စိနှင့် ပစ်မှားတာတောင် မခံနိုင်တော့ချေ။ ဒီလိုနှင့် ရောက်ရာပေါက် ရာ လျှောက်လာရာမှ နေဝင်ချိန်အထိ သူ အိမ်ကိုပြန်ဖို့ သတိ မရသေး။ တကယ်တော့ သတိမရတာတော့ မဟုတ်ပါ။ သူ ဘယ်ကိုပြန်ရမှန်း မသိတာသာဖြစ်သည်။

ရွှေလှာ ဆိုသော ကောင်မလေးနေထိုင်ရာ ခုနစ်လွှာ က အခန်းကိုလည်း မပြန်ချင်ပါ။ ဒီလိုပဲ သူ မိုက်ရူးရဲပျော်ပါး ခဲ့ရာ သူ့တိုက်အိမ်ကြီးထဲသို့လည်း မပြန်ချင်ချေ။ သူ တကယ် ပြန်ချင်တာက မေမေ့အိမ်ကိုပဲ ဖြစ်ပါသည်။ သူသည် ငိုက်စိုက် ငိုက်စိုက် ခြေလှမ်းများဖြင့် လျှောက်လို့လာလျှင် တစ်နေရာအရောက် ၌ လူနှစ်ယောက်က သူ့ရှေ့မှာ ပိတ်ရပ်ကာ ...





"ဟိတ် ... အလုပ်မဖြစ်သေးလို့ ညစ်နေတာလား။ ကိုယ် တို့ရှိပါတယ်၊ စိတ်ဝင်စားတယ်၊ ဘယ်လိုလဲ ဖြစ်မလား"

သူက ရုတ်တရက် ထောင်းခနဲ စိတ်တိုသွားပြ သည်။ သို့သော် ဒေါသကို အတတ်နိုင်ဆုံး ချုပ်တည်းလိုက်ကာ ...

"မဖြစ်ဘူး ... ကျုပ် အဲဒါမျိုး မဟုတ်ဘူး"

သူက ပြောပြီးတာနှင့် ချက်ချင်း လှည့်ထွက်ဖို့ပြင် သည်။ သို့သော် လူတစ်ယောက်က သူ့ရှေ့မှာ ပိတ်ရပ်ကာ ...

"ဟော့ ... အဲဒီလိုတော့ မဖြတ်နဲ့လေကွာ၊ ညှိလို့ရပါတယ်။ မင်း ဒီဇိုင်းကသန့်တော့ ဈေးမြင့်လို့လား။ ဒီလိုလည်းဖြစ်ပါ တယ်။ ပြော ... ဘယ်လောက်လဲ"

သူက တော်တော်ကြီးကို ဒေါသထွက်လာကာ တက်တစ်ချက်ကို ပြင်းပြင်းခေါက်ရင်း အဲဒီလူရဲ့ ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်လျှင် ထင်မထားသော အဲဒီလူမှာ နောက်သို့ ပက်လက်လန် ပစ်လဲကျသွားသည်။ ကျန်တစ်ယောက်က ရုတ် တရက် ကြောင်နေပြီးမှ ဒေါသတကြီးဖြင့် သူ့ကို ပခုံးတစ်ချက် ဆောင့်တွန်းကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ဒီကောင်မ ဘာအချိုးချိုးတာလဲ၊ ဒီပုံစံနဲ့ ဒီအချိန် လမ်းဘေးမှာ လမ်းလျှောက်နေပြီးတော့ နင်က ဒါ မဟုတ်လို့ ဘာလဲ"

"ဟော့ကောင် … မင်း ပါးစပ်ပိတ်ထားစမ်း၊ ငါ့ဘာသာ ငါ့ခြေထောက်နဲ့လျှောက်ချင်လို့လျှောက်တာ မင်း အပူပါလား …

ခွေးသူတောင်းစား မင်း ပါးစပ်ထဲက သွေးထွက်သွားမယ်၊ သတ္တိရှိရင် ရှေ့တိုးခဲ့စမ်း"

သူက ဘဝကို သေမထူး နေမထူး သတ်မှတ်ထားသည့်လူ ဖြစ်လေရာ ဘာဖြစ်ဖြစ် ရင်ဆိုင်ဖို့ အဆင်သင့်စိတ်မွေးထားလျက် လမ်းဘေးက အုတ်နီခဲတစ်လုံးကိုတောင် ကောက်ကိုင်လိုက်သေးသည်။ ထင်မထားသော သူ့ရဲ့ပုံစံကြောင့် ဟိုနှစ်ကောင်က ကြောင်နေသော်လည်း အချင်းချင်း မျက်ရိပ်ပြကာ သူ့အနားသို့ တိုးကပ်ဖို့ ကြိုးစားလာကြသည်။ သူ့ကို အားနွဲ့သော မိန်းမသားလေး ဟူသော အသိဖြင့် ရှေ့တစ်ယောက် နောက်တစ်ယောက် ညှပ်ပိတ်ကာ ရန်ပြုဖို့ ကြိုးစားစဉ်မှာပဲ စူးရှသော





အလင်းတန်းတစ်ခုက တည့်တည့်ထိုးလို့လာသည်။ နောက် ကားတစ်စီး၏ ကျယ်လောင်သော ဘရိတ်အုပ်သံအဆုံးတွင် ကားပေါ်မှ တစ်စုံတစ်ယောက်က ဆင်းလာကာ …

"ရှင်တို့ မိန်းကလေးတစ်ယောက်ကို အနိုင်ကျင့်နေကြတယ် ဟုတ်လား၊ အေးဆေး ကိုယ့်လမ်းကိုယ်သွား … ဒီမှာ ရဲစခန်းကို ဖုန်းဆက်ထားပြီးပြီနော်"

"ဟာ … ဘယ်ကဟာမက ရောက်လာပြန်ပြီလဲ။ ဝင်းနိုင်ရေ ငါးမရ ရေချိုးပြန်မယ်ကွာ။ လုစမ်း … အဲဒီမိန်းမကို"

ထိုလူတွေက သူ့ထံမှ အာရုံပြောင်းကာ ကားနဲ့ ရောက်လာသော မိန်းကလေးထံ စိတ်ကူးပြောင်းသွားလျှင် သူကလည်း အခွင့်အရေးကို အမိအရ အသုံးချလိုက်သည်။ သူ့လက်ထဲမှ အုတ်နီခဲသည် သကောင့်သားတစ်ယောက်ထံသို့ ပြေးဝင်သွားသည်။ အဲဒီလူလဲ ကျလို့သွားလျှင် သူက တုတ်တစ်ချောင်းကောက်ကာ ကျန်တစ်ယောက်ကိုပါ ဝင်ရိုက်လေသည်။ မိန်းကလေးက သူ့ကို ခြေကားယားလက်ကားယားဖြင့် တားကာ …



www.burmeseclassic.com

www.burmeseclassic.com



"တော် ... တော်ပြီ ညီမ၊ မလုပ်နဲ့တော့ တက် ... တက်၊ ကားပေါ်ကို မြန်မြန်တက်"

ဒီတော့မှပဲ သူက တုတ်ကိုပစ်ချကာ ကားပေါ်သို့ အလျင်အမြန်တက်လိုက်သည်။ သူ တက်ပြီးတာနှင့် မိန်းကလေးက ကားကို တရကြမ်းပဲ မောင်းထွက်ပါသည်။ ဆယ့်ငါးမိနစ်ကြာ မောင်းပြီးမှ လူသူရှိသော စတိုးဆိုင်တစ်ခုနားတွင် ကားကို ရပ်လိုက်ရင်း သူမက သူ့ဘက်သို့ တစ်ချက်လှည့်ကြည့်ကာ ကားထဲမှ မီးကို ထောက်ခနဲ လှမ်းဖွင့်လိုက်သည်။

အဲဒီတော့မှ သူဟာ သူ့ဘက်လှည့်ကြည့်လာသော မျက်နှာတစ်ခုက ရှင်းရှင်းလင်းလင်း မြင်တွေ့လိုက်ရတာဖြစ်ပါသည်။ သူသည် အဲဒီမျက်နှာကို တွေ့လိုက်ရလျှင် တော်တော်အံ့သြသွားခဲ့သည်။ ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးပါလား ဟူသော စကားကိုလည်း ယုံကြည်လက်ခံသွားပါသည်။ သူ့ကို ဝင်ရောက်ကူညီခဲ့သူမှာ သူနဲ့မတည့်ခဲ့သော သူ့ဖေဖေရဲ့စက္ကရီတာရီ သုန္ဒရီဖြစ်လို့နေသည်။





သူမကလည်း သူ့ကို သိပုံပေါ်ပါသည်။ သိဆိုတာက သူ့ကို ရွှေလွှာ ဟူသော ကောင်မလေးအနေဖြင့် သိခြင်းဖြစ်မည်ထင်သည်။ သူမက သက်ပြင်းကို သဲ့သဲ့ချကာ ...

"တို့က တူပါတယ်လို့ ကြည့်နေတာ။ ဘယ်လိုဖြစ်ရတာလဲ ရွှေလွှာ"

"စိတ်ညစ်လို့ပါ"

"စိတ်ညစ်တယ် ဟုတ်လား၊ ဘာကို စိတ်ညစ်တာလဲ။ မင်း နေရောကောင်းရဲ့လား။ ဘာဖြစ်လို့ ဒီအချိန်ကြီး တစ်ယောက်တည်း လျှောက်သွားနေရတာလဲ ...

အဲဒီတော့ မင်းကို တစ်မျိုးမြင်ကြပြီပေါ့"

သူက အဲဒီမိန်းမကို အားငယ်သော မျက်ဝန်းများဖြင့် မော့ကြည့်မိသည်။ သူ့ကို ဒီအချိန်မှာ နားလည်ပေးနိုင်တာ ဘယ်သူရှိမလဲ။ ဒီမိန်းမနဲ့ ရွှေလွှာဆိုသော မိန်းကလေးကရော ဘယ်လို ပတ်သက်ခဲ့ကြလဲ။ အခါများစွာက မာနဖြင့် တဖျပ်ဖျပ်လက်နေကြသော ဒီမိန်းမရဲ့မျက်လုံးတွေက ဒီတစ်ခါတော့ စာနာစိတ်ဖြင့် နူးညံ့သိမ်မွေ့နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ ... အဲ ... ကျွန်မ စိတ်ညစ်နေလို့ပါ"

"စိတ်ညစ်တယ် ဟုတ်လား။ ဘာဖြစ်လို့ စိတ်ညစ်တာလဲ"

သူမ မျက်ဝန်းတွေက ညမီးရောင်အောက်မှာ ကြယ်တွေလို တဖျပ်ဖျပ် တောက်ပလာကြသည်။

"မသိဘူး၊ ဒီဘဝမှာ မပျော်ဘူး။ မနေချင်တော့ဘူး"

သူ့စကားကို သူမက ဘယ်လိုအဓိပ္ပာယ်ကောက်သွားလဲတော့ မပြောတတ်ချေ။ လှစ်ခနဲပြုံးကာ ခေါင်းညိတ်သည်။ ဒီမိန်းမနဲ့ ရွှေလွှာဟာ ဘယ်လိုများ ပတ်သက်ခဲ့ပါလိမ့်။ ဒီမိန်းမက ဖေဖေ့ရဲ့ စက္ကရီတေရီ၊ ရွှေလွှာက ဖေဖေ့ရဲ့အသည်းလေး။ ဒီမိန်းမနှစ်ယောက်ကလည်း တစ်ယောက်ကိုတစ်ယောက် သိနေကြသတဲ့။ သူသည် သံသရာကို တစ်ပတ်ပတ်မကြည့်ခင် ဒီနေရာလေးမှာတင်ကိုပဲ ကျဉ်းမြောင်းသော ကမ္ဘာလောကကြီးကို တရားတွေ ကျချင်လာသည်။

"အဲဒါကြောင့် မင်းကို တို့ ပြောတာပေါ့။ ဒီဘဝဟာ မင်း အစစ်အမှန် ကျေနပ်ပျော်ရွှင်ရမယ့်ဘဝမျိုး မဟုတ်ပါဘူး





လို့။ လူရယ်လို့ဖြစ်လာရင် ဘယ်သူမဆို ကိုယ်ပိုင်ဇာတိရုပ် Identity ရှိဖို့ လိုအပ်တယ်ကွ ...

အဲဒီလိုရှိမှ ကိုယ့်ဘဝနဲ့ကိုယ် ကျေနပ်အားရပြီး စိတ်ချမ်းသာ ပျော်ရွှင်နိုင်တယ်။ သူများကို မှီခိုပြီး စိန်နားကပ်ရောင်ကြောင့် ပါးပြောင်နေရတဲ့ဘဝမျိုးမှာ ဘယ်သူမှ ရာနှုန်းပြည့် စိတ်ချမ်းသာမှု မရနိုင်ဘူး ...

စိတ်ချမ်းသာတယ် ဆိုတာ အဲဒါ ညာတာပဲ"

သူက ထိုမိန်းမစကားကို ပြန်လည် မချေပနိုင်ဘဲ ငြိမ်သက်နေမိသည်။ သူမ ပြောသွားသောစကားကို သူ အပြည့်အဝ ထောက်ခံသွားနိုင်သည်မှာ သူ့ရဲ့လက်ရှိဘဝပေးအခြေအနေကြောင့်ပဲဖြစ်ပါသည်။

သူ့ရဲ့ဘဝကို ပြန်စဉ်းစားကြည့်လျှင် နေခြည်လင်းပိုင် ဘဝမှတုန်းကလည်း ကိုယ်ပိုင်ဇာတိရုပ် Identity ဆိုတာမျိုး မရှိခဲ့။ ဖေဖေ့ရဲ့အမှီဖြင့် သူ စိတ်ထင်တိုင်း သောင်းကျန်းခဲ့သည်။ သူ စွမ်းနိုင်ခဲ့တာလည်း မိန်းမကိစ္စတစ်ခုတည်းသာပဲ ရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခု ဒီဘဝမှာရော ဒီဘဝမှာတော့ သူက အသက်မရှင်ချင်တော့လောက်အောင်ပင် စိတ်ဓာတ်ကျရလေသည်။ မိန်းမတစ်ယောက်ဖြစ်ရသည့်ဘဝဟာ ယောကျ်ားတစ်ယောက်ရဲ့ ဘဝထက်တောင် ခက်ခဲပါလား။ မိန်းမတစ်ယောက်မှာ စောင့်စည်းရသည့် စည်းကမ်းတွေဟာ ယောကျ်ားတွေထက်လည်း များသေးသည်။ မိန်းမတစ်ယောက်ရဲ့ဘဝဟာ သူ ထင်သလောက်မလွယ်ဆိုတာကို ဒီဘဝသို့ရောက်သည့် တစ်ခဏတွင်းမှာပင် သိမြင်နားလည်ခဲ့ချေပြီ။

"မိန်းကလေးတစ်ယောက်ရဲ့ဘဝက ထင်ထားတာထက် ရပ်တည်ဖို့ ခက်ခဲလိုက်တာနော်"

သူ့ရဲ့ ညည်းညည်းညူညူအပြောကို သူမက ပြုံးကာ ခေါင်းညိတ်သည်။ ပြီးလျှင် ကားစက်ကိုနှိုးကာ ...

"ကဲ ... မင်းကြည့်ရတာ အိမ်ပြန်ချင်ပုံတော့ မပေါ်ဘူး ရွှေလွှာ။ အချိန်လည်း မရှိတော့ဘူး။ တို့အိမ်မှာ လိုက်အိပ်မလား"





သူ့ရင်ထဲတွင် ဒိန်းခနဲ တစ်ချက်ဆောင့်ခုန်သွားကာ သူမကို လှည့်ကြည့်မိသည်။ သူမက သူ့ကို နွေးထွေးစွာပြုံးပြရင်း မေးတစ်ချက် ဆတ်ပြလိုက်လျှင် သူ ရင်ခုန်သွားပါသည်။ ပြီးတော့ သူက ခပ်မြန်မြန်ပဲ ခေါင်းညိတ်ပြလိုက်သည်။ သူမက အိုကေဟု တိုးတိုးရေရွတ်ကာ ကားကို မောင်းထွက်သည်။ ပြီးတော့မှ ကားမောင်းရင်း စကားဆက်ပါသည်။

"မိန်းကလေးတစ်ယောက်ရဲ့ ဘဝရပ်တည်မှုက ခက်ခဲတာပေါ့ ရွှေလွှာရဲ့။ အထူးသဖြင့် ဘဝပေးအခြေအနေ မကောင်းတဲ့ မိန်းကလေးတွေရဲ့ဘဝက မှန်ကန်စွာ ရပ်တည်နိုင်ဖို့ ပိုခက်ခဲတယ်။ ဒါပေမဲ့လည်း ခက်တာကို ရပ်တည်နိုင်ဖို့ ကြိုးစားရမှာပဲလေ။ အလွယ်လိုက်လို့မှ မဖြစ်တာ ...

ရွှေလွှာက ဖြူစင်ပါတယ်ကွယ်။ ပတ်ဝန်းကျင်ရဲ့ ရိုက်ခတ်မှုကို အရွဲ့တိုက်ချင်စိတ်ကြောင့်သာ လမ်းမှားကို ရောက်ချင်နေတာပါ ...

ပျက်အစဉ် ပြင်ခဏပဲဟာ၊ ပြင်လိုက်ရင် ခဏပါပဲ။ ခုတောင် ရွှေလွှာ စိတ်ကုန်နေပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ကျွန်မ စိတ်ကုန် စိတ်ပျက်နေပြီ။ ကျွန်မအတွက် ဘဝကြီးက ဘာအဓိပ္ပာယ်မှ မရှိဘူးလို့ ခံစားရတယ်"

"အို … ဒီလိုမဖြစ်ရဘူးလေ။ မင်းအနေနဲ့ ကောင်းဖို့ကြိုးစားရင် အားလုံးကို ဖြစ်အောင်လုပ်ရမှာပေါ့"

"အစ်မက ကျွန်မကို ဘယ်အချိန်က ခင်သွားတာလဲဟင်"

သူက လှစ်ခနဲ စကားထောက်ကြည့်လိုက်လျှင် သူမက ထွေထွေထူးထူးမစဉ်းစားဘဲ ချက်ချင်းဖြေသည်။

"ဒင်နာပွဲတစ်ခုမှာ တို့ဒေါက်ဖိနပ် ဒေါက်ကျိုးသွားတုန်း မင်း ဖိနပ်ကို ချွတ်ပေးတဲ့အချိန်ကစလို့ပေါ့။ တို့ကလည်း စတေ့ချ်ပေါ်ကို ကျေးဇူးတင်စကားပြောဖို့ တက်ရတော့မယ့်အချိန် အရမ်းအရေးကြီးနေတဲ့အချိန်မှာ မင်းက မင်းဖိနပ်ကို ချွတ်ပေးခဲ့တာလေ။ အဲဒီမှာကို မင်းက အန်ကယ်ရဲ့ အဖော်အနေနဲ့ လိုက်လာခဲ့စဉ်တုန်းကပေါ့၊ ဟုတ်တယ်မှလား"

"ဒီလောက်လေးနဲ့ ခင်သွားတယ်ပေါ့"





"လူတစ်ယောက်ရဲ့ အတွင်းစိတ်ဆိုတာ အကြာကြီးပေါင်းကြည့်လို့ သိချင်မှလည်း သိနိုင်တာမျိုး၊ တကယ့်စိတ်ရင်းအမှန်ကိုကျတော့လည်း ဘာမဟုတ်တဲ့ အချက်လေးနဲ့တင် လျှပ်တစ်ပြက် အတွင်းမှာ သိချင်လည်း သိသွားနိုင်တယ်လေ …

မင်းက ဘယ်သူမှ မလုပ်နိုင်တဲ့ အလုပ်မျိုးကို လုပ်ခဲ့တာပဲ။ ဒါ မင်း စိတ်ဓာတ်လေး ဖြူတယ်ဆိုတာကို ပြနေတာပဲလေ။ တို့က ဆင်းရဲတာ ချမ်းသာတာကို အဓိကမထားဘူး။ စိတ်ထားဖြူရင် သဘောကျတယ်၊ ချစ်တယ် …

သူများပေါ်မှာ စာနာစိတ်မရှိတဲ့ သူကိုတော့ မုန်းတယ်၊ တို့ဆို အန်ကယ့်သား နေခြည်လင်းပိုင်ကို အရမ်းမုန်းတာပေါ့"

သူက အဲဒီမိန်းမကို မျက်လုံးအပြူးသားဖြင့် လှည့်ကြည့်မိသည်။ ဘာလိုင်းကြီးပါလား။ ဒီမိန်းမ သူ့ကို ဘာကြောင့်များ ဒီလောက်မုန်းနေတာပါလိမ့်။ အကြောင်းတစ်ခုခုတော့ ရှိမည်ဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



“အစ်မက နေခြည့်ကို ဘာကြောင့် အဲဒီလောက် မုန်းနေရတာလဲဟင်”

သူမက လှပသော နှုတ်ခမ်းကို တစ်ချက်မဲ့ရွဲ့သည်။ သူကတော့ သူမထံမှ အပြောကို အသက်ရှူသံ တထိတ်ထိတ်ဖြင့် နားထောင်နေရသည်။

“တိရစ္ဆာန်လို့ ဘာကြောင့်ခေါ်လဲသိလား။ တိရစ္ဆာန်ဆိုတာ သုံးမျိုးပဲ နားလည်တယ်လေ။ သုံးမျိုးပဲ သိတယ်။ အဲဒီကောင်ကလည်း တိရစ္ဆာန်လို လူမျိုးပဲ”

သူသည် ပါးစပ်က အသံမထွက်နိုင်ဘဲ ရင်ထဲမှာသာ အွတ်ခနဲ ဖြစ်သွားသည်။ ဒီမိန်းမ ဘာကိုများ နာကြည်းနေတာပါလိမ့်။ သူလည်း သူမကို ဘာမှ မလုပ်ခဲ့ရဖူးပါဘူး။

“သူ ... သူမ အစ်မကို ဘာများ ...”

သူ့စကားတောင် မဆုံးသေး။ သူမက သူ့ကို ခပ်ဆတ်ဆတ် လှည့်အော်သည်။

“အို ... သူနဲ့ တို့ကြားမှာ ဘာအကန့်မှမရှိပါဘူး။ တို့ညီမ ဝမ်းကွဲတစ်ယောက်နဲ့ သူနဲ့ ဖြစ်ဖူးတာပါ။ မိန်းကလေးတစ်





ယောက်ကို အပျော်ရည်းစားထားတာ ဆိုရင်တောင် တို့က လက်ခံခွင့်လွှတ်နိုင်သေးတယ် ...

သူက အဲဒီလိုလူမျိုးတောင်မဟုတ်ဘူး။ မိန်းကလေးတစ်ယောက်ကို တွဲပြီဆိုတာနဲ့ အဆုံးစွန်ထိ အခွင့်အရေးယူတော့တာ။ သူက အဲဒီစိတ်တစ်ခုတည်းရှိတဲ့ ယောကျ်ား။ အရမ်းရွံဖို့ကောင်းတယ်”

သူက ရှုံ့မဲ့အောင့်မျက်သွားရသည်။ ဒီမိန်းမ တစ်ဆိတ်တော့ လွန်လွန်းနေပြီ။ ဒီလိုပဲ ပြောချင်ပြောလို့ ရမလား။ သူက နည်းနည်းထည့်ပေးဖို့ ဆုံးဖြတ်လိုက်သည်။

“အစ်မ အဲဒီလိုကျတော့ ယောကျ်ားလေး အလွန်ချည်းပဲလား။ ဒါက နှစ်ဦးသဘောတူမှ ဖြစ်တဲ့ကိစ္စပါ။ စလောင်းဖုံးဆိုတာ နှစ်ချပ်တီးမှ မြည်တာလေ”

“မှန်တယ်၊ ဒါကို လက်ခံတယ်။ ဒါပေမဲ့ သူက တစ်ယောက်တည်းမဟုတ်ဘူးလေ။ ဒီမိန်းကလေးတစ်ယောက်တည်းကို ချစ်ပြီး ဒီမိန်းကလေးနဲ့ ဘယ်နယ်ပယ်ကိုပဲ ရွက်လွှင့်လွှင့် ကိစ္စမရှိဘူး ...



www.burmeseclassic.com

www.burmeseclassic.com



သူက တစ်ယောက်တည်းမှ မဟုတ်တာ။ စကားပုံ ခပ်ရိုင်းရိုင်းတစ်ခုကိုသုံးရင် မကောင်းဘဲရှိတော့မယ်။ သူက မိန်းကလေးတိုင်းကို အဲဒီစိတ်တစ်ခုတည်းနဲ့ ချဉ်းကပ်တာ။ ကဲ ... အခု နောက်ဆုံး သူ့ရဲ့ ရလဒ်က ဘာလဲ ...

မရှုမလှ ဇာတ်သိမ်းရတာပဲ မဟုတ်လား။ ဒီလိုလူမျိုး ဘယ်ဘဝကို ရောက်နေမလဲ တွေးကြည့်ရင် အသိသာကြီးပဲ ...

သူ့အိမ်က ကောင်မလေးဆိုရင်လည်း ဘယ်လောက်သနားစရာကောင်းလဲ။ ဆုံးသွားတော့ ဗိုက်ထဲမှာ ကိုယ်ဝန်နဲ့ကွာ၊ သိပ်စိတ်ပျက်ဖို့ကောင်းတာပဲ။ ဒီလိုလူမျိုးဟာ လောကကြီးထဲမှာ ရှိကို ရှိမနေသင့်တော့တဲ့ လူစား။ ရှိနေဖို့ကို မကောင်းတော့တာ။ သေတာပဲ နားအေးတယ်"

အဆုံးသတ်စကားကို သူမက ပျစ်ပျစ်နှစ်နှစ်ပြောရင်းမှ ခြံဝင်းတံခါးတစ်ခုရှေ့သို့ ရောက်လျှင် ဟွန်းတစ်ချက်တီးလိုက်သည်။ ခြံတံခါးက ချက်ချင်းဆိုသလို ပွင့်သွားကာ သူမက ကားကို ခြံထဲသို့ မောင်းဝင်လိုက်သည်။





"ဒါ တို့အိမ်ပဲလေ"

တစ်ထပ်တိုက်လေးသည် ခြံထဲတွင် အေးချမ်းတိတ်ဆိတ်စွာ တည်ရှိနေသည်။ သူက ခြံဝင်းလေးကို မျက်လုံးဖြင့် လှည့်ပတ်ကြည့်ရှုပြီးမှ ...

"ဒီမှာ အစ်မတစ်ယောက်တည်း နေတာလား"

"တို့မေမေရှိတယ်။ ဖေဖေက သင်္ဘောပေါ်မှာ၊ ကဲ ... ဒီညတော့ တို့နဲ့ မင်း အေးအေးဆေးဆေး စကားပြောကြတာပေါ့"

သူမက အိမ်ထဲရောက်သောအခါ သူ့ကို သူမရဲ့အမေနှင့် မိတ်ဆက်ပေးသည်။ သူမရဲ့အိမ်တွင် အိမ်ဖော်ကောင်မလေးနှင့် သူမအမေမှလွဲ၍ ဘယ်သူမှ မရှိချေ။ သူမက သူ့ကို ထမင်းစားခန်းထဲခေါ်ကာ ထမင်းကျွေးရင်းနဲ့ စကားဆက်ပြောပါသည်။

"အခုန ကားပေါ်မှာ မင်း တို့ကို ပြောခဲ့တယ်နော်၊ ဒီဘဝကို စိတ်ကုန်နေပြီ ဟုတ်လား။ ဘယ်လို စိတ်ကုန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကုန်တာတော့ အားလုံးကို စိတ်ကုန်တယ်။ အထူးသဖြင့်တော့ မိန်းမဘ၀ကို စိတ်အကုန်ဆုံးပဲ။ နေချင်စိတ်တစ်စက်မှ မရှိဘူး"

"ဟာ ... ဘာဖြစ်တာလဲ။ အဲဒါမျိုး မဖြစ်သင့်ဘူးနော်။ ဘာစိတ်ကုန်စရာအကြောင်းရှိလဲ။ မင်းမှာ ဘာအခက်အခဲတွေရှိနေလဲ။ ကိုယ့်ကိုပြောပြ၊ ကိုယ် တတ်နိုင်တာ ကူညီမယ်"

"မင်း ... အဲ ... အစ်မကူညီနိုင်မယ့် ကိစ္စမျိုး မဟုတ်ပါဘူး"

"အို ... ဘာလို့ မကူညီနိုင်ရမှာလဲ။ မင်းက ဘာဖြစ်ချင်လို့လဲ။ အလုပ်တစ်ခု လုပ်ချင်လို့လား"

သူက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြလိုက်သည်။ သူ ဘာကိုမှ မဖြစ်ချင်ပါ။ ဘာအလုပ်မှလဲ မလုပ်ချင်ပါ။ ဒီမိန်းမခန္ဓာကိုယ်နှင့် ဒီဘ၀မှာ သူ ဘယ်လိုမှ မရှင်သန်နိုင်။ ဘယ်လိုမှ နေ၍မရ။ ဒါသည် သူ့ကို နေ့စဉ်နှင့်အမျှ စိတ်ဒုက္ခပေးကာ စိတ်ဆင်းရဲပြီး မသေသေအောင် သတ်နေသလိုပဲဖြစ်လေသည်။





"အန်ကယ်နဲ့ ကိစ္စကိုရော မင်း ဘယ်လိုဆုံးဖြတ်မှာလဲ"

"ဘယ်လိုမှ မဆုံးဖြတ်ဘူး။ အစတည်းကလည်း ဘာဆုံးဖြတ်ချက်မှ မရှိခဲ့တာ"

သူမ မျက်နှာမှာ အပြုံးတစ်ချက် လင်းလက်သွားသည်။ လက်ညှိုးတစ်ချောင်းထောင်ကာ ...

"ဒါဆို ..."

"ကျုပ် ... အဲ ... ကျွန်မ ဘယ်သူနဲ့မှ မတွေ့ချင်တော့ဘူးဗျာ၊ စိတ်ကုန်တယ်၊ စိတ်ဆင်းရဲနေတယ်၊ ဖြစ်နိုင်ရင် ဒီလောကကြီးထဲမှာကို မနေချင်တော့တာ"

သူမက သူ့ကို ခပ်နက်နက် တစ်ချက်စိုက်ကြည့်ကာ ...

"မင်း စိတ်လေနေတာပါ၊ အင်းပေါ့လေ ... ဖြစ်နိုင်ပါတယ်၊ လောလောဆယ် မင်းက ကြီးကျယ်တဲ့ ကားအက်ဆီးဒင့်တစ်ခုကနေ ရုန်းထွက်လာခဲ့ရတဲ့သူ ဆိုတော့ ဒီပရက်ရှင်၀င်တာ၊ စိတ်ကျဝေဒနာ ခံစားနေရတာ အားလုံးဖြစ်နိုင်ပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



မင်းကို နားလည်ပါတယ်။ ဒီလိုလုပ်လေ တို့က ရှေ့လထဲမှာ ရှမ်းပြည်နယ်ဘက်ကို ခရီးထွက်ဖို့ရှိတယ်။ အဲဒါ စိတ်ပြေလက်ပျောက်အနေနဲ့ မင်း လိုက်မလား"

သူ တစ်ချက်တွေသွားသည်။ ခရီးထွက်တော့လည်း သူ့အတွက်က ဘာထူးမှာလဲ။ ဒီခန္ဓာကိုယ်ကြီးနဲ့ သူ့အဖို့တော့ ဘယ်သွားသွား ဘာမှထူးခြားလာမှာ မဟုတ်ချေ။ ဒါပေမဲ့ ဒီနေရာကနေ ဝေးသွားရင်တော့ သူ ဖြေသာမလားတော့ မပြောတတ်ပေ။

"လိုက်တာပေါ့လေ"

သူ့ရဲ့အင်တင်တင် အပြောကို သူမက ဟက်ခနဲ ရယ်သည်။ အနားသို့ ထ,လာရင်းမှ ရေတစ်ခွက် ငှဲ့သောက်ကာ...

"မင်း ကြည့်ရတာ ခရီးသွားရမှာကို လန့်နေသလိုပဲ၊ မစိုးရိမ်ပါနဲ့၊ ကိုယ်က ကားနဲ့မသွားပါဘူး။ ပင်ပန်းတယ်၊ ဟုတ်တယ် မဟုတ်လား ...

လေယာဉ်နဲ့ပဲ သွားမှာပါ"

"ဘာနဲ့ပဲသွားသွားပါ မကြောက်ပါဘူး"





"အိုခေလေ ... ဒါဆို ကိုယ် မင်းအတွက်ပါ စီစဉ်ထားလိုက်မယ်။ ကဲ ... မင်းလည်း ပင်ပန်းရောပေါ့။ နားဖို့ စီစဉ်ထားတယ်"

"အဲ ... အင်း ... ဟို ... အစ်မနဲ့ အတူတူ အိပ်ရမှာလားဟင်"

သူက သူ့အကျင့်ကို မဖျောက်နိုင်စွာဖြင့် ရင်တခုန်ခုန် မေးမိသည်။ ပြီးတော့မှ ဖျတ်ခနဲ သတိရသွားတာက သူဟာ ဘယ်ဘဝဆိုတာကို ဖြစ်သည်။ သို့သော် အတွေ့မရှိနိုင်တော့ပေမယ့် အငွေ့ရှိနိုင်သေးတာကို သတိရမိလျှင် ရင်ကခုန်ခုန် ဖြစ်သွားသည်။ သို့သော် သူမက အပြုံးတစ်ချက်နှင့် သူ့ဆန္ဒတွေကို ဖယ်ရှားပစ်လိုက်လေသည်။

"တို့က အမေနဲ့တောင် တူတူမအိပ်တတ်ဘူးကွ၊ တို့ဘေးနားမှာ လူတစ်ယောက်ရှိရင် တို့ မအိပ်တတ်တော့ဘူး"

သူက စိတ်ထဲမှ ဟင့်ခနဲ ရှုံ့မဲ့မိသော်လည်း ပါးစပ်ကတော့ မနေနိုင် မထိုင်နိုင် တစ်ခွန်း ကလိလိုက်သေးသည်။

"ဒါဆို အစ်မ ယောကျ်ားရတော့ ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူမက ဟက်ခနဲနှင့် ပခုံးတစ်ချက်တွန့်ကာ ...

"ဒါတော့ အခြေအနေ အရပေါ့"

ဟု ပြောင်စပ်စပ် ပြောလျက် သူ့ကို အခန်းတစ်ခန်းရှေ့သို့ ခေါ်သွားသည်။ အခန်းတံခါးကို ဖွင့်ပြကာ သူ့ကို ညွှန်ပြလျက် ...

"ဒါ မင်းနားရမယ့် အခန်းပဲ၊ အေးအေးဆေးဆေးနဲ့ လွတ်လွတ်လပ်လပ်သာနေ၊ မနက်ကျမှ ပြန်ဆုံကြတာပေါ့၊ ကဲ ... ဂွတ်ဒ်နိုက်ချ် ရှေလွှာ"

"ကျေးဇူးတင်ပါတယ်"

သူ့ရဲ့တိုးတိတ်သော အဖြေကို သူမက အရယ်နှင့် အပြုံးရောကာ လက်ချောင်းလေးများကို လှုပ်ခတ်နှုတ်ဆက်ရင်း ထွက်ခွာသွားသည်။ သူသည် ကြော့ရှင်းလှပကာ မိန်းမချောချောသော်လည်း မိန်းမ မဆန်သော မိန်းကလေးတစ်ယောက်ကို ငေးမောကြည့်ကျန်ခဲ့ရင်းမှ တစ်စုံတစ်ရာက ရင်ထဲသို့ ပျံ့နှံ့စိမ့်ဝင်၍လာသည်။ မိန်းကလေးမှန်လျှင် အတူတူပဲ ဟူသော သူ့ခံယူချက်သည် ကိုယ်တိုင် ဒီဘဝကိုရောက်တော့မှပဲ တဖြည်းဖြည်း ပြောင်းလဲရတော့မည် ထင်သည်။





မိန်းကလေးတွေ ဖြစ်ပေမယ့် ဘဝကို လက်တွေ့ကျကျ ရင်ဆိုင်ရုန်းကန်နေရသည့် မိန်းကလေးတွေ ရှိကြောင်းလည်း သူ သိမြင်လာရသည်။ မိန်းကလေးတစ်ယောက်ရဲ့ ဘဝဟာ ထင်သလောက် မလွယ်ကူပဲ စိန်ခေါ်မှုတွေကြားမှာ ရင်ဆိုင်နေရတာပါလား ဆိုတာကိုလည်း ထိတ်လန့်စွာ သိလိုက်ရလေသည်။ အခြေအနေ မဟန်လျှင် မထိန်းသိမ်းနိုင်လျှင် အချိန်မရွေး ကြွေကျသွားနိုင်သော ပန်းတစ်ပွင့်လိုပါပဲလား။

သူသည် အိပ်ရာထက်တွင် ရင်မောစွာ လဲလျောင်းလိုက်ရင်းမှ နဖူးပေါ် လက်တင်ရင်း ဘဝဆိုတာကို နက်နက်ရှိုင်းရှိုင်း စဉ်းစားမိသည်။ သူသည် အစတုန်းက ယောကျ်ားလေးနှင့် မိန်းကလေးဘဝတွင် ယောကျ်ားလေးကသာ သာလွန်မြင့်မြတ်သည်ဟု ခံယူသတ်မှတ်ခဲ့သူ ဖြစ်သည်။ မိန်းကလေးတွေဆိုတာ ယောကျ်ားရဲ့အဖြည့်ခံ၊ အသုံးတော်ခံ စသဖြင့် မိန်းမတွေနှင့် ပတ်သက်လာလျှင် အဆုံးစွန်ထိ နှိမ့်နှိမ့်ချချ တွေးထားခဲ့သူဖြစ်သည်။ ဒါကြောင့်လည်း ဖြူနုကိုတောင် သူ ဘယ်လိုနေရာမှာ ထားခဲ့သလဲဆိုတာ သူ့ကိုယ်သူ မဆန်းစစ်ခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူကိုယ်တိုင် ဒီဘဝထဲကို ဝင်ရောက်လာရတော့မှ မိန်းကလေးတစ်ယောက်ရဲ့ အဖြစ်တွေကို ကိုယ်ချင်းစာနိုင်လာတော့သည်။ မိန်းကလေးတစ်ယောက် ဖြစ်ရတာ မိန်းကလေးတစ်ယောက် ရှင်သန်နေထိုင်ရတာဟာ ယောကျ်ားလေးထက်တောင် ပို၍ခက်ခဲပါလား။ ခပ်ပေါ့ပေါ့လေးသာ မှတ်ယူထားသော မိန်းကလေးဘဝသည် သူ ထင်ထားတာထက်တောင် ပို၍ခက်ခဲပြီးနေသည်။ လွယ်လွယ်လေး အာပလာပါဟု မှတ်ယူထားသော ဒီဘဝထဲမှာ သူ ဘယ်လိုမှ ရှင်သန်မနေနိုင်ပါ။ သူ ဘာလုပ်ရမလဲ။ သူ ဘာလုပ်နိုင်တာလဲရှိလည်း။

ပြီးတော့ လောကကြီးအတွက် သူ ဘာကောင်းကျိုးလုပ်ပေးခဲ့ပြီးပြီလဲ။ ပြန်လည်ဆန်းစစ်လိုက်လျှင် အဖြေက တစ်ခုမှ ထွက်မလာဘဲ သူ့အတွက် မိုင်းနပ်စ်သာ ပြနေသည်။

မေမေ ...။ အဲဒီအချိန်မှာ သူ့မေမေကို သတိရသွားသည်။ မေမေ့အတွက်ရော သူ ဘာလုပ်ပေးဖူးပါသလဲ။ မိန်းကလေးတစ်ယောက်ကို ဟိုတယ်မှာ ထမင်းလိုက်ကျွေးတာ အကြိမ်ပေါင်း မနည်းတော့သော်လည်း မေမေ့ကို သူ ပန်းသီးလေးတစ်





လုံးတောင် ဝယ်မကျွေးဖူးခဲ့ချေ။ ပိုက်ဆံတွေကို ရေလိုသုံးစွဲခဲ့သော်လည်း မေမေ နေမကောင်းပါရဲ့လားဟူသော အတွေးမျိုး တစ်ချက်မဝင်ခဲ့ဖူးချေ။ မေမေ့ကို သနားစိတ်များသည် သူ့ရင်ထဲတွင် အခုမှ မြားဆိပ်တွေလို တရစ်ရစ်နှင့် ဆူးတက်နေသည်။

သူ့မိဘနှစ်ပါးအတွက် သူ လုပ်ပေးနိုင်တာ ဘာများရှိပါသလဲ။ သူ့ခေါင်းထဲတွင် လင်းခနဲ ဖြစ်သွားသည်။ ဖေဖေသည်လည်း ဘယ်လောက်ပွေပွေရှုပ်ရှုပ် ခရိုနိထိ တစ်ယောက်တည်းဖြစ်သလို မေမေကတော့ ပြောဖွယ်ရာမရှိတော့။ အေးချမ်းငြိမ်သက်သည့် ဘဝလေးမှာ တစ်ကိုယ်တည်း။ မေမေ့ရဲ့ အေးချမ်းမှုတွေကို ဖေဖေ့ထံသို့ ကူးစက်စေချင်သည်။ ဒီအတွက် သူ ဘာလုပ်ပေးနိုင်မှာလဲ။ အခု သူရောက်နေသောဘဝမှာ တစ်ခုခုကိုတော့ သူ အမြတ်ထုတ်ချင်ခဲ့သည်။ နောက်ဆုံး မိဘကို လုပ်ကျွေးပြုစုခွင့် မရရင်တောင် အဖော်မဲ့စွာ ကွဲကွာနေကြသော မိဘနှစ်ပါးကို ပြန်လည်ပေါင်းဆုံအောင် လုပ်ပေးချင်လေသည်။ ဟုတ်တယ် ... သူ ဒါကို ဘာကြောင့် မလုပ်ပေးနိုင်ရမှာလဲ။ သူသည် အဲဒီအတွေးကြောင့် နွမ်းနေသောရင်မှာ လန်းသွားသလိုတောင် ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်ရဲ့ ကောင်းကျိုးကို မေတ္တာဟူသော မျှော်လင့်ချက်ဖြင့် ဆောင်ရွက်ပေးဖို့ စိတ်ကူးလေးနဲ့တောင် ချမ်းမြေ့သွားသည်ဆိုလျှင် တကယ်များ ဖြစ်မြောက်ခဲ့ပါက ဘယ်လောက်ပျော်ရွှင်ကြည်နူးရမှာပါလိမ့်။

သူသည် အခါများစွာက စိတ်ဆင်းရဲစိတ်များစွာဖြင့် အိပ်မပျော်ခြင်းတွေကို ရင်ဆိုင်ခဲ့ရသော်လည်း ဒီတစ်ခါတော့ ချမ်းမြေ့ခြင်းများစွာဖြင့် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်သွားခဲ့လေသည်။ ဖေဖေနဲ့ မေမေ ပြန်လည်သင့်မြတ်စွာ ပေါင်းဆုံနိုင်ပါစေ။





## ၁၂

နောက်တစ်နေ့ သူ နိုးလာသော နံနက်ခင်းသည် အိပ်မက်ထဲမှာ နိုးထလာခြင်း မဟုတ်သော်လည်း မျှော်လင့်ချက်တို့ဖြင့် တောက်ပစွတ်စိုလျက် ရှိပါသည်။ သုန္ဒရီ ဆိုသော သူမက အပြုံးသင်တစ်ခုဖြင့် သူ့ကို မေးဆတ်ပြကာ ...

"ဘယ်လိုလဲ၊ ညက ကောင်းကောင်း အိပ်ပျော်ရဲ့လား၊ ဆုံးဖြတ်ချက် တစ်ခုကိုရော တိတိကျကျ ချပြီးပြီလား"

သူကလည်း သူ့အမိပ္ပာယ်နှင့်သူ ပြုံးကာ ခေါင်းညိတ်လိုက်သည်။

"လုံးဝတိကျတဲ့ ဆုံးဖြတ်ချက်ကို ချပြီးပြီ။ အဲဒီဆုံးဖြတ်ချက်အတိုင်းလည်း မဖြစ်,ဖြစ်အောင် အကောင်အထည်ဖော်မှာ"



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့ မျက်ဝန်းတွေက နေမင်း၏ အလင်းရောင်တွေထက်တောင် တောက်ပသွားကြသည်။

“အိုး ... ဒီနေ့အဖို့တော့ မင်္ဂလာရှိတဲ့ နံနက်ခင်းပါပဲလား။ အရမ်းကို ကျက်သရေရှိတာပဲကွယ်၊ တို့ အများကြီး ဝမ်းသာပါတယ် ...

ဟုတ်ပြီ ... ဟုတ်ပြီ ... ဒါဆို တို့ အတူတူ Break fast စားပြီးတာနဲ့ မင်းရဲ့ နေ့သစ်တွေဆီ သွားကြတာပေါ့။ Let's Go”

သူမက သူ့ထက်တောင် တက်ကြွနေသေးသည်။ သူနဲ့ သူမတို့ နံနက်စာ အတူတူ စားပြီးကြသောအခါ သူမက သူ့ကို တိုက်ခန်းသို့ ပြန်လိုက်ပို့ပါသည်။

“အပေါ်မတက်တော့ဘူးနော်”ဟု ကားထဲမှ ငုံ့ပြောနေသော သူမ မျက်နှာလေးကို ကြည့်ကာ သူက ခေါင်းညိတ်ပြရင်း သူမ ကားလေး ကွယ်ပျောက်သွားမှ တိုက်ခန်းပေါ်သို့ တက်လာခဲ့သည်။





အခန်းတံခါးကို ခေါက်လိုက်လျှင် ဒေါ်လေးကြူက ပျာပျာသလဲ လာဖွင့်ပေးကာ အခန်းထဲမှ ဒေါ်လေးကြူ အပြင် ဖေဖေ့ကိုပါ တွေ့လိုက်ရလေသည်။ ဒေါ်လေးကြူက မျောက်မီးခဲကိုင်မိသလို ခုန်ဆွ ခုန်ဆွဖြင့် ...

“အမယ်လေး ... ပေါ်လာတော် မှုသေးတယ် မရွှေလွှာရယ်၊ ဒီမှာတော့ စိတ်ပူရလွန်းလို့ သေတော့မယ်။ တစ်ညလုံး ဘယ်တွေများ သွားနေတာတုန်း ...

ဒီမှာ ရဲစခန်းလည်း အကြောင်းကြားပြီးပြီ၊ ရပ်ကွက်ရုံးလည်း ပြောပြီးပြီ၊ မောင်လင်းပိုင်လည်း စိတ်ပူလွန်းလို့ နေမထိ ထိုင်မသာ ဖြစ်နေပြီ”

သူက ဖေဖေ့ကို တစ်ချက်ကြည့်လိုက်လျှင် ဖေဖေက သူ့ထံသို့ စိုးရိမ်တကြီး မျက်လုံးများဖြင့်ကြည့်ကာ အနားသို့ ထ,လျှောက်လာသည်။ ပြီးလျှင် သူ့ပခုံးနှစ်ဖက်ကို ဖွဖွဖက်ကိုင်ကာ ...

“ရွှေလွှာရယ် ... ရွှေလွှာ ဘာတွေဖြစ်နေတာလဲဟင်။ ဦးကိုလည်း နည်းနည်းလောက် ငဲ့ညှာပါဦး ကလေးရယ်၊ ရွှေလွှာ ဘာဖြစ်ချင်တာလဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေခံစားနေရလဲ၊ ရွှေလွှာ ဖြစ်ချင်တာ အားလုံး ဖြစ်ရမယ် ...

ဒါပေမဲ့ ဒီလိုကြီး လွင့်မျောတဲ့ပုံနဲ့တော့ ရွှေလွှာကို မမြင်ချင်ဘူးကွာ၊ ပြော ... ရွှေလွှာ ဘာဖြစ်ချင်လဲ”

“ဦး တကယ် ဖြည့်ဆည်းပေးမှာလား”

“ဖြည့်ဆည်းပေးမှာပေါ့။ ရွှေလွှာ ဘာဖြစ်ချင်လဲပြော”

“ဦး ... အမျိုးသမီးနဲ့ ဦး ပြန်ပေါင်းပါ”

ဖေဖေ့ မျက်နှာတွင် နားမလည်ခြင်းများစွာ ဖြစ်ထွန်းသွားသည်။ သူ့ကို အံ့ဩသော အရိပ်အယောင်များဖြင့် ဇဝေဇဝါ ကြည့်ကာ ...

“ရွှေလွှာ ... အဲဒီစကားဟာ ဘာအဓိပ္ပာယ်လဲ”

“ဘာအဓိပ္ပာယ်မှ မဟုတ်ပါဘူး။ အဓိပ္ပာယ်က ရိုးရိုးလေးပါပဲ၊ ဦး အထီးကျန်တယ်၊ အဖော်မဲ့တယ် မဟုတ်လား။ ဦးအတွက် အသင့်တော်ဆုံး လက်တွဲဖော်ဟာ ဦးရဲ့ဇနီးဟောင်းပဲပေါ့ ...





ရွှေလွှာ ဦးကို မချစ်ပါဘူး။ ဦးလည်း ဒါကိုသိမှာပါပဲ၊ လိုအပ်ချက်ကြောင့်သာ ဦးနဲ့ ရွှေလွှာ အပေးအယူနဲ့ တဲ့ မိတ်ဆွေတွေအဖြစ် ပတ်သက်ခဲ့ကြတာ မဟုတ်လား၊ အခု ရွှေလွှာ အဲဒီဘဝကို မလိုချင်တော့ဘူး ...

ရွှေလွှာ အေးအေးဆေးဆေးပဲ နေချင်တော့တယ်၊ ဦးလည်း ဦးဇနီးကို ပြန်လက်တွဲပါ။ ဒါဟာ ဦးသားရဲ့ ဆန္ဒလည်း ဖြစ်ပါတယ်”

“ရွှေလွှာ တော်စမ်းကွာ၊ မင်း ဘာတွေလျှောက်ပြောနေတာလဲ။ အဓိပ္ပာယ်မရှိတဲ့ စကားတွေ မပြောနဲ့ ...

တစ်ခုပဲပြော၊ မင်း ကိုယ့်ကို လက်ထပ်မှာလား လက်မထပ်ဘူးလား၊ မင်း ကိုယ့်ကို မချစ်လည်း ကိစ္စမရှိဘူး ရွှေလွှာ၊ ရတယ် ...

အဓိက,က ကိုယ့်အနားမှာ မင်း ရှိနေဖို့ပဲ လိုတာ”

သူက ဖွတ်ကိုမှ ဖွတ်ဖြစ်နေသည့် ဖေဖေ့ကို ခေါင်း တစ်ချက်ယမ်းပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ပါဘူး။ ရွှေလွှာ အေးဆေးပဲ နေပါရစေတော့။ ဦးလည်း ပြန်တော့"

"မပြန်ဘူးကွာ။ ရွှေလွှာ စိတ်ရှုပ်ပေါက်တိုင်း လျှောက်ပြောနေတာတွေကို ဦး လက်မခံနိုင်ဘူး"

"ကျွတ် ... ခက်တာပဲဗျာ။ သား ... အဲ ... သမီး စိတ်ရှုပ်ပေါက်တာ မဟုတ်ဘူး။ အဖြစ်အပျက်တွေက အရမ်းထူးဆန်းလို့ ပြန်ပြောပြရင် ဘယ်သူမှ ယုံမှာမဟုတ်ဘူး။ ဒါကြောင့် သမီး ပြောတာကို လက်ခံပေးပါ ...

ဦး မိန်းမဆီပဲ ပြန်သွားပါ"

"ရွှေလွှာ ... အဲဒီစကားကို ထပ်မပြောနဲ့ကွာ။ ဘာလဲ ... မင်းက သူနဲ့ ကိုယ်နဲ့ကို သံသယရှိနေတာလား၊ ဟုတ်လား ...

"ကောင်းပြီ၊ မင်းကို အခု ကိုယ် သူ့ဆီကို ခေါ်သွားမယ်။ သူနဲ့ ကိုယ်နဲ့ ကွဲခဲ့တာ ကိုယ့်သားတစ်သက်ပဲ။ တရားဝင် စာချုပ်စာတန်းနဲ့ မကွဲခဲ့ပေမယ့် ဒီလောက်အကြာကြီး ကွဲနေခဲ့တာ အားလုံး ရှင်းပြီ ပြတ်ပြီပဲ ရွှေလွှာ ...





မင်း မယုံဘူးဆိုရင် ကိုယ် သက်သေပြမယ်၊ လာလိုက်ခဲ့"

"ဟဲ့ ... ဟဲ့ ... နေကြဦးလေ၊ သြော် ... ဒုက္ခပါပဲ"

ဒေါ်လေးကြူရဲ့ အော်သံက နောက်မှာ ကျန်ရစ်ခဲ့သည်။ ဖေဖေသည် သူ့လက်ကိုဆွဲကာ လှေကားထစ်များကို မြန်မြန်နှင်းဖြတ်လျှောက်လာသည်။ ပြီးလျှင် တိုက်အောက်မှာရပ်ထားသော ကားပေါ်သို့တက်ကာ တရကြမ်း မောင်းထွက်သည်။ သူက ဒေါသတကြီး ကားမောင်းနေသော ဖေဖေ့ကိုကြည့်ကာ တစ်ချိန်က ဖြူနုကို တင်ဆောင်ပြီး သူ ကားမောင်းခဲ့တာကို ပြန်သတိရလာသည်။ ဖေဖေ မောင်းနေသော အရှိန်က အန္တရာယ်များပါသည်။

"ဖေဖေ ... များတယ်၊ အရှိန်လျှော့ဦး"

သူ့အပြောကြောင့် ဖေဖေက သူ့ကို မျက်မှောင်ကြုတ်ကာ လှည့်ကြည့်သည်။ သူသည် ရင်ထဲမှာ အောင့်မထားချင်သော စိတ်ဖြင့် ပြောချင်ရာပြောဖို့ ဆုံးဖြတ်ချက် ချလိုက်သည်။ အနည်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးတော့ သူ့စကားတွေကို ကြားလျှင် ဖေဖေ အာရုံပြောင်းသွားနိုင်ပါသည်။

"ဖေဖေ … မေမေ့ဆီကို သွားနေတာဆိုရင် ကျွန်တော်က ပိုကြိုက်သေးတယ်နော်"

ဖေဖေက အံ့ဩမှုကို ထိန်းမထားနိုင်သော မျက်နှာဖြင့် …

"ရွှေလှ … မင်း ဘာတွေပြောနေတာလဲ။ မင်း စိတ်တော့ ကောင်းပါသေးတယ်နော်"

BURMESE CLASSIC .com

"ဖေဖေ ကျွန်တော် ရူးနေတာ မဟုတ်ဘူးနော်။ ကျွန်တော်က ဖေဖေ့သား နေခြည်လင်းပိုင်ပါ။ ရွှေလှ ဆိုတဲ့ ဖေဖေ့ကောင်မလေးက သေသွားပါပြီ။ သူ့နာမ်ဝိညာဉ်က တခြားကို ရောက်သွားပါပြီ။ ကျွန်တော်က သေနေ့မစေ့သေးလို့ အပါယ်က ပြန်လွှတ်လိုက်ပေမယ့် ကျွန်တော့် body ကို မီးသဂြိုဟ်ပစ်လိုက်တဲ့အခါမှာ အဲဒီပုဂ္ဂိုလ်တွေက ကျွန်တော့်ကို ဒီကောင်မလေး body ထဲ ထည့်ပေးလိုက်တာပါ …





မယုံမရှိပါနဲ့ တကယ်ပါ ဖေဖေ။ အဲဒါ တကယ့်အဖြစ်အပျက်ပါ၊ ကျွန်တော် ဖေဖေ့သား အစစ်ပါ။ မိန်းကလေးတွေကို တန်ဖိုးမထား၊ ဖျက်ဆီးတတ်တဲ့ကော ပါ။ ဒါကြောင့် အခုဝဋ်လည်နေပါပြီ ဖေဖေ။ ယုံပါ။ ကျွန်တော် တကယ်ပြောနေတာပါ"

ဖေဖေက သူ့ကို လှည့်ကြည့်ကာ မယုံကြည်နိုင်ခြင်းများစွာဖြင့် တုန်လှုပ်ချောက်ချားလာဟန် တူသည်။ ခေါင်းတွေကို တွင်တွင်ခါယမ်းကာ မဖြစ်နိုင်ဘူး ဟူသော စကားကို တစ်ခါတလဲလဲ ရွတ်လျက်ရှိ၏။ သူက ခေါင်းတွေကိုညိတ်လျက် …

"ဟုတ်ပါတယ် ဖေဖေ သာမန်အားဖြင့်တော့ ဖေဖေ ဘယ်လိုမှ မယုံနိုင်ဘူး ဆိုတာကို လက်ခံပါတယ်။ ဘယ်သူမှလဲ ယုံနိုင်မှာ မဟုတ်ဘူး …

အစတုန်းက ကျွန်တော့်ကိုယ် ကျွန်တော်တောင် မယုံနိုင်ခဲ့ပါဘူး။ ဒါပေမဲ့ ဒါတွေဟာ တကယ်ပါ ဖေဖေ။ လောကမှာ ကျွန်တော်တို့ လိုက်မမီနိုင်တဲ့ ကိစ္စတွေ အများကြီးရှိပါတယ် …



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေယုံအောင် ကျွန်တော်တို့ သားအဖတွေပဲသိတဲ့ လျှို့ဝှက်ချက်တစ်ခုကို ပြောပြရမလား။ ဖြူနုကို ကျွန်တော် မောင်းမတော်ထားသလို ထားဖို့ ဖေဖေ့ကို ကျွန်တော် အကြံပေးခဲ့တယ်လေ ...

ဖေဖေ အဲဒီတုန်းက ထားဖို့ စဉ်းစားရွေးချယ်ခဲ့တာ ရွှေလွှာပဲ မဟုတ်လား ဖေဖေရဲ့"

ဖေဖေ့ မျက်လုံးတွေက အဆမတန် ပြူးကျယ်သွားကာ သူ့ကို သရဲသဘက်အလား လှည့်လို့ကြည့်သည်။

"မင်း ... မင်း ... ဘာတွေလျှောက်ပြော"

သူက ဖေဖေ့ရဲ့ မျက်လုံးပြူး မျက်ဆန်ပြူးပုံစံကို သဘောကျစွာဖြင့် တစ်ချက်ရယ်ပြလိုက်လျှင် ဖေဖေက အဲဒီရယ်ပုံကို သရဲမက ရယ်ပြသည့်အလား ပို၍ထိတ်လန့်သွားဟန်ရှိသည်။

"ဒါကြောင့် ကျွန်တော် ဖေဖေ့ကို မေမေနဲ့ ပြန်လက်တွဲစေချင်တာပေါ့ ဖေဖေရာ။ ဒီကမ္ဘာပေါ်မှာ ဖေဖေ့အတွက် အသင့်တော်ဆုံး မိန်းမက မေမေပါပဲ ...





ကျွန်တော်ဟာ ရွှေလွှာ မဟုတ်ဘူး ဖေဖေ။ ဖေဖေနဲ့ ယူလို့လည်း လုံးဝမရပါဘူး"

"ဟာ ... ဟေ့ကောင်။ အဲ ... ရွှေလွှာ ... မင်း ... မင်း ဘာတွေ လျှောက်ပြော ..."

"ဖေဖေ အခု မေမေ့ဆီ သွားမှာနော်၊ သွားပါ။ ကျွန်တော် မေမေ့ဆီကိုလည်း ဒီခန္ဓာကိုယ်နဲ့ ရောက်ပြီးပါပြီ။ ပြောပြရင် မေမေ ဘယ်လိုမှ ယုံနိုင်မှာ မဟုတ်လို့ ဒီအတိုင်း ပြန်လာခဲ့ရတာပါ ...

ဒါပေမဲ့ အခုတော့ အားလုံးကို ဖွင့်ပြောဖို့ စိတ်ကူးပြီးပြီ ဖေဖေ ...

ကျွန်တော်ဟာ နေခြည်လင်းပိုင်ဖြစ်ကြောင်း၊ အားလုံးကို သက်သေပြနိုင်တယ် ...

ကျွန်တော် နေခြည်ပါ။ ရွှေလွှာ မဟုတ်ပါဘူး"

"တော်ပြီ ... တော်ပြီ ... ဆက်မပြောနဲ့တော့"

"ဖေဖေ ယုံကြည်လက်ခံပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ဘူး၊ လက်မခံဘူး၊ ဘာတွေလဲကွာ၊ အဓိပ္ပာယ်မရှိတဲ့ဟာတွေ၊ ရွှေလွှာက သေပြီ၊ နေခြည်က ဒီမှာ၊ ဟာ…"

စိတ်လှုပ်ရှားမှုပေါင်း များစွာဖြင့် ကားမောင်းလာခဲ့သော ဖေဖေသည် အရှိန်ကပြင်းစွာဖြင့် ကားကိုလည်း ဂရုတစိုက်မမောင်းသောအခါ မီးပွိုင့်က မီးနီတာကို သတိမပြုမိတော့ဘဲ ကားက မီးနီကို ဖြတ်ကျော်တက်သွားသည်။ ပြီးလျှင် တစ်ဖက်မှ အရှိန်ပြင်းပြင်းနှင့် ဆောင့်ထွက်လာသော ပြိုင်ကားတစ်စီးနှင့် ထိပ်တိုက်ဦးတည်ပြီးသား ဖြစ်လို့နေလျှင် သူ့မျက်စိတစ်ခုလုံး ပြာခနဲ ဖြစ်သွားရသည်။

အချိန်ဘယ်လောက်မှ မရဘူးနော် ဟူသော သတိပေးခေါင်းလောင်းသံများမှာ သူ့ဦးနှောက်ထဲတွင် ဆူညံသွားပြီးနောက် သူက အတတ်နိုင်ဆုံး စွမ်းဆောင်ချက်တစ်ခုကို စွမ်းဆောင်ပေးလိုက်သည်။ အဲဒါကတော့ ကြောင်ကာ အံ့သြနေသော ဖေဖေ့ရဲ့ ကားစင်တီရာတိုင်ကို တစ်ဖက်သို့ တွန်းပို့ပေးကာ သူ့ဘက်အခြမ်းနှင့် အတိုက်ခံလိုက်ခြင်းပဲ ဖြစ်ပါသည်။ သူ့လုပ်ဆောင်ချက်နှင့်





ဖြစ်ပွားမှုသည် စက္ကန့်လေးပဲ ခြားသည်ဟု ထင်သည်။ သူ့ဘေးဘက်ခြမ်းနှင့် ကားချင်းပွတ်တိုက်မိသံသည် ပို၍ခြိမ်းသံကြီးအလားညံသွား၏။

အဲဒီနောက်မှာတော့ အရာအားလုံးက အမှောင်ဖုံးလွှမ်းလို့ သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော ... သတိရလာပြီ ... သတိရလာပြီ"

ဘယ်သူ့အသံမှန်း မသိသော အသံတစ်ခုကို အရင်ကြားရသည်။ နားတွေက အလုပ်လုပ်နိုင်သော်လည်း သူ့မျက်လုံးတွေက ကောင်းကောင်း အလုပ်မလုပ်နိုင်သေးချေ။ ဖျတ်ခနဲ ဖွင့်မိချိန်မှာ ဝင်လာသော အလင်းရောင်စူးစူးကို ဒဏ်မခံနိုင်သောကြောင့် မျက်လုံးကို ပြန်ပိတ်လိုက်ရသည်။ "ဖြည်းဖြည်းမှဖွင့်" ဆိုသော အသံတစ်ခုကိုလည်း ကြားရသည်။ ပထမဆုံး သတိရမိတာက သူ ဘာလဲဆိုတာဖြစ်သည်။ သူဟာဘာလဲ ... ယောကျ်ားလား၊ မိန်းမလား။ အဲဒီ သိချင်စိတ်၏ တွန်းအားကြောင့် သူက မျက်လုံးကို ကမန်းကတန်း ဖွင့်ကြည့်သည်။ အဲဒီမှာ သူ့ကိုစိုးရိမ်တကြီး ကြည့်ရှုနေသော သူ့အမေရဲ့မျက်နှာကို တွေ့လိုက်ရသည်။





"မေ ... မေ"

"သား ...။ သား သတိရပြီနော်။ အမယ်လေး သားရယ်၊ မသေကောင်း မပျောက်ကောင်းပါပဲလား။ မေမေ့မှာ သား သတိရအောင် နေ့တိုင်း ဆုတောင်းနေရတာ"

သားတဲ့။ အဲဒီအသံက သူ့နားကျော့ထဲသို့ စိမ့်ဝင်သွားသည်။ သားဆိုတော့ သူဟာ သူပဲပေါ့။ ဟိုမိန်းကလေးခန္ဓာကိုယ်ထဲသို့ ရောက်နေတာ သူ မဟုတ်ဘူးပေါ့။ ဒါ ... ဒါဆိုရင် သူ Accident ဖြစ်တုန်းက သူနဲ့အတူ ပါလာခဲ့တဲ့ ဖြူနုရော...

"မေမေ ... ဟို သားနဲ့အတူပါလာတဲ့ ဖြူနု ရောဟင်"

"သားရယ် ... အဲဒီကလေးမလေး ဆုံးသွားပြီ"

"ဗျာ"

သူက အလန့်တကြား ထအော်မိသည်။ ဒါ ... ဒါဆိုရင် ...။ အဲဒီအချိန်မှာပဲ နောက်က ရောက်လာသော သူတစ်ယောက်ကို တွေ့လိုက်ရသည်။ အဲဒီလူကတော့ မျက်နှာမသာမယာနှင့် ရှိနေသည့် သူ့အဖေပဲ ဖြစ်လေသည်။ သူ့အဖေကိုမြင်သောအခါ သူက တစ်စုံတစ်ရာကို ချက်ချင်းသတိရသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွှေလွှာ ... ရွှေလွှာ ဆိုတဲ့ ကောင်မလေးဟာ သူ့အဖေရဲ့တကယ့် ပတ်သက်သူလား။ သူ ကားတိုက်ပြီး သတိလစ်မေ့မျောစဉ်မှာ ကြုံတွေ့ခဲ့ရသည့် အိပ်မက်လိုလို တကယ်လိုလို အဖြစ်အပျက်တွေကရော ဘာတွေလဲ။ ရွှေလွှာ ဆိုတာ အပြင်မှာ တကယ် ရှိသလား။

သူ အိပ်မက်ထဲမှာ တွေ့ခဲ့ရသည့် ရွှေလွှာဆိုတာ တကယ်ရှိသလား။ သူ အရမ်းသိချင်လာသည်။

"ဖေဖေ"

"ငါ့သား"

သူ့အဖေက သူ့အနားသို့ တိုးကပ်လာကာ သူ့လက်တွေကို နွေးထွေးစွာ ဖျစ်ညှစ်အားပေးသည်။

"ဖေဖေ ... ရွှေ ... ရွှေလွှာရောဟင်"

ရုတ်တရက် ဖေဖေ့မျက်နှာ သွေးဆုတ်သွားသည်။ သူ့ကိုကြည့်လာသော မျက်လုံးတွေထဲတွင် ထိတ်လန့်ချောက်ချားခြင်းတွေ ပါဝင်သည်။ သူက အဖေ့ရဲ့လက်ကို ဆွဲကိုင်လှုပ်ယမ်းကာ ...





"ဟင် ... ဖေဖေ၊ ရွှေလွှာကို ဖေဖေ သိတယ်မဟုတ်လား၊ သူ ... သူရော"

"ဆုံးသွားပြီ သား"

သူ့နှလုံးသားတစ်ခုလုံး ရုတ်တရက် အေးခဲသွားသလို ခံစားရသည်။ ပြီးတော့ အကြောက်တရားတစ်ခုက ရင်ထဲသို့ စိမ့်ဝင်ပျံ့နှံ့လို့ သွားလေသည်။ နောင်တနှင့် ကိုယ်ချင်းစာတရားဆိုသော အသိက သူ့တစ်ကိုယ်လုံးကို အကြီးကြီးပင် ဖိနှိပ်သွားတော့သည်။ သူ့အမေရဲ့လက်ကိုဆွဲကာ သူ့အဖေရဲ့လက်နှင့်ပါ တစ်ပါတည်း ကပ်ထားလိုက်တော့ရင်း ရင်ထဲက အလေးနက်ဆုံးစကားကို ဆိုမိလေသည်။

"ဖေဖေနဲ့ မေမေ။ ဘဝဆိုတာ မျက်စိတစ်မှိတ်အတွင်းမှာပဲ ပြောင်းလဲတတ်တယ်ဆိုတာ သား သိခဲ့ရပြီ။ ချစ်ခင်တဲ့ သူတွေနဲ့ နေရချိန်ဟာ ခဏလေးပါပဲဆိုတဲ့ စကားက အရမ်းမှန်ပါတယ်။ သား လိမ္မာပါတော့မယ်။ သားတို့ မိသားစု အတူတူ ပြန်နေရအောင်နော်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

သူ့အမေက မျက်ရည်များဖြင့် ပြုံးသလို၊ သူ့အဖေကလည်း အံကြိတ်ရင်း မသိမသာရှိုက်သည်။ ဘဝရဲ့လှပသောရောင်စဉ်တစ်ချက်က ဖျတ်ခနဲ လက်သွားသည်ဟု ထင်မိပါသည်။

**ဆုမြတ်မွန်မွန်**
18-9-2011
00:05(A.M)

BURMESE CLASSIC .com

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သဃ်န်းကျွန်းမြို့နယ်သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com